This is a trial edition prior to its formal edition.
We will be very grateful if you would give us your evaluation on its translation level.
Please, send us your opinion to baptism@bjnewlife.org

# ရောမသြဝါဒစာအခန်းကြီး (၁)ကို မိတ်ဆက်ခြင်း

ရောမမြို့သားများထံ တမန်တော်ကြီး ရှင်ပေါ်လုရေးသားသည့် သြဝါဒစာစောင်သည် သမ္မာကျမ်းစာ၏ ဘဏ္ဍာတိုက် သဖွယ်ဖော်ပြနိုင်သည်။ ရေနှင့်ဝိညာဉ်တော် ဧဝံဂေလိတရားတော်ကို ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအား မည်ကဲ့သို့ ရရှိနိုင်ကြောင်း အဓိက ဝေငှထား၏။ ရောမသြဝါဒစာသည် ရှင်ယာကုပ်သြဝါဒစာစောင်နှင့် နှိုင်းယှဉ်ကြည့်ပါက အချို့တို့သည် "နုတ်ကပတ် ဘဏ္ဍာတော်"ဟု ယခင်က အဓိပ္ပါယ်သတ်မှတ်၍ နောက်ပိုင်း တွင်မူ "ကောက်ရိုးနုတ်ကပတ်တရားများ" ဟုသတ်မှတ်ကြသည်။ မည်သို့ပင်ဖြစ် စေကာမူ ရောမသြဝါဒစာစောင် ကဲ့သို့ပင် ရှင်ယာကုပ်သြဝါဒစာစောင်သည် ဘုရားသခင်၏ နုတ်ကပတ်သမ္မာတရား ဖြစ်တော်မူ၏။ တခုတည်းသောခြား နားချက်ကား သမ္မာတရားသည် ဖြောင့်မတ်သောသူကို ဘုရားသခင်၏ အလို တော်အားဖြင့် အသက်ရှင်နေထိုင်ခွင့်ပေးတော်မူသောကြောင့် ရှင်ယာကုပ်သြဝါဒစာစောင်သည် တန်ဘိုးကြီးမားသကဲ့သို့ ရောမသြဝါဒစာစောင်ကလည်း သမ္မာကျမ်းစာတအုပ်လုံးကို ယေဘူယျခြုံငုံသုံးသပ်ချက်ပေးသောကြောင့် တန်ဘိုးကြီးမား၏။

## ပေါလုဆိုသူကား မည်သူနည်း

*"လူဇာတိအားဖြင့် ဒါဝိဒ်အမျိုးဖြစ်တော်မူထသော သေခြင်းမှ ထမြောက်တော်မူ၍ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် တန်ခိုးနှင့်တကွ ဘုရားသခင်၏ သားတော်ထင်ရှားဖြစ်တော်မူသော ငါတို့သခင် ယေရှုခရစ်တည်းဟူ သော မိမိသားတော်ကို အကြောင်းပြု၍*

*ဘုရားသခင်သည် ရှေးကမိမိပရောဖက်များအားဖြင့် သန့်ရှင်းသော ကျမ်းစာ၌ ဂတိထားတော်မူသော ဧဝံဂေလိ တရားကို ဟောစေခြင်းငှါ၊ ရွေးချယ်ခွဲထား၍ တမန်တော်အရာ၌ ခန့်ထားသော ယေရှုခရစ်၏ ကျွန်ငါပေါလုသည် ဘုရားသခင်ချစ်တော်မူ၍ သန့်ရှင်းသူအရာ၌ ခန့်ထားသော ရောမမြို့သူမြို့သား အပေါင်းတို့ကို ကြားလိုက်ပါ၏။ သခင်ယေရှု ခရစ်နှင့် ငါတို့အဘတည်း ဟူသော ဘုရားသခင်အထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။ သခင် ယေရှုခရစ်၏ နာမတော်ကို အမှီပြု၍ လူမျိုးအပေါင်းတို့သည် ယုံကြည်နားထောင်စေခြင်းငှါ၊ ထိုသခင်ထံ၌ ကျေးဇူးတော်နှင့် တမန်တော်အရာကို ငါတို့သည် သည်ခံရကြပြီ။ ထိုသခင်ခေါ် ထားတော်မူသော သင်တို့သည်လည်း ထိုလူမျိုးတို့၌ အပါအဝင်ဖြစ်ကြ၏။" (ရောမသြဝါဒစာ ၁း၁-၇)။*

ဤကျမ်းပိုဒ်တွင် ရောမမြို့ရှိ ခရစ်ယာန်များထံနုတ်ခွန်းဆက်သည့် စကားဟု ဆိုနိုင်ပါသည်။ပေါလုက ထိုသူတို့ထံ ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်းဖြစ်သော ယေရှုခရစ်၏ ချည်နှောင်ခြင်းခံရသော အစေခံကျွန်ကဲ့သို့ နုတ် ဆက်ခဲ့ပါသည်

အပိုဒ်ငယ်၌ ပေါလုကား မည်သူဖြစ်သနည်းဟု မေးမြန်းပြောဆို၏။ သူသည် ယုဒလူဖြစ် ၍ ဒမသက်မြို့သို့ သွားရာလမ်း၌ ရှင်ပြန်ထမြောက်ခဲ့သည့် ဘုရားသခင်အား တွေ့ရှိခဲ့၏။ သူသည် တပါးအမျိုးသားများ ဧဝံဂေလိတရား တော်ကို ဖြန့်ဝေရန် သခင်ဘုရား အသုံးပြုတော်မူ၍ ရွေးချယ်ခွဲခန့်ထားသော သူဖြစ်သည်။ (တမန်တော်ဝတ္ထု ၉း၁၅)

## ပေါလုသည်ဓမ္မဟောင်းကျမ်းဆိုင်ရာယဇ်ပူဇော်ခြင်းနှင့်အနာဂတ္တိစကားတို့ကိုအခြေခံ၍စစ်မှန်သောဧဝံဂေလိတရားအားဖြန့်ဝေခဲ့သည်

အပိုဒ်၂ ၌ တမန်တော်ပေါလုသည် ဓမ္မဟောင်းကျမ်းနှုတ်ကပတ်တရားတော်ကို အခြေခံ၍ ဧဝံဂေလိတရားတော်ကို ဖြန့်ဝေခဲ့၏။ သူက ဘုရား

သခင်၏ ဧဝံဂေလိတရားအား နှုတ်ကပတ်သမ္မာကျမ်းစာ၌ ပရောဖက်များအားဖြင့် ယခင်က ကတိတော်ပေးခဲ့သကဲ့သို့ အဓိပ္ပါယ်ဖွင့်ဆိုထားသည် ဤကျမ်းပိုဒ် အားဖြင့် ပေါလုသည် ဓမ္မဟောင်းခေတ်က ယဇ်ပူဇော်ခြင်းနည်းကို အခြေခံပြော ခဲ့သည်ကို တွေ့ရှိရ၏။ ထို့အပြင် အပိုဒ်ငယ် ၂ ၌ ညွှန်ပြသည်မှာ ပေါလုသည် သတင်းကောင်းအမှုထမ်းဆောင်ရန် ရွေးချယ်ခြင်းခံရသည်။

"*နှုတ်ကပတ်သမ္မာကျမ်းစာ၌ ပရောဖက်များအားဖြင့်* " ဆိုသည့်စကား ရပ်သည် ဓမ္မဟောင်းကျမ်း၌ အနာဂတ္တိစကားများနှင့် ယဇ်ပူဇော်ခြင်းတို့တွင် တွေ့ရသည် ယေရှုခရစ်ကို စေလွှတ်ရန် ဘုရားသခင်၏ ကတိတော်ဟု အဓိပ္ပါယ် သက်ရောက် စေနိုင်သည်။ မောရှေ၊ ဟေရှာယ၊ ယေဇကျေလ၊ ယေရမိနှင့်ဒံယေလ တို့အပါအဝင် ပရောဖက်အားလုံးတို့သည် ဤလောကသို့ သခင်ယေရှုခရစ် ကြွဆင်းလာမည့်အကြောင်းနှင့် တလောကလုံး၏ အပြစ်များအား သူ့အပေါ်တင် ဆောင်ပြီးနောက် လက်ဝါးကပ်တိုင်တွင် အသေခံတော် မူမည့်အကြောင်း သက် သေခံခဲ့ကြသည်။

တမန်တော်ရှင်ပေါလု မိန့်ကြားခဲ့သည့် ဧဝံဂေလိတရားတော်ကား အဘယ်အရာနည်း။ သူသည် ဘုရားသခင်၏ သားတော်ယေရှုခရစ်၏အကြောင်း ပြောကြားသည့်ရေနှင့် သန့်ရှင်းသော ဝိညာဉ်တော် ဧဝံဂေလိတရားကို ဟောကြားခဲ့၏။

အချို့လူတို့က ဓမ္မဟောင်းများစကားသည် ဆုံးခန်းတိုင်ခဲ့ပြီဖြစ်ကြောင်း အခြားသူများကလည်းအလား တူပင် ရှင်မဿဲခရစ်ဝင်ကျမ်း ၁း၁မှ နုတ်တော်ထွက်စကားကို သက်သေသာဓက အဖြစ်ယူကာ ပြောလေ့ရှိကြသည်။ ထင်ရှား ကျော်ကြားသော ဧဝံဂေလိဆရာအချို့တို့ကလည်း ဓမ္မဟောင်းကျမ်းတအုပ်လုံး ကိုပင် လစ်လျှူရှုထားကြသည်။

မည်သို့ပင်ဖြစ်စေ ထာဝရဘုရားသည် ကျွန်ုပ်တို့ထံ ဓမ္မဟောင်းကျမ်း အားဖြင့် ဂတိတော်ပေးခဲ့ပြီး ထိုဂတိတော်ကို ဓမ္မသစ်ကျမ်း၌ ယေရှုခရစ်အားဖြင့် လောက၌ ဓမ္မဟောင်းကျမ်းမပါဘဲ ဓမ္မသစ်ကျမ်း၌ ယေရှုခရစ်အားညဖင့် ပြည့်စုံ စေတော်မူ၏။ ထိုကြောင့် ယုံကြည်ခြင်းလောက၌ ဓမ္မဟောင်းကျမ်းမပါဘဲ ဓမ္မသစ် ကျမ်းမတည်ရှိနိုင်ပါ။

ထိုနည်းတူ ဓမ္မဟောင်းကျမ်းစာကားရပ်တို့သည် ဓမ္မသစ် ကျမ်းစကားမပါဘဲ စုံလင်ခြင်းသို့မရောက်နိုင်။

တမန်တော်ရှင်ပေါလုကား ဘုရားသခင်၏ ဧဝံဂေလိတရားတော်အတွက် ရွေးချယ်ခွဲခန့်ထား၏။ သို့ဖြစ်ရကား မေးစရာတခုကား သူသည်မည်သည့် ဧဝံဂေလိတရားမျိုးကို ဟောကြားခဲ့သနည်း ဟူ၍ဖြစ်သည်။ သူဟောကြားသည့် အချက်ကား ဓမ္မဟောင်းကျမ်းစာကို အခြေခံ၍ ယေရှုခရစ်သည် ရေနှင့်ဝိညာဉ် တော် သတင်းကောင်းအားဖြင့် ဤလောကသို့ ကြွဆင်းတော်မူပြီးလျှင် အပြစ် အားလုံးတို့မှ ကျွန်ုပ်တို့ကို ကယ်နုတ်ခဲ့၏။ထို့ကြောင့် ရေနှင့်ဝိညာဉ်တော် သတင်း ကောင်းတရားကို ကြားသည့်အခါတိုင်း ဓမ္မဟောင်းကျမ်း၏ အနာဂတ္တံစကားနှင့် ယဇ်ပူဇော်ခြင်းဆိုင်ရာ နည်းစနစ်တို့ကို အခြေခံသင့်သည်။ ထိုမှသာ လူများကရေ နှင့်ဝိညာဉ်တော် ဧဝံဂေလိတရားတော်ကို ယုံကြည်လာပါလိမ့်မည်။ ထိုအပြင် ဓမ္မသစ်ကျမ်းသည် ဓမ္မာဟောင်းကျမ်း၏ ဂတိတော်စုံလင်ခြင်း ကျမ်းဖြစ်ကြောင်း ယုံကြည်လိမ့်မည်။

ဓမ္မသစ်ကျမ်းအစတွင် သခင်ယေရှုသည် ယောဟန်ထံမှရရှိသော ဗတ္တိဇံနှင့် လက်ဝါးကပ်တိုင်အပေါ် သူ၏အသွေးတော်မြတ်အကြောင်း အထူးပြုထားသည်ကို တွေ့ရှိရသည် ဓမ္မဟောင်းကျမ်းတွင် အဓိကအချက်အချာဖြစ်သော ယဇ်ပူဇော်ခြင်းသည် အပြစ်သားအတွက် ရွေးနှုတ်ကယ်တင်ခြင်းနည်းပင်ဖြစ်သည်။ အပြစ်ဖြေရာ ပူဇော်သောယဇ်ကောင်၏ ဦးခေါင်းပေါ်တွင်သူ၊ သူမ၏လက် တင်ခြင်းအားဖြင့်၄င်း၊ အပြစ်များမှ ခွင့်လွှတ်ရန်၄င်းအား အသွေးသွန်းပြီး သေ သည်အထိပြုလုပ်ခြင်းဖြင့်၄င်း၊ သူ၊သူမ၏ ဒုစရိုက်အပြစ်အား သူ၊သူမက လွှန် သွားစေရ၏။

ထိုနောက် ဓမ္မဟောင်းကျမ်း၌ အပြစ်မှ ရွေးနုတ်ကယ်တင်ရန်အတွက် ယဇ်ကောင်၏အသွေးနှင့် လက်တင်ခြင်းရှိခဲ့ပါက ဓမ္မသစ်ကျမ်းတွင်မူ မည်သည့် အရာရှိပါသနည်း။ သခင်ယေရှုက ဗတ္တိဇံခံယူခြင်းနှင့် လက်ဝါးကပ်တိုင်အပေါ် အသွေးတော်မြတ်ရှိပါ၏။ ထိုအပြင် ဓမ္မဟောင်းကျမ်းတွင် ဖော်ပြထားသော ယဇ်ပု ရောဟိတ်အကြီးအကဲ (ဝတ်ပြုရာကျမ်း ၁၆း၂၁)သည် ဓမ္မသစ်ကျမ်း၌ ဗတ္တိဇံဆရာ

ယောဟန်နှင့်တန်းတူဖြစ်သည်။

အပိုဒ်ငယ် ၃ နှင့် ၄ တို့က ယေရှုသည် မည်ကဲ့သို့သော လူအမျိုးအစား ဖြစ်ပါသနည်းဟူသော မေးခွန်း အကြောင်းကြားပြောထားသည်။ ဤအပိုဒ် ငယ်တို့က သူ၏မျိုးရိုးစဉ်ဆက်အကျင့် စရိုက်အားရှင်းလင်း ဖော်ပြ၏။ ယေရှု ခရစ်သည် လူဇာတိအားဖြင့် ဒါဝိတ်၏ မျိုးရိုးမှ ဆင်းသက်တော်မူပြီးလျှင် ဝိညာဉ် တော်သန့်ရှင်းခြင်းဖြင့် ဖွားမြင်တော်မူ၏။ သူသည်သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်ကြောင့် ဘုရားသခင်၏ သားတော်ဟု သမုတ်ခြင်းခံရ၏။ ထိုကြောင့်င် သူကိုယုံကြည်သော သူများအား ရေနှင့်အသွေးတော်မြတ်ပေးဆပ် တော်မူခြင်းအားဖြင့် သူသည် ကယ်တင်ရှင်ဖြစ်လာခဲ့သည်။ ယေရှုခရစ်တော်သည် ကယ်တင်ခြင်းအရှင် ဘုရားသော်၄င်း၊ ဘုရင်ကာတို့၏ ဘုရင်သော်၄င်း၊ ယုံကြည် သူများထံကောင်းကင်ဘုံ ယဇ်ပုရောဟိတ် အကြီးအကဲဖြစ်လာခဲ့သည်။

အချို့ခရစ်ယာန် သီအော်လော်ဂျီများတွင် ယေရှု၏ဘုရားဖြစ်တော်မူခြင်းကို ငြင်းပယ်ထား၏။ ထိုသီအော်လော်ဂျီတို့က“သူသည်ထင်ရှားကျော်ကြားသောလူငယ်တဦးမျှသာဖြစ်သည်”ဟုဆိုကြ၏။ ထို့အပြင် ခေတ်သစ် သီအော်လော်ဂျီအရ“ကယ်တင်ခြင်းသည် ဘာသာတရား တိုင်းတွင် ရှိကြ၏”ဟု ဖော်ပြပါရှိ သည်။ ထို့ကြောင့် လစ်ဘရယ် ကျမ်းစာသင်တန်းကောင်းများတွင် လူတို့က အလေးအနက်ပြောဆိုသည်ကား သူတို့သည် မန်းမှုတ်သည့်အယူဝါဒ၊ ဗုဒ္ဓအယူဝါဒ၊ ကာသိုလိပ်အယူဝါဒနှင့် ကမ္ဘာပေါ်ရှိ ဘာသာတရား အယူဝါဒအားလုံးတို့ကို လက်ခံယုံကြည်စရာရှိသည် ဟူ၍ ဖြစ်သည်။ အမည်ခံ လစ်ဘရယ် သီအော်လော်ဂျီ သို့မဟုတ် ခေတ်သစ်သီအော်လော်ဂျီတို့ဆိုသည်ကား အရာရာတိုင်းကို လေးစာသမုပြုသင့်သည် ထိုမှသာ လူသားအားလုံး စည်းလုံးပြီးတခုတစည်းတည်းဖြစ်လာကြ မည်ဟူ၍ ဖြစ်သည်။

သို့သော်ငြားလည်း သမ္မာကျမ်းစာတော်မြတ်၌ ရှင်းလင်းစွာ မိန့်ဆိုထားသည်ကာ အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို

ဖန်ဆင်း တော်မူ၏ ဟူ၍ဖြစ်သည်။ ထိုနောက် ထိုဘုရားသခင်ကား မည်သူနည်း။ ထိုသူ ကား ယေရှုခရစ်တော်ပင်ဖြစ်သည်။ "ခရစ်တော်" ဟူသည့်နာမတော်ကား ဆီနှင့် ဘိသိက်ခံရသောသူ ဟုဆိုလိုသည်။ဓမ္မဟောင်းကျမ်း၌ ရှင်ဘုရင်တစ်ပါး သို့မ ဟုတ် ပရောဖက်တမ်းပါးသည် သူ၏ဦးခေါင်းပေါ်၌ ယဇ်ပုရောဟိတ် အကြီးအကဲမှ ဆီလူးဘိသိက်ပေးလေ့ရှိသည်။ ထို့ကြောင့် ယေရှုအား ဘုရင်သည် ဘုရားသခင်ဖြစ် တော်မူကြောင်းကို ငြင်းဆန်သောသူတို့သည် ဘုရားသခင်အား ယုံ ကြည်သူမဖြစ်နိုင်။

ယခုခေတ်တွင် ကမ္ဘာတဝှမ်းလုံးရှိ လူများ၏ ယုံကြည်ခြင်းသည် ဘာသာ စုံအယူဝါဒကို အခြေခံ၍ ဂိုဏ်းကဏ္ဍပေါင်းစည်းရေး အယူဝါဒသို့ နောက်ပြန် ဆွဲနေကြသည်။ ဗုဒ္ဓဝါဒနှင့် ကွန်ဖြူးရှယ် အယူဝါဒတို့ကဲ့သို့သော မစ္ဆာဒိဋ္ဌိအယူ ဝါဒတို့မှ ပစ္စည်းပစ္စယတို့ကို စုစည်းကာ ဝတ်ပြုကိုးကါယ် ချီးမွမ်းထောမနာပြုကြ သည်။ သူတို့သည် တခါတခါ၌ ဗုဒ္ဓဘာသာဝင်တို့၏ နည်းနိသျှအတိုင်း ဝတ်ပြု ကိုးကွယ်၍ ကျမ်းသောအချိန်များတွင် ခရစ်ယာန်တို့ကဲ့သို့ လုပ်ဆောင်တတ်ကြ ၏။ သူတို့သည် မတူသောအစားအစာ နှစ်မျိုးအား မြိန်စေလိုပါလိမ့်မည်။ မည်သို့ ပင်ဖြစ်စေ ယုံကြည်ခြင်း ရောက်လာသောအခါ ပို၍သန့်ရှင်းပြီး ပို၍ကောင်းလာ လေလေဖြစ်သည်။

အပိုဒ်ငယ် ၃ နှင့် ၄ တို့၌ရှိသော ယေရှုကားမည်သူနည်း။ ဟူသည်မေး ခွန်း၏ အဖြေကားသူသည် သေခြင်းမှရှင်ပြန်ထမြောက်သည့် တန်ခိုးတော်အားဖြင့် ဘုရားသခင်၏ သားတော်တစ်ပါးဟု အသိအမှတ်ပြုခြင်း ခံရသော သူဖြစ် တော်၏။ ခရစ်တောသ်ည် ကျွနု်ပ်တို့အတွက် ကယ်တင်ရှင် သခင်ဖြစ်လာခဲ့သည်။

အပိုဒ်ငယ် ၅ နှင့် ၆ တို့ကပေါလုသည် ဘုရားသခင်အားဖြင့် အဘယ်ကဲ့သို့ တမန်တော်ဖြစ် လာခဲ့ကြောင်း ပြောကြားထားသည်။ သူသည်တပါးအမျိုး သားများထံ ဧဝံဂေလိတရားတော် ဟောကြားဝေငှရန် သက်သေတပါးဖြစ် လာခဲ့ သည်။ ထိုမှသာ သူတို့သည် ယေရှုခရစ်အား ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်း လက်ခံရရှိနိုင်မည် ဖြစ်သည်။

## တမန်တော်ကြီး ရှင်ပေါလုက မည်သည့်သြဇာအာဏာမျိုးရှိသနည်း

အပိုဒ်ငယ် ၇ ၌ ရေးထားသည့်အတိုင်း တမန်တော်ပေါလုသည် ဘုရားသခင်၏ နာမတော်အားဖြင့် ယေရှုအား ယုံကြည်သူများကို ကောင်းကြီးပေးရန် အခွင်အာဏာရှိခဲ့၏။ တမန်တော်တစ်ဦး၏ သြဇာအာဏာကား ယေရှုခရစ်၏ နာမတော်အားဖြင့် လူတိုင်းအား ကောင်းကြီးမင်္ဂလာအပ်နှင်းရန် ဝိညာဉ်အခွင့် အာဏာ တန်ခိုးဖြစ်သည်။

ထို့ကြောင့် ပေါလုက"*သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူသော ဘုရားသခင်အထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော*"ဟူ၍ မြွက်ဆိုနိုင်ခဲ့သည်။

ဤနေရာတွင် ကောင်းကြီးပေးခြင်းအကြောင်း နောက်ထပ်အနည်းငယ် ဆင်ခြင်းလိုပါသည်။ တမန်တော်ကြီး ရှင်ပေါလုက လူများအတွက် ကောင်းကြီး ပြုရန် တန်ခိုးအာဏာရှိခဲ့ဟုန်တူသည်။ တနင်္ဂနွေနေ့ ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်ပြီးဆုံးတိုင် ကောင်းကြီးပေခြင်းအားဖြင့် အစည်းအဝေး ရုပ်သိမ်းလေ့ရှိသည် ဘုရားသခင်က ဤကဲ့သို့သော ကောင်းကြီးမင်္ဂလာများအား ယုံကြည်သူများ ထံပေးအပ်ရန် အလိုရှိတော်မူသည်။ ကောင်းကြီးမင်္ဂလာစကား၏ မူရင်းကား အောက်ပါအတိုင်းဖြစ်သည်။

တောလည်ရာကျမ်း ၆း၂၂ နှင့်အစပြုကြပါစို့။"*တဖန်မောရှေအား ထာဝရဘုရားက သင်သည် အာရုန်နှင့်သူ၏ သားတို့အားဆင်ဆိုရမည်မှာ သင်တို့သည် ဣသရေလအမျိုးသားတို့အား ကောင်းကြီးပေး၍ စောင့်မတော်မူ ပါစေသော် ထာဝရဘုရားသည်သင်၌ မျက်နှာတော် အလင်းကို လွှတ်၍ကရုဏာ ကျေးဇူးပြုတော်မူပါစေသော်*"။

ယဇ်ပရောဟိတ်အကြီးအကဲ အာရုန်နှင့်သာ၏ သားများဆင့်ဆိုသည် ကား *ဤအရာသည် ဣသရေလအမျိုးသားတို့အပေါ် ကောင်းကြီးပေးရမည့်နည်း လမ်းဖြစ်သည်။* သူတို့သည် ဤနည်းအားဖြင့်

ဏ္ဍသရေလလူတို့ကို ကောင်းကြီး ပေးခဲ့ပါက သမ္မာကျမ်းစာ၌ မိန့်တော်မူသည့်အတိုင်း ဘုရားသခင်သည် ထိုသူတို့ ကို အမှန်ပင်ကောင်းကြီးပေးတော်မူလိမ့်မည်။ ပေါလု၏ သြဝါဒစာအားလုံးတို့ကို ကြည့်ပါက "ကျွန်ုပ်တို့ဘုရားသခင်၏ ကဂုဏာတော်သည် သင်တို့နှင့်အတူရှိ ပါစေသော" ဟူ၍မကြာခဏ ပြောလေ့ရှိသည် ကိုတွေ့ရသည်။ ဤအရာက ကောင်းကြီး မင်္ဂလာများအား ဝေပေးသောသူသည် သူကိုယ်တိုင်မဟုတ်ခဲ့ကြောင်း ညွှန်ပြပေ၏။ ထိုကြောင့် တမန်တော်မူသည့် သူကားဘုရားသခင်ပေးတည်း။ ထို့ကြောင့်တမန်တော်ကြီး ရှင်ပေါလုသည် သူ၏ရောမသြဝါဒစာစောင်ပြီးဆုံး သည်နှင့် သန့်ရှင်းသူများအား အမြဲကောင်းကြီးပေးလေ့ရှိသည်။

ပေါလုသည် ဘုရားလူများထံ ကောင်းကြီးမင်္ဂလာ အားချပေးရန် အခွင့် အာဏာရှိခဲ့သည်။ ဤအခွင့်အာဏာသည် ခရစ်ယာန်အမှုတော်ဆောင် အ ယောက်တိုင်း၌ အပ်ပေးတော်မူခြင်း မရှိပေ။ ထိုအစားယင်းအား ဘုရားသခင်၏ အစေခံကျွန်တို့၌သာ အပ်ပေးလေ့ရှိသည်။ ဘုရား၏ အစေခံကျွန်တို့က ကောင်း ကြီးချပေးသည့်အခါ ပြောကြားလေ့ရှိကြသည်မှာ သူတို့သည် အမှန်ပင်ကောင်း ကြီးမင်္ဂလာများအား ချပေးလိုကြသည်ဟူ၍ ဖြစ်သည်။ ထိုနောက် ဘုရားသခင် သည် ကောင်းကြီးပေးခဲ့သည့်အတိုင်း ထိုသူတို့အား အမှန်ပင်ကောင်းကြီးများ အခွင့်ပြုတော်မူ၏။

ဘုရားသခင်သည် ကောင်းကင်တန်းခိုးအာဏာအား သူ၏အစေခံ ကျွန်များထံသာမက ဒုတိယမွေးဖွားခြင်း ခံရသူယုံကြည်သူအားလုံး တို့ကိုပါပေး တော်မူသည်။ ထာဝရဘုရားက '*အကြင်သူ၏အပြစ်ကို သင်တို့လွှတ်လျှင် ထိုသူ သည် အပြစ်လွှတ်လျက်ရှိ၏*"ဟု မိန့်တော်မူသည်။ (ရှင်ယောဟန်ခရစ်ဝင် ၂၀း၂၃) သူသည်ဖြောင့်မတ်သောသူအားလုံးတို့အပေါ် ထိုသြဇာအာဏာမျိုးအား ခွင့်ပြုတော်မူ၏။ ထိုကြောင့် ဒုတိယမွေးခြင်းခံရသော သူများသို့မဟုတ် သူ၏ အစေခံကျွန်များအား ဆန့်ကျင်ကြရန် သတိထားသင့်သည်။ အဘယ်ကြောင့်ဆိုသော်ယင်းသည် ထာဝရဘုရားသခင်အား ဆန့်ကျင်ခြင်းနှင့် တူညီနေသည်။ ဘုရားသခင်သည် သူ၏လူများအား ကောင်းကြီးမင်္ဂလာချပေးစေရန်နှင့် ကျိန်ဆဲခြင်း

အမင်္ဂလာပေးရန် အခွင့်ပေးတော်မူသည်။

## တမန်တော်ကြီး ရှင်ပေါလုသည် သန့်ရှင်းသူများထံ ဝိညာဉ်ဆုကျေးဇူးအား ဖြန့်ဝေရန် ဆန္ဒရှိသူဖြစ်သည်

ရောမသြဝါဒစာ ၁း၈-၁၂ကို ဖတ်ကြပါစို့။ *"သင်တို့၏ ယုံကြည်ခြင်းအရာ သည် မြေတပြင်လုံး၌ အနှံ့အပြားကျော်စောသည်ဖြစ်၍၊ သင်တို့အကြောင်းကြောင့် ယေရှုခရစ်အားဖြင့် ငါ၏လဘုရားသခင်ကျေးဇူးတော်ကို ရှေ့ဦးစွာ ငါချီးမွမ်း၏ ငါသည်သင်တို့ကို မခြားမလပ်အောက်မေ့၍ အစဉ်မပြတ်ဆု တောင်းပေး ပဌနာပြုသည်ဟု သားတော်၏ ဧဝံဂေလိတရားတို့ဟောလျက်၊ အမှု တော်ကို စိတ်ဝိညာဉ်နှင့်တကွ ငါဆောင်ရွက်၍ ငါကိုးကွယ်သော ဘုရားသခင် သည် ငါ၏သက်သေခံဖြစ်တော်မူ၏။ မကြာမမြင့်မီ ဘုရားသခင် အလိုတော်အားဖြင့် အဆင့်သင့်၍၊ သင်တို့ရှိရာသို့ ငါလာရသော အခွင့်တစုံတခုရှိပါမည်အကြောင်း ဆုတောင်းပဌနာပြု၏။ သင်တို့သည် မြဲမြုံခိုင်ခံ့မည်အကြောင်း၊ ငါသည် သင်တို့၌ဝိညာဉ်ဆုကျေးဇူး တစုံတခုကို အပ်ပေးခြင်းငှါ၊ သင်တို့ကို အလွန်တွေ့မြင်ချင်ပါ၏။ ထိုသို့ဆိုသော် ငါနှင့်သင်တို့သည် ယုံကြည်သော အားဖြင့်အချင်းချင်းအားရသက်သာခြင်းသို့ရောက်မည်အကြောင်းကိုဆိုလိုသတည်း"*။

ပထမဦးစွာ တမန်တော်ရှင်ပေါလုသည် မည်သည့်အတွက်ကြောင့် ဘုရားသခင်အား ကျေးဇူးတင်ရှိ သနည်း။ သူသည် ရောမမြို့ ၌ရှိသော ခရစ်ယာန် များအတွက်ကြောင့် ကျေးဇူးတော်ချီးမွမ်း၏။အကြောင်းမှာ ထိုသူတို့သည် ယေရှုအား ယုံကြည်ကြ၍ သူတို့အားဖြင့် ဧဝံဂေလိတရားတော်သည် အခြားသူများထံ ဟောကြားရကြသည်။

အပိုဒ်ငယ် ၅ နှင့် ၁၀တို့တွင် "သူ၏သာသနာခရီးစဉ်အတွင်း အဘယ်ကြောင့်ပေါလုသည် ရောမမြို့သို့ ခရီးထွက်ချင်ခဲ့သနည်းဟု

မေးကောင်းမေးနိုင်ပါသည်။ အကြောင်းရင်မှာ ထိုအချိန်တွင် ရောမမြို့၌ရေနှင့်ဝိ ညာဉ်တော် ဧဝံဂေလိတရားတော်အာ ဟောကြားခဲ့ပါက ယင်းသည် တလောကလုံးသို့ ပြန့်နှံ့ နေမည်ဖြစ်သည်။ ယနေ့တကမ္ဘာလုံးက အမေရိကန်နိုင်ငံကို ကြည့်နေသကဲ့သို ရှေးခေတ်အခါက ရောမမြို့သည် လမ်းဆုံ လမ်းခွဖြစ်၍ ဗဟိုအချက်အချာကျသည်။

ကျွန်ုပ်တို့သည် အမေရိကန်နိုင်ငံ၌ သတင်းကောင်းဟောကြားဝေငှခြင်း အလုပ်အားများစွာ လုပ်ဆောင်နေသည်။ အမေရိကန်နိုင်ငံ၌ ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော် ဧဝံဂေလိတရားတော်ကို ဖြန့်ဝေပါက သာသနာအမှုတော် ဆောင်များစွာ ပေါ်ထွက်လာမည်ဖြစ်ပြီး အခြားသူများထံ လှုပသော သတင်းကောင်း ဟောကြားရန် ကမ္ဘာတဝှမ်းလုံး၌ ခြေဆန့်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ပေါလုသည် ရောမမြို့သို့ ခရီးဆို ရောက်ချင်ခဲ့၏။

## ပေါလုမိန့်ကြားသည့် ဝိညာဉ်ဆုကျေးဇူး

အပိုဒ်ငယ် ၁၁ ၌"*သင်တို့သည် မြဲမြံခိုင်ခံမည်အကြောင်း၊ ငါသည် သင်တို့၌ ဝိညာဉ်ဆုကျေးဇူး တစုံတခုကို အပ်ပေးခြင်းငှါ၊ သင်တို့ကို အလွန်တွေ့ မြင်ချင်ပါ၏*" ဟုရေးသားထားသည်။

တမန်တော်ရှင်ပေါလုက လူတို့အား မြဲမြံခိုင်ခံမည့်အကြောင်း၊ သင်တို့၌ ဝိညာဉ်ဆုကျေးဇူးတစုံတခုကို အပ်ပေးမည်ဟု ပြောကြားခြင်း၏ အဓိပ္ပါယ်ဆိုလို ရင်းကား အဘယ်နည်း။ သူပြောကြားသည့် ဝိညာဉ်တော် ဧဝံဂေလိတရား ပင်ဖြစ်သည်။ အပိုဒ်ငယ် ၁၂ ၌ "*ထိုသို့ဆိုသော် ငါနှင့်သင်တို့သည် ယုံကြည် သောအားဖြင့် အချင်းချင်းအားရသက်သာခြင်းသို့ ရောက်ကြမည်အကြောင်းကို ဆိုလိုသတည်း*"ဟု ရေးသားထားသည်။ မန့်ကြားသည်ကား ဝိညာဉ်ဆုကျေးဇူး သည် မြဲမြံခိုင်စေရန် အချို့လူတို့ထံ အပ်ပေးရမည်ဖြစ်ပြီး ပေါလုနှင့် ထိုသူတို့သည် ယုံကြည်ခြင်းနှင့် အချင်းချင်းအားပေးနှစ်ပသိမ့်စေရန်

ဖြစ်သည်။ ထိုအရာကား ရေနှင့်ဝိညာဉ်တော် ဧဝံဂေလိတရားတော်ကို ဟောကြားခြင်းအားဖြင့် ဖြစ်သည်။ ပေါလုသည် လူတို့အား အနားယူခြင်းသော်၎င်း၊ အားပေးနှစ်သိမ့်ခြင်းသော်၎င်း ကောင်းကြီးခံစားကြရန်သော်၎င်း၊ တူညီသော ယုံကြည်ခြင်းတွင် မိတ်သဟာယဖွဲ့ ခြင်း ရှိကြရန်သော်၎င်း အလိုရှိခဲ့သည်။

တမန်တော် ရှင်ပေါလု၏ မိန့်မှာချက်အတိုင်းသူသည် ထိုသူတို့ထံ အပြန်အလှန်ယုံကြည်ခြင်းအားဖြင့် အချင်းချင်းအားပေး နှစ်သိမ်ခြင်းရှိစေရန် ဆန္ဒရှိခဲ့၏။ ထိုပြင်သူသည်ရောမမြို့အသင်းတော်သို့ ရေနှင့်ဝိညာဉ်တော် ဧဝံဂေလိတရားအား ဟောကြားရန် အာသီသရှိခဲ့သည်။ ယခုတွင် ကျွန်ုပ်တို့အသင်းသားများသည် ရေနှင့်ဝိညာဉ်တော် ဧဝံဂေလိတရားကို ခိုင်မြဲစွာနားလည်ယုံကြည်ထားကြသည်။ သို့သော် ကွယ်လွန်သည့် အချိန်နှင့်အမျှ စစ်မှန်သော ဧဝံဂေလိတရားတော်ကို မယုံကြည်သည့် သာမာန်ခရစ်ယာန်အချို့တို့ ပေါ်ပေါက် လာနိုင်သည်။ ဤနည်းဖြင့် ရောမမြို့အသင်းတော်သည် ဧဝံဂေလိတရားအား ပြန်လည်အားသစ်စေရန် လိုပါလိမ့်မည်။

ထိုကြောင့် တမန်တော်ရှင်ပေါလု မိန့်ကြားသည်ကားသူ၌ အပြန်အလှန်ယုံကြည်ခြင်းအားဖြင့် အားပေးနှစ်သိမ့်ရလိမ့်မည်ဖြစ်ကြောင်းပင်ဖြစ်သည်။ စစ်စစ် ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်ရှေ့ အားပေးနှစ်သိမ့်မှုကို ရရှိကြသည်။ ကျွန်ုပ်တို့နှလုံးသားသည် ငြိမ်သက်ခြင်း၌ အနားယူပြီး ရေနှင့် ဝိညာဉ်တော် ဧဝံဂေလိတရားတော်အား ယုံကြည်ခြင်းအတွက် ကျေးဇူးတော် ချီးမွမ်းရသည်။ ရေနှင့်ဝိညာဉ်တော် ဧဝံဂေလိတ ရားမပါဘဲ ငြိမ်းချမ်းခြင်း၌ အနားယူနိုင်ရန် မဖြစ်ချေ။

ထို့အပြင် *“ငါသည် သင်တို့၌ ဝိညာဉ်ဆုကျေးဇူးတစုံတခုကို အပ်ပေးခြင်းငှါ၊ သင်တို့ကို အလွန်တွေ့မြင်ချင်ပါ၏”* ဟူ၍သားထားပါသည်။ ထိုဝိညာဉ် ဆုကျေးဇူးကား ရေနှင့်ဝိညာဉ်တော် ဧဝံဂေလိတရားဖြစ်တော်မူ၏။ လူသည်ရေ နှင့်ဝိညာဉ်တော် ဧဝံဂေလိတရား ယုံကြည်မှသာ ဘုရားသခင်၏ သား၊သမီးဖြစ်နိုင် ကြပြီး ကောင်းကြီးများလည်း ခံစားရရှိနိုင်သည်။

မည်သို့ပင်ဖြစ်စေ ယေရှုအား အနည်းငယ်မျှသာ

ယုံကြည်ပါသော်လည်း ရေနှင့် ဝိညာဉ်တော် ဧဝံဂေလိတရားတော်အား မသိရှိပါက ကောင်းမွန်ဖြောင့် မှန်စွာ အသက်ရှင်နေထိုင်ခြင်း၊ မကောင်းမှုကို မလုပ်ဘဲ ဆေးလိပ်၊ အရက်ဖြတ် ခြင်းအပြင် သစ္စာရှိရှိ နေထိုင်ခြင်းတို့သည် အဘယ်အကျိုးရှိပါသနည်း။ သူတို့၏ အကျင့်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် မည်သို့မျှမစပ်ဆိုင်ပေ။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် ထိုလူသားများထက် ကြီးမြတ်ပေး၏။ လူများအား ဘုရားကျောင်းသို့ ခေါ်ဆောင်လာခြင်းသည် လွယ်ကူ၏ သို့သော် ယုံကြည် သူအသစ်များထံ ရေနှင့်ဝိညာဉ်တော် ဧဝံဂေလိတရားအား ဟောပြောခြင်းသည် ပို၍အရေးပါသည်။ ထိုမှသာ သူတို့၏ အပြစ်များအတွက် ခွင့်လွှတ်ခြင်းရရှိနိုင် မည်ဖြစ်ပြီး ကောင်းကင်ဘုံ၏ ဝိညာဉ်ကောင်းကြီးအား ယူတင်ဝတ်ဆင်ခြင်းဖြင့် ဘုရားသခင်၏ သားသမီးများဖြစ်လာကြသည်။

တမန်တော်ရှင်ပေါလုသည် ရောမမြို့ရှိယုံကြည်သော သန့်ရှင်းသူများကို သူ၏ယုံကြည်ခြင်းအားဖြင့် နှစ်သိမ့်အားပေးလို၏။ ထိုကြောင့် *"ငါနှင့်သင်တို့သည် ယုံကြည်သောအားဖြင့် အချင်းချင်းအားရသက်သာခြင်းသို့ ရောက်ကြ မည်အ ကြောင်း"* မိန့်မြွက်ခဲ့၏။ တမန်တော်ရှင်ပေါလုသည် အသင်းတော်ရှိ လူအစု အဝေးတို့ထံ ယုံကြည်ခြင်းရှိလာကြရန် စစ်မှန်သော ဧဝံဂေလိတရားအား ဟောကြားဝေငှခဲ့သည်။ ထို့ကြောင့် ရေနှင့်ဝိညာဉ် သတင်းကောင်း၌ သူ၏ယုံ ကြည်ခြင်းအားဖြင့် လူတို့သည် မြဲမြံခိုင်ခဲ့ခြင်းရရှိလာခဲ့သည်။ သူသည် ရောမမြို့ရှိယုံကြည်သူအသင်းတော်တို့ထံ ရေနှင့်ဝိညာဉ်တော် ဧဝံဂေလိတရား အား ဟောကြားဝေငှခဲ့၏။ ထိုပြင် သူသည်၎င်းအား အဘယ်အရာ ဖြစ်သည်ကို စစ်မှန်စွာ သွန်သင်သခဲ့ပါသည်။

ဤအရာက ပေါလုအား ယနေ့ခေတ် ဧဝံဂေလိဆရာများနှင့် ကွဲပြားခြား နားစေပါသည်။ ရောမမြို့အသင်းတော်တို့ထံ သြဝါဒစာစောင်၌ တမန်တော်ရှင် ပေါလုက မြွက်ဆိုသည်ကား သူသည်ဝိညာဉ် ဆုကျေးဇူးတစုံတခုကို အပ်ပေးခြင် းဖြင့် လူများအား မြဲမြံခိုင်ခဲ့စေရန်၎င်း၊ သူနှင့်လူများတို့သည် ယုံကြည်သော အားဖြင့်

အချင်းချင်းအားရသက်သာခြင်းသို့ ရောက်ကြစေရန်ငှင်း အလိုရှိသည် ဟူ၍ဖြစ်သည်။

ဤအရာသည် ယနေ့အသင်းတော်၌ ရှိနေကြသည့် တရားဟောဆရာများ တမန်တော်ပေါလုထံမှ သင်ယူသင့်သည့်အရာဖြစ်သည်။ တမန်တော်ရှင်ပေါလုသည် မှားယွင်းသော ညီအစ်ကိုများထဲမှ စစ်မှန်သော ညီအစ်ကိုအား ခွဲခြား နိုင်သည့် ရေနှင့်ဝိညာဉ်တော်သတင်းအား ဟောကြားလေ့ရှိခဲ့သည်။

ယနေ့ခေတ်အသင်းတော်တို့သည် အသင်းတော်အတွင်း စတင်ပါဝင်လာသူ အုပ်စုတို့ကို သူတို့၏အယူဝါဒသွန်သင်ချက်များအား ၆လအတွင်းသို့မဟုတ် တနှစ်အတွင်း လက်ခံစေကြသည်။ နောက်ဆုံးတွင် သူတို့သည် ဗတ္တိဇံ ခံယူလေ့ရှိကြသည်။ ယေရှုကစုံလင်စေပြီဖြစ်သည့် ရေနှင့်ဝိညာဉ်တော်ဧဝံဂေလိတရားအကြောင်း သိသည်မသိသည်ကို ပမာဏမထားဘဲ သူတို့သည် ဗတ္တိဇံကို ခံယူလေ့ရှိသည်။ တနည်းအားဖြင့်ဆိုသော် သူတို့သည် အသင်းသူအသင်းသားများ ဖြစ်လာကြသော်လည်း သူတို့သည် ဘုရားသခင်၏ ဖြောင့်မတ် ခြင်းကို ရရှိထားသည့် ဘုရားသခင်၏ သားသမီးများဖြစ်မလာကြချေ။ ယနေ့ ခေတ်အသင်းတော်များရှိ အမှုတော်ဆောင်များထဲ မိမိတို့အသင်းသားများအား လုပ်ဆောင်စေသည့်အရာကား ပညတ်တော်ဆယ်ပါးကို အရကျက်မှတ်ရန်နှင့် တမန်တော်တို့၏ အယူဝါဒကို ရရှိကြစေရန် ဖြစ်သည်။ ယုံကြည်သူအသစ်သည် ကျက်မှတ်ထားသည့် စာမေးပွဲအား အောင်မြင်ပါက“အရက်သောက်ခြင်းကို ရပ်တန့်ပါမည်လား။ဆေးလိပ်သောက်ခြင်းကို ရပ်စဲပါမည်လား။လစဉ်လတိုင်း သင်၏ ဆယ်ဘို့တဘို့အလှူကို ပေးကမ်းပါမည်လား စသည်ဖြင့်မေးမြန်းလေ့ရှိသည်။

ဥရောပအာရှနှင့် ကမ္ဘာတဝှမ်းလုံးရှိ အသင်းတော်များ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် ကင်းကွာရခြင်းအကြောင်းရင်းမှာ သူတို့သည် လူသား၏ ဖြောင့်မတ်ခြင်း နောက်လိုက်ကြသောကြောင့်ဖြစ်သည်။ ယနေ့တွင် ကိုးရီးယားနိုင် ငံတွင် သာမက အာရှတိုက်ရှိ ယေရှုရှလင်မြို့တွင်ပင် ခရစ်ယာန်လူဦးရေသည် သိသိသာသာ ကျဆင်းနေ၏။

ပေါ့ပ်တေးဂီတပွဲသို့မဟုတ် ဆုတောင်းပွဲကဲ့သို့သော အထူးအစီအစဉ်အား ကျင်းပခြင်း မရှိပါက ယနေ့အသင်းတော်သို့ တဦးတ ယောက်ပင် မလာရောက်လိုသည့်ခေတ်သို့ ရောက်နေပေသည်။ လူများလာ ရောက်သော်မှ လူငယ်များထံ ဟောကြားသည့် သာမန်ဟောချက်ဆောင်ပုဒ်များ ဖြစ်သော "ဆေးလိပ်မသောက်နဲ့၊ ကောင်းမွန်ဖြောင့်မှန်စွာ အသင်ရှင်နေထိုင်ပါ။ သန့်ရှင်းသော တနင်္ဂနွေနေ့ကို စောင့်ရှောက်ပါ။ စေတနာ့ဝန်ထမ်းအလုပ်ကို များများပါဝင် လုပ်ဆောင်ပါဆိုသည့် အရာများက ဘုရားသခင်၏ ဖြောင့်မတ်ခြင်း နှင့် သက်ဆိုင်ခြင်းမရှိလှပေ။

လူသားသည် အပြစ်ပြုမိရန် လျင်မြန်၍ အပြစ်ကျူးလွန်ခြင်းရပ်တန့်ရန် အလွန်ပင် ပျက်ဆီးလွယ်သည်။ သူ/သူမသည် သခင်ဘုရားအား ကိုးစားရမည်။ ထို့ကြောင့် ဘုရားသခင်၏ အသင်းတော်သို့ လူများလာရောက်ကြသောအခါ ရေနှင့်ဝိညာဉ်တော် ဧဝံဂေလိတရားအား ထိုသူတို့ထံ ဟောကြားသင့်သည်။ အ ကြောင်းမှာ ထိုသူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအား ရယူနိုင်သော ကြောင့်ဖြစ်သည်။ ထိုသူတို့ထံ ဘုရား၏ဖြောင့်မတ်ခြင်းက သင်နှင့် ကျွန်ုပ်သည် မစုံလင်ကြသေးသော်လည်း အပြစ်မဲ့ဖြစ်စေပြီဟူ၍ ပြောကြားသင့်သည်။

ဤအရာကို စိတ်မှာ သေချာစွာ စွဲမှတ်ထားပါ။ လူတဦးသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအား ယုံကြည်ခြင်းဖြင့် အပြစ်မဲ့သော သူဖြစ်လာပြီး နောက် ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်နိုင်သည်။ လူတဦးတ ယောက်သည် မိမိအပြစ်ပြဿနာတည်ရှိနေ သော်လည်း ဧဝံဂေလိတရားအား တကြိမ်တခါ ဟောကြားနိုင်လေသည်။ အခြားသူများထံ သတင်းကောင်းဖြန့်ဝေခြင်း အလုပ်သည် မိမိတို့၏ အပြစ်ပြဿနာ အရင်ရှိမနေသင့်ပေ။ သူ/သူမ၏ အပြစ်ပြဿနာဖြေရှင်းခြင်းမရှိပါက အခြားသူများထံ စစ်မှန်သော သတင်း ကောင်းအား အဘယ်အခါမျှ မဟောပြောနိုင်။ တမန်တော်ပေါလုသည် အခြားသူ များထံ ဝိညာဉ်ဆုကျေးဇူးအား မှန်ကန်စွာ ပေးအပ်ထားခဲ့သည်ဟု ဆို၏။ ရှင်ပေါ လုပြောကြားခဲ့သည့် ဆုကျေးဇူးကား ထူးဆန်းသော ဘာသာစကားဆုကျေးဇူး သို့မဟုတ် ယနေ့ခရစ်ယာန်ခေတ်၌ ပင်တေကုတ္တေအသင်းတော် လှုပ်ရှား မှုပြောကြားလေ့ရှိသည့်

အနာရောဂါငြိမ်းစေခြင်းလည်း မဟုတ်ပေ။

ခရစ်ယာန်အများစုတို့သည် ထူးဆန်းသည့် လက္ခဏာများဖြစ်သော ဗျာဒိတ်ရူပါရုံမြင်ရခြင်း၊ အနာဂတ်စကားဟောကြားခြင်း၊ အခြားသော ဘာသာစကားပြောကြားခြင်းနှင့် အနာရောဂါပျောက်ငြိမ်းခြင်းတို့ကို ဆုကျေးဇူးများအဖြစ် မှတ်ယူတတ်ကြသည်။

မည်သို့ပင်ဖြစ်စေ ထိုအရာတို့သည် ကောင်းကင်ဘုံမှဆင်းသက်သော ဆုကျေးဇူးများမဟုတ်ကြချေ။ ဆုတောင်းနေစဉ် ဗျာဒိတ်ရူပါရုံမြင်ရခြင်းသည် ဝိညာဉ်ဆုကျေးဇူးတခုမည်သို့မျှ မဖြစ်နိုင်ချေ။ ရိုင်းစိုင်းစွာ အော်ဟစ်သောသူတယောက် သို့မဟုတ် အရူးဆန်ဆန် ရူများသို့သွား၍ ထူးဆန်းသော အသံများ ကြားကာ သုံးညခန့်မအိပ်ပျော်နိုင်ခြင်းသည်လည်း ဘုရားသခင်၏ ဆုကျေးဇူး မဟုတ်ကြချေ။ မိမိသည် အခြားသော ဘာသာစကားကို ပြောနိုင်သည်ဟုဆိုကာ လားလားလားဟု ထူးဆန်းသောအသံဖြင့် အော်ဟစ်ပြီးနောက် သတိလက် လွတ်ကြမ်းပြင်ပေါ်လဲကျခြင်းသည် သန့်ရှင်းသော ဝိညာဉ်တော်လက်ခံရရှိသော သူ၏ အမြင်လည်း မဟုတ်ချေ။ ထိုအစားစိတ္တဇ ဆေးရုံ၌ သွားရောက်ကုသသည့် ရိုင်းစိုင်းသော လူနာနှင့် တူပေ၏။ သို့သော်လည်း ခရစ်ယာန်များကို သန့်ရှင်း သော ဝိညာဉ်တော် မည်သို့လက်ခံနိုင်ကြောင်း (သို့မဟုတ်) အခြားသော ဘာသာ စကားမည်သို့ ပြောနိုင်ကြောင်း သွန်သင်ပြသနိုင်သည်ဟု ပြောကြားသည့် ခါရိစမတ္တိတက်ကြွလှုပ်ရှားသူ အမည်ခံတို့ရှိကြ၏။ သူတို့သည် အလွန်မှားယွင်းသည့် အရာများကို ပြုမိကြပြီး သူတို့ပိုင်ဆိုင်သည့် ယုံကြည်ခြင်းသည်လည်း လုံးဝ မမှန်ကန်ပေ။

သန့်ရှင်းသော ဝိညာဉ်တော် အသက်စမ်းရေသည် ဘုရားသခင်၏ ဝိညာဉ်ပိုင်းဆိုင်ရာ အမှုတော်အားဖြင့် ထိုသခင်၏ နောက်တော်သို့ သစ္စာရှိစွာ လိုက်လျှောက်သောအခါ ကျွန်ုပ်တို့ စိတ်နှလုံးထဲမှ ယိုစီးလာ၏။ သန့်ရှင်းသော ဝိညာဉ်တော်ရေသည် ဇာတိအလုပ်များကို လျော့ပါးစေသည့်အခါနှင့်ဖြင့် ထိုအစားဝိညာဉ်ပိုင်းဆိုင်ရာ အကျင့်တရားတို့ကို လိုက်လျှောက်အသောအခါ ကျွန်ုပ်တို့ စိတ်နှလုံးထဲ၌ ဖြင်းသည် လျှံထွက်လာ၏။

ခရစ်ယာန်တို့သည် ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်ဧဝံဂေလိတရားအား ယုံကြည်ခြင်းဖြင့် အပြစ်မှ ရွေးနုတ်ခြင်းဖြစ်သော ဝိညာဉ်ဆုကျေးဇူးအား ရယူသင့်သည်။ အချို့လူများပြောကြားသည်မှာ မြောက်များစွာသော ခရစ်ယာန် တို့သည် ယနေ့အသင်းတော်၏ ကုလားထိုအားဖြင့် ငရဲမီးအိုင်ဘက်စီသို့ ဦးဆောင်သွား ရောက်ကြသည်ဟူ၍ ဖြစ်၏။ ဤအရာက ဖော်ပြသည်မှာ ယနေ့ အသင်းတော်များသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားအား ဟောကြားမည့်အစား လူသားတို့၏ ဖြောင့်မတ်ခြင်းကို အားပေးအား မြောက်ပြုသည် ဟူ၍ ဖြစ်၏။

ညီအစ်ကိုတို့ အချို့လူတို့သည် ဘုရားကျောင်းတက်ပြီးနောက် ဇာတိ အားဖြင့် ဖြောင့်မတ်ခြင်းအလွန် များပြားပါကလည်း ထိုသို့သောအကျင့်အားဖြင့် ဝိညာဉ်ဆုကျေးဇူးအား လက်ခံရရှိနိုင်သည်ဟု မဆိုလိုချေ။ ကျွန်ုပ်တို့သည် ရေနှင့် သန့်ရှင်းသော ဝိညာသ်တော်သတင်းကောင်းအား ယုံကြည်ခြင်းအားဖြင့် ဘုရား သခင်၏ ဖြောင့်မတ်ခြင်းအား စိတ်နှလုံးထဲ၌ အရယူသင်သည်။ ထိုမှသာ ဝိညာဉ် ဆုကျေးဇူးအား ရယူပိုင်ဆိုင်နိုင်သည်။ အပိုဒ်ငယ် ၁၃မှ ၁၇ထိကို ဖတ်ကြပါစို့။

*"ညီအစ်ကိုတို့ ငါသည် အခြားသော တပါးအမျိုးသားတို့တွင် အကျိုးကို ရသကဲ့သို့ သင်တို့တွင်လည်း အကျိုးတစုံတခုကို ရခြင်းငှါ၊ သင်တို့ရှိရာသို့ သွားမည်ဟု အဖန်ဖန်အကြံရှိကြောင်းကို သင်တို့ မသိဘဲ နေစေခြင်းငှါ ငါအလိုမရှိ။ ထိုသို့အကြံရှိသော်လည်း ယခုတိုင်အောင် မြစ်တားသော အကြောင်း ရှိ၏။ ဟေလသလူဖြစ်စေ၊ လူရိုင်းဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ၊ လူအမျိုး မျိုးတို့၏ အကြွေးသည် ငါ၌တင်လျက် ရှိ၏။ သို့ဖြစ်လျှင် ငါတတ်နိုင်သမျှအတိုင်း ရောမမြို့သားဖြစ်သော သင်တို့အား ဧဝံဂေလိတရားကို ဟောခြင်းငှါ စေတနာ စိတ်ရှိ၏။ ငါသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရားသည် ရှေးဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသော သူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်း ဟူမူကား၊ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်ဟု ကျမ်းစာလာသည်နှင့်အညီ*

*ယုံကြည်ခြင်း၌ တည်သောဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည် ခြင်းအဘို့အလို့ငှါ ဧဝံဂေလိတရားအားဖြင့် ထင်ရှားလျက်ရှိ၏။"*ဟူ၍ အပိုဒ်ငယ် ၁၃ နှင့် ၁၄ ကဖော်ပြထားပါသည်။

တမန်တော်ကြီးရှင်ပေါလုသည် ရောမမြို့သို့သွားရောက်လို၏။ သို့သော် အတားအဆီးများရှိသဖြင့် မသွားရောက်နိုင်ခဲ့ချေ။ ထို့ကြောင့်သူ၏ သာသနာ လုပ်ငန်းအတွက် တံခါးဖွင့်ပေးနိုင်ရန် ဆုတောင်းခဲ့ရသည်။ ထိုနည်းတူ ကျွန်ုပ်တို့ သည် စာပေဆိုင်ရာ အမှုတော်ဆောင်လုပ်ငန်းအားဖြင့် ကမ္ဘာလုံးတွင် ဟောကြား နေစဉ် ထိုကဲ့သို့သော ဆုတောင်းခြင်းမျိုး ပြုလုပ်သင့်သည်။ ကျွန်ုပ်တို့ဆုတောင်း မှသာ ဘုရားသခင်၏ စိတ်တော်နှင့် ထိတွေ့မည်ဖြစ်ပြီး၊ ဘုရားသခင်က တံခါးနှင့် လမ်းဖွင့်ပေးမှသာ ကမ္ဘာနှင့် အဝှမ်းရေနှင့်ဝိညာဉ်တော်၏ ဧဝံဂေလိတရားတော်ကို ဟောကြားနိုင်မည်ဖြစ်သည်။

## လူခပ်သိမ်းတို့အပေါ် ကြွေးတင်ရှိသောပေါလု

အပိုဒ်ငယ် ၁၄နှင့် ၁၅တို့တွင် ပေါလုပြောကြားသည်မှာ သူသည် မည် သူတို့ထံကြွေးတင်ခဲ့၍ မည်ကဲ့သို့သော ကြွေးမြီကို ဆိုလိုသနည်း။ သူမိန့်ကြား ခဲ့သည်ကား ဟေလသလူဖြစ်စေ၊ လူရိုင်းဖြစ်စေ ထိုသူတို့ထံတွင် သူသည် ကြွေးမြီ တင်ရှိသည်ဟူ၍ ဖြစ်၏။ ထိုသူတို့ထံတွင် ရေနှင့်ဝိညာဉ်တော် ဧဝံဂေလိတရား အား ဟောကြားရန် အကြွေးတင်ခဲ့သည်။ ထပ်လောင်း၍ ပြောကြားခဲ့သည်မှာ သူသည် ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ သူတို့ထံ၌လည်း ကြွေးတင်သည်ဟူ၍ ဖြစ်၏။ ထို့ကြောင့် သူသည်ရောမမြို့၌ နေသော သူတို့ထံတွင် တတ်နိုင်သမျှ အကောင်းဆုံး ဟောကြားဝေငှလိုသည်။

တမန်တော်ကြီးရှင်ပေါလုက အသင်းတော်ထံရေးသားရသည့် ရည်ရွယ် ချက်မှာ စစ်မှန်သော ဧဝံဂေလိတရားကို ဟောကြားရန်ဖြစ်သည်။ သူတွေ့ရှိခဲ့

သည်မှာ ရောမမြို့က အသင်းတော်အထဲရှိ လူတို့၏ စိတ်နှလုံးသည်ပင် ရေနှင့် ဝိညာဉ်တော်ဧဝံဂေလိတရား၌ ယုံကြည်ခြင်းအားဖြင့် မြဲမြံစွာ ရပ်တည်ခြင်း မရှိကြောင်းဖြစ်သည်။ သို့သော်ငြားလည်း သတင်းကောင်း ဝိညာဉ်တော်ဆု ကျေးဇူးအဖြစ် ဖော်ပြထား၏ လောကီသားအများတို့အပြင် အသင်းတော်အထဲ၌ ရှိနှင့်နေကြသော လူများတို့ထံ၌လည်း ရေနှင့်ဝိညာသ်တော် ဧဝံဂေလိတရားကို သူသည် ဟောကြားခဲ့သည်။ သူမိန့်ကြားခဲ့သည်မှာ သူသည် ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ လူရိုင်းဖြစ်စေ ထိုသူအပေါင်းတို့ထံ ကြွေးတင်သည်ဟု ပြောကြားခဲ့၏။

ပေါလုက မည်သည့်ကြွေးအာတင်ရှိခဲ့သနည်း။ သူသည် လောက၌ ရှိရှိ သမျှသော လူခပ်သိမ်းတို့ထံ နှင့်နှင့် ဝိညာဉ်တော်ဆိုင်ရာ ဧဝံဂေလိတရားတော်ကို ဟောကြာရန် ကြွေးတင်ရှိသည်။ သူမိန့်ကြားခဲ့သည်မှာ လောကသားအပေါင်း တို့ထံ ကြွေးတင်ခြင်းအကြောင်း ဖြစ်သည်။ ထိုနည်းနှင့် ရေနှင့်ဝိညာသ်တော်ဆိုင် ရာ ဧဝံဂေလိတရားအား ရရှိသောသူများတို့သည် ပင်လျှင် သတင်းကောင်းဟော ကြားဝေငှရန် ကြွေးတင်ရှိ၏။ပေးဆပ်ရမည့်ကြွေးမှာ ဧဝံဂေလိသတင်း ကောင်းဖြန့်ဝေခြင်း အလုပ်ပင်တည်း။ ယခုအချိန်၌ တလောကလုံးသို့ ရေနှင့် ဝိညာဉ်တော်ဆိုင်ရာ ဧဝံဂေလိတရားတော်အား ဖြန့်ဝေရခြင်းမှာ ဤအကြောင်း ကြောင့် ဖြစ်သည်။

လက်ဝါးကားတိုင်မှ အသွေးတော်မြတ်သည်သာ အလုံးစုံသော ကယ်တင်ခြင်းဖြစ်သည်ဟု လူအများမှားယွင်းထင်မှတ်ကြသည်။ သို့သော် သမ္မာကျမ်းစာတော်မြတ်က ကောင်းကင်ဘုံနှင့် စပ်ဆိုင်သော ဧဝံဂေလိတရား သက်သေခံပြောဆိုသည်ကား ပေါလုကပင် သက်သေခံခဲ့သည်။ ရေနှင့် ဝိညာဉ် တော် ဧဝံဂေလိသတင်းကောင်းဖြစ်သည်။ ထို့ကြောင့် ရောမသြဝါဒစာ အခန်းကြီး ၆၌ ပေါလုမိန့်မှာ ခဲ့သည်ကား သူသည်ခရစ်တော်ယေရှုနှင့် သူ၏ သေခြင်း၌ ဗတ္တိဇံကိုခံခဲ့သည်ဟူ၍ ဖြစ်သည်။ အကြောင်းမှာ ရောမမြို့အသင်းတော်၌ လက်ဝါးကားတိုင်၏ အသွေးတော်မြတ်သာ ယုံကြည်သည့် သာမန်ခရစ်ယာန်များ ရှိကြသောကြောင့် ဖြစ်သည်။ ပေါလုသည် သခင်ယေရှုလက်ခံရရှိခဲ့သည့် ဖော်ပြမထားသော

လျှို့ဝှက်ဗတ္တိဇံခံခြင်း အကြောင်းကို ထိုသူတို့ထံ ဟောကြား ဝေငှလိုသည်။ ထိုနည်းအတိုင်းပင် ကျွန်ုပ်တို့သည် ရေနှင့် ဝိညာဉ်တော်ဧဝံဂေ လိတရားအား အသင်းတော်၌ ကြာရှည်စွာ နေလာခဲ့သော်လည်း ကြားသိနား လည်နိုင်ခြင်း မရှိသေးသည့် သူများထံ ဟောကြားသင့်သည်။

ခရစ်ယာန်များကို အပြစ်ရှိသည့်မရှိသည်ကို မေးကြည့်သည့်အခါ ဤမေးခွန်းသည် သူတို့အတွက် အသုံးမကျသကဲ့သို့ ထင်မှတ်လေ့ရှိသည်။ သူတို့၏ပုဂ္ဂိုလ်ရေးနှင့် မဆိုင်သကဲ့သို့ ထင်မှတ်တတ်ကြ၏။ သို့သော်ဤမေးခွန်း သည် အထူးအရေးပါပြီး အလွန်ပင် အဖိုးကြီးလှသည်။ လူသားများသည် မိမိတို့ အပြစ်ကြောင့် ငရဲသို့သွားရောက်ရန် ဖြစ်သည့်အခါ မည်သူသည် ဤမေးခွန်းကို မေးမြန်းပြီးအဖြေကို ပေးနိုင်မည်နည်း။ ရေနှင့်ဝိညာဉ်တော်၏ ဧဝံဂေလိတရား တော်အားဖြင့် ဒုတိယအကြိမ်မွေးဖွားခြင်းကို ခံရပြီးနောက် မိမိ၏ စိတ်နှလုံးထဲ၌ အပြစ်ကင်းစင်သော သူသာလျှင် ဖြစ်ပြီး သန့်ရှင်းသော ဝိညာဉ်တော်သည် ထိုမေး ခွန်းကို မေးမြန်းနိုင်ပြီး လူများထံ အဖြေမှန်ကိုပါ ပေးနိုင်သည်။ ဒုတိယအကြိမ် မွေးဖွားခြင်းခံရသော သန့်ရှင်းသူသာလျှင် စစ်မှန်သော ဧဝံဂေလိတရားအား ဟောကြားဝေငှခြင်းဖြင့် အပြစ်သားများအား ဒုတိယအကြိမ်မွေးဖွားခြင်း ခံနိုင်ရန် ပြုလုပ်နိုင်၏။ ထိုတရားကား အပြစ်သားများထံမှ မကြားဘူးသည့် ရေနှင့်ဝိညာဉ် တော်၏ ဧဝံဂေလိတရားပင် ဖြစ်သည်။

ညီအစ်ကိုတို့ လူတဦးသည် သခင်ယေရှုကို ယုံကြည်သော်လည်း ရေနှင့်ဝိညာဉ်တော်၌ ဒုတိယအကြိမ်မွေးဖွားခြင်းမခံရပါက ဘုရားသခင်၏ နိုင်ငံတော်အားဖြင့် မြင်တွေ့ဝင်ရောက်နိုင်လိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် သင့်ကို ရေနှင့်ဝိညာဉ်တော်၏ ဧဝံဂေလိတရားအား ဟောကြားခြင်းဖြင့် အပြစ်မှ ရွေးနှုတ်ကယ်တင်ခြင်းအား လက်ခံရရှိရန် အပြစ်သားများ အခွင့်ပေးသောသူများ ကို သင်တွေ့ရှိပါက ကျေးဇူးတင်ရှိပါ။ ထို့နောက်သင်သည် ကြီးမြတ်သော ကောင်း ကြီးခံရပါလိမ့်မည်။

## ပေါလုရှက်ကြောက်ခြင်း အကြောင်းမရှိသည့် ဧဝံဂေလိတရား

အပိုဒ်ငယ် ၁၆၌ ပေါလုရှက်ကြောက်ခြင်း အကြောင်းမရှိသည့် ဧဝံဂေလိ တရားအား အဘယ်နည်း။ ယင်းမှာ ရေနှင့် သန့်ရှင်းသော ဝိညာဉ်တော်သတင်း ကောင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဧဝံဂေလိ တရားသည် ယုံကြည် သူအယောက်တိုင်းတို့အတွက် ကယ်တင်ခြင်းအလိုငှါ ဘုရားသခင်၏ တန်ခိုး တော်ဖြစ်သည်။ ပေါလုက ထိုအရာအား *ကျွန်ုပ်၏ ဧဝံဂေလိတရား*" (ရောမဩ ဝါဒစာ ၂း၁၆၊ ၅း၂၀)တွင် ဆိုထားသည်။ ရေနှင့်ဝိညာဉ်တော် သတင်းကောင်းအတွက် ရှက်ကြောက်ခြင်းမရှိသည့်အကြောင်းရင်းမှာ ဧဝံဂေလိတရားသည် လူတို့အား အပြစ်ကင်းစင်စေသောကြောင့်ဖြစ်၍ ဘုရားသခင်နှင့် လူသားများ ကွဲကွာစေသည့် အပြစ်အတားအဆီးများအား ချေဖျက်ပစ်သောကြောင့်ဖြစ်၍ ဖြစ်သည်။ ၎င်းကို ရှက်ကြောက်ရမည့်အစား ဝါကြွားစရာဟု မှတ်ယူသည်။

လူတို့သည် လက်ဝါးကားတိုင်ပေါ်ါ်အသွေးတော်မြတ် သတင်းကောင်းသာ ယုံကြည်ခဲ့ကြပါက အပြစ်အားဆေးကြောပစ်ခြင်း ဖြစ်နိုင်ပါမည်လား။ ယခုအချိန်အထိ ထိုယုံကြည်ခြင်းနှင့် အပြစ်အား ဆေးကြောပစ်ရန် ဖြစ်နိုင်သည်ဟု ထင်မှတ်ရသည်။ သို့သော်အနာဂတ် အပြစ်များအတွက် ဆေးကြောခြင်း မဖြစ်နိုင် ပေ။လူတို့သည် ထိုသို့သော ယုံကြည်ခြင်းနှင့် မိမိတို့အပြစ်များနေ့စဉ် ဆုတောင်း ကာ နောင်တရခြင်းဖြင့် ဆေးကြောပစ်ရန်အတွက် ကြိုးစားတတ်ကြသည်။ သူတို့ဝန်ခံကြသည်မှာ စိတ်နှလုံးတို့သည် အပြစ်များနှင့်သာ ပြည့်နှက်နေသည် ဟူ၍ဖြစ်၍၊ ထို့ကြောင့် သူတို့သည် အပြစ်သားများဖြစ်ခြင်းကို ရှောင်လွှဲ၍ မရ ကြောင်းတို့ဖြစ်ကြသည်။ အပြစ်ရှိသူ ထိုခရစ်ယာန်အပြစ်သားများသည် အခြားသူ များထံ သတင်းကောင်းအား မဟောပြောနိုင်ကြချေ။ အကြောင်းမှာ သူတို့ထံရှိ သည် ဧဝံဂေလိတရားသည် သူတို့အတွက် နောက်ထပ်သတင်းကောင်း မဟုတ် သောကြောင့် ဖြစ်သည်။

ဧဝံဂေလိတရားကား ဂရိဘာသာစကားအားဖြင့် '*'ယူးဂဲလီးယန်း*" ဖြစ်၍ တနည်းအားဖြင့် ဤလောက၌ရှိသည့် အပြစ်အားလုံးတို့ကို တိုက်ထုတ်စေနိုင်

သည့် သတင်းကောင်းဖြစ်သည်။ စစ်မှန်သော သတင်းကောင်းကား ဒိုင်းနမိုက်ကဲ့ သို့ဖြစ်၏။ စစ်မှန်သော သတင်းကောင်းကား လောက၌ရှိသည့် အပြစ်အားလုံး တို့ကို သုတ်သင်ပယ်ရှင်းသည့် တရားဖြစ်သည်။ ထို့ကြောင့် ပေါလုကဲ့သို့သော လူသည် အပြစ်အားသုတ်သင်ပယ်ရှင်းနိုင်သည့် ရေနှင့် ဝိညာဉ်တော်၏ ဧဝံဂေလိ တရားအား ယုံကြည်သူဖြစ်ပြီး ၎င်းအား ရှက်ကြောက်ခြင်း မရှိပေ။ ယနေ့ခရစ် ယာန်များပင် သတင်းကောင်းဟောကြားခြင်း၌ ရှက်ကြောက်နေဟန် တူပေသည်။ သို့သော် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ပိုင်ဆိုင်သော သူတို့သည် သတင်း ကောင်း ဧဝံဂေလိတရားအားဟောကြားသည့်အခါ သိက္ခာအပြည့်နှင့် ခန့်ညားစွာ ရပ်လေ့ရှိကြသည်။

တမန်တော်ရှင်ပေါလုသည်လည်း ဧဝံဂေလိတရားအား ဟောကြားနေစဉ် ရှက်ကြောက်ခြင်း စိုးစဉ်းမျှမရှိချေ။ အကြောင်းမှာ သူသည် ရေနှင့် ဝိညာဉ်တော်ဧဝံဂေလိသတင်းကောင်းအား ဟောပြောနေသော ကြောင့် ဖြစ်သည်။ လှပ သော ထိုဧဝံဂေလိတရားသည် ယုံကြည်သူအယောက်တိုင်းတို့ထံ ကယ်တင်ခြင်း အတွက် ဘုရားသခင်၏ တန်ခိုးတော်ဖြစ်သည်။

ထိုသတင်းကောင်းကား ယုံကြည်သူတိုင်းကို အပြစ်မှ ခွင့်လွှတ်စေသည့် တန်ခိုးကြီးသော သတင်းကောင်းဖြစ်သည်။ မည်သူက ထိုသတင်းကောင်းအား ဟောကြားသည် ဆိုသည့်အရာမှာ အရေးမပါလှချေ။ ကြားနာသောသူသည် မိမိတို့စိတ်နှလုံးနှင့် သတင်းကောင်းအား ယူဆောင်ပါက ဤလောက၏ အပြစ်ဒုစ ရိုက်များသည် လုံးဝဆေးကြောခြင်းခံရသည်။ သို့ဖြစ်၍ လက်ဝါးကားတိုင်၏ အသွေးတော်မြတ်မျှသာဖြစ်သော သတင်းကောင်းသည် မစုံလင်သော ကယ်တင် ခြင်းအကြောင်းကို လူများထံဟောကြား၏။ ဆိုလိုသည်မှာ ၎င်းက ထိုသူတို့၏ မူလအပြစ်သာ သုတ်သင်ပယ်ရှင်း၍ နောက်ထပ်ကျူးလွန်သည့် အပြစ်များသည် နေ့စဉ်နောင်တတရားနှင့် ဆုတောင်းခြင်းအားဖြင့် ဆေးကြောပစ်ရသည်ဟု ပြောကြားထားသည်။ ၎င်းက သူ၏ ကြားနာသူများထံ စိတ်တွင် စွဲမြဲစေပြီးနောက် ခံစားချက် ကျန်ရစ်စေသည်။

သူ၏တန်ခိုးသော အလုံအလောက်ကောင်းမွန်ခြင်းမရှိသောကြောင့် ယေရှုသည် အပြစ်ဒုစရိုက်တချို့ တလေသာ ယူဆောင်သွားခဲ့ပါသလား။ ယေရှုက လူသားတို့ကို အထူးကောင်းမွန်စွာ သိရှိထားသောကြောင့် မည်သည့်ဒုစရိုက်မျှ မချန်ရစ်ခဲ့ပါ။ ဒုစရိုက်အပြစ်အားလုံးတို့ကို ရေ၊ အသွေးတော်မြတ်အပြင် သန့်ရှင်း သော ဝိညာဉ်တော်အားဖြင့် သူနှင့်အတူ ယူဆောင်သွားခဲ့သည်။ ဤကောင်းမြတ်သော သတင်းကောင်းက အပြစ်တရားမှ စုံလင်သော ကယ်တင်ခြင်းအား ယုံကြည်သူအယောက်တိုင်းတို့ထံ၌ ဝင်း၊ ယေရှု၏ ဗတ္တိဇံခံခြင်း သတင်းကောင်း နှင့် လက်ဝါးကားတိုင်ပေါ်သွန်းလောင်းခဲ့သော အသွေးတော်မြတ်အား ယုံကြည်သူတိုင်းတို့ထံ ပေးအပ်ထားသည်။

ထို့ကြောင့် ဧဝံဂေလိတရားတော်သည် ယုဒလူ၊ ဟေလလူအပါအဝင် လူတိုင်းတို့ထံ တူညီသော တန်ခိုးလေသည်။ ရေနှင့် ဝိညာဉ်တော်ဧဝံဂေလိ တရားက လူတို့ထံသတင်းကောင်းဟောကြားသည့်အခါ သခင်ယေရှုကို ယုံကြည် သည့်လူတိုင်းတို့ကို အပြစ်တရားမှ တူညီသော ကယ်တင်ခြင်းကို ပေးလေ၏။ တနည်းဆိုသော်တဦးတယောက်သော သူသည် ရေနှင့်ဝိညာဉ်တော် ဧဝံဂေလိသ တင်းကောင်းထက် အခြားအရာအား ဟောကြားသောအခါ ဘုရားသခင်၏ အမျက်တော်သည် ထိုသူအပေါ်ကျရောက်လိမ့်မည်။ ထို့ကြောင့် ပေါလက *"သို့သော်လည်း သင်တို့အား ငါတို့ဟောပြောသော ဧဝံဂေလိတရားမှတပါး အခြားသော ဧဝံဂေလိတရားကို ငါတို့သည် ဟောပြောသော်ငင်း၊ ကောင်းကင် ဘုံမှလာသော ကောင်းကင်တမန်ဟောပြောသော်ငင်း၊ ဟောပြောသောသူသည် ကျိန်တော်မူခြင်းကို ခံစေ။" (ဂလာတိသြဝါဒ ၁း၈)* တမန်တော်ရှင်ပေါလုက အခြားဧဝံဂေလိတရားများစွာထဲမှ စစ်မှန်သည့် ဧဝံဂေလိတရားဖြစ်သော ရေနှင့် ဝိညာဉ်တော်ဧဝံဂေလိတရားအား ရှင်းလင်းစွာ ဖော်ပြထား၏။

ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ အဆ္ဆလာမ်ဘာသာဝင်ဖြစ်စေ၊ ကွန်ဖြူးရှပ်ဘာသာဝင်ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်ဖြစ်စေ၊ တာအိုဘာသာဝင်ဖြစ်စေ၊ နေဘုရားဖြစ်စေ၊ အခြားသော သူများတို့သည်လည်း မည်သူပင်ဖြစ်စေကာမူ အယောက်စီတိုင်းတိုကသည် ဧဝံဂေလိတရားအား ကြားသိရန်

အခွင့်အရေးရရှိကြ ၏။ ထို့ပြင် ရေနှင့် သန့်ရှင်းသော ဝိညာဉ်တော် ဧဝံဂေလိတရားသည် ထိုသူတို့ အား မိမိတို့၏ အပြစ်များမှ ကယ်တင်ခြင်းရရှိနိုင်ရန် အခွင့်ကောင်းပေး ထား၏။ ထို့ကြောင့် ယေရှုခရစ်သည် ဘုရားဖြစ်ကြောင်းသူသည် စကြာဝဠာကို ဖန်ဆင်း တော်မူခဲ့ကြောင်း၊ ကျွန်ုပ်တို့ကို ကယ်တင်ရန် လူ့အသွေးအသားကို ဆောင်ယူကာ လူသားများကဲ့သို့ ဤလောကတွင် ကြွဆင်းလာခဲ့ကြောင်း၊ ယောဟန်၏ ဗတ္တိဇ ံခံခြင်းအားဖြင့် ကျွန်ုပ်တို့၏ အပြစ်အားလုံး သူ့အပေါ်တင်ဆောင်ခဲ့ကြောင်း၊ လက်ဝါးကားတိုင်ပေါ်အသေခံခဲ့ခြင်းအားဖြင့် ကျွန်ုပ်တို့၏ အပြစ်များအတွက် တရားစီရင်ခြင်းအား ရရှိခဲ့ကြောင်းတို့ကို ကျွန်ုပ်တို့ဟောကြားဝေငှကြလိမ့်မည်။

ထို့ကြောင့် တမန်တော်ရှင်ပေါလုသည် ရေနှင့် ဝိညာဉ်တော်၏ ဧဝံဂေလိတရားအား ရှက်ကြောက်ခြင်းမရှိခဲ့ပေ။ လက်ဝါးကားတိုင်တစ်ခုတည်းသာလျှင် ရှက်ကြောက်ဘွယ်ရာ သတင်းကောင်းဖြစ်သော် လည်း ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်ဧဝံဂေလိတရားဟူမူကား လုံးဝရှက်ကြောက်ဖွယ်ရာ မဖြစ်နိုင်ပေ။ သို့သော် ရှင်းလင်းပြီး တန်ခိုးရှိသော ဧဝံဂေလိတရားသည် ဂုဏ်သိက္ခာနှင့် ဝါကြွား စရာအဖြစ် လျှံထွက်စီးဆင်းလာ၏။ ထိုဧဝံဂေလိတရားအား ယုံကြည်သော သူသည် ဘုရားသခင် သား/သမီးဖြစ်လာ သည်ဟူသော အချက်အပေါ် ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်၏ စုံလင်ခြင်းကို ရရှိသည်။ နောက်ထပ်ကျွန်ုပ်ပြောလိုသည်မှာ ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်၏ လှပ သော ဧဝံဂေလိတရားမူကား မည်သည့်အခါ၌မျှ ရှက်ကြောက်ဖွယ်ရာ ဧဝံဂေလိ တရားမဖြစ်နိုင်။ သို့သော်လည်း လက်ဝါးကားတိုင်၏ အသွေးတော်သာ ယုံကြည် သည့် ဧဝံဂေလိတရားမူကား ရှက်ကြောက်ဖွယ်ရာ ဖြစ်သည်။

ခရစ်ယာန်မိတ်ဆွေတို့သင်သည် လက်ဝါးကားတိုင်၏ အသွေးတော် မြတ်မျှသာဖြစ်သည့် ဧဝံဂေလိတရားအား ဟောကြားရသောအခါတိုင်း ရှက်ကြောက်ပါသလား။ သခင်ယေရှု၏ ဗတ္တိဇံခံခြင်း မပါပဲ အသွေးတော်မြတ်နှင့် သာ စပ်ဆိုင်သည့် ဧဝံဂေလိတရားအား ယုံကြည်၍

ထိုတရားအား ဟောကြား ဝေငှသည့်အခါ သင်သည်ရှက်ကြောက်ခြင်းကို ခံစားရ၏။ သင်သည် အသုံးမကျ သည့် ဧဝံဂေလိတရားအား ဟောကြားခြင်းကြောင့်ဝှင်း၊ သခင်ဘုရားအားအမြဲပင် အော်ဟစ်တောင်းလျှောက်ရသောကြောင့်ဝှင်း၊ သခင်ယေရှုအား ယုံကြည်ပါ၊ သခင်ယေရှုအား ယုံကြည်ပါဟု အော်ဟစ်ရန် လမ်းပေါ်မထွက်လျှောက်မီ သင်၏ ခံစားချက်ကို ဖြည့်စွက်ရန် အခြားသော ဘာသာစကားအားဖြင့် ဆုတောင်းခြင်း များအား ပေးအပ်ရန်တို့သည် သင့်အတွက် ရှက်ကြောက်ဖွယ်ရာဖြစ်၏။

ဤအရာသည် လူတစ်ဦးအတွက် ခံစားချက်အ ပြည့်အလျှံနှင့် လုပ်ဆောင်နိုင်သည့်အရာဖြစ်သကဲ့သို့ အခြားသူအတွက် နူးညံ့သော စိတ်နှင့် လုပ်ဆောင်ရန် မဖြစ်နိုင်သည့် အရာဖြစ်သည်။ ထို့ကြောင့် လက်ဝါးကားတိုင်၏ အသွေးတော်မြတ်သာ ယုံကြည်သောသူများတို့သည်သာ ဆူဆူညံညံ အော်ဟစ်ကြပြီး ဧဝံဂေလိလုပ်ငန်းအတွက် လမ်းမပေါ်ထွက်လျှောက်သည့်အခါတိုင်း အနှောင့်အယှက်များဖြစ်စေတတ်သည်။ သူတို့နှုတ်နှင့် အသံချဲ့စက်ကို တော့ထား ဖြစ် တကာလ "ယေရှုယုံကြည်သူကောင်းကင်သို့ မယုံကြည်သူ ငရဲသို့"စသည်ဖြင့် အော်ဟစ်တတ်ကြ၏။ သို့သော် ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်၏ ဧဝံဂေလိ တရားကို ယုံကြည်သော သူသည် ဧဝံဂေလိသတင်းကောင်းအား နူးညံ့သိမ်မွေ့စွာ ဟောကြားလေ့ရှိသည်။ သူ၏ သမ္မာကျမ်းစာအား လှန်လျက်နေစဉ် အခြားသူများ နှင့် ဆန့်ကျင်လျက် လက်ဖက်ရည်သောက်လျက် ရှိ၏။

## ဘုရားသခင်ဖြောင့်မတ်ခြင်းဧဝံဂေလိတရားအကြောင်းမည်သည့်အရာအားပြောကြားထားသနည်း

အပိုဒ်ငယ် ၁၇တွင် ခရစ်တော်၏ ဧဝံဂေလိတရား၌ မည်သည့်အရာအား ဖော်ထုတ်ရန် ပြောကြားထားသနည်း။ *ဘုရားသခင်၏ ဧဝံဂေလိတရား၌ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအား*ဖော်ပြသည်ဟု ပြောကြားထား၏။

ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် စစ်မှန်သော သတင်းကောင်း၌ ပြည့်စုံစွာ ဖော်ပြထား၏။ ထို့ကြောင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် ၎င်း၌ ယုံကြည်ခြင်းမှ ယုံကြည်ခြင်းသို့က ဖော်ပြ၍ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်ဟု မိန့်ဆိုထားသည်။ လက်ဝါးကားတိုင်၏ အသွေးတော်မြတ်သာ ဟောကြားသည်။

ဧဝံဂေလိတရားတွင် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း မပါဝင်ပါ

ညီအစ်ကိုတို့ တစ်ယောက်သောသူက မိမိ၏ မူလအပြစ်အား ခွင့်လွှတ်ခြင်းရရှိပြီဟု ပြောကြားသော်လည်း နေ့စဉ်အပြစ်အတွက် နေ့တိုင်း နောင်တရရန် ဆုတောင်းရသည်ဟူ၍ ၎င်း၊ တစ်ဦးတစ်ယောက်သည် တဖြည်းဖြည်းသန့်ရှင်း စင်ကြယ်မှုရှိလာပြီး တစ်ခါတရံစုံလင်သော ဖြောင့်မတ်သူဖြစ်လာနိုင်သည်ဟု ပြောကြားထားပါက ထိုယုံကြည်ခြင်း၌ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းပါဝင်ပါ သလား။ ဤအရာသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအား ဖော်ပြသည့်အရာ မဟုတ်ချေ။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအကြောင်းကို ဖော်ပြသောအရာ သည် စုံလင်သောအရာကို ပြောကြား၏။ ရေနှင့် သန့်ရှင်းသော ဝိညာဉ်တော်သ တင်းကောင်းက အစမှအဆုံးတိုင်အောင် စုံလင်သော ဧဝံဂေလိတရားအား ပြော ကြားထား၏။ သင်တို့သည် သဘော်သဖန် အရွက်အားဖြင့် သင်တို့၏ နေ့စဉ်သို့ မဟုတ် အပတ်စဉ် သို့မဟုတ်လစဉ် ရှက်ကြောက်ဖွယ်ရာ အပိုင်းတို့ကို အသစ်ဖုံး ကွယ်ခြင်းအား ပြုလုပ်ရသကဲ့သို့ နေ့စဉ်နေ့တိုင်း ကျူးလွန်သောအပြစ်များကြောင့် သင်တို့သည် နောင်တတရားနှင့် ဆုတောင်းခြင်းကို ပြုလုပ်ကြ၏။

နေ့စဉ်နောင်တတရားအားဖြင့် ဆုတောင်းခြင်းသည် မိမိတို့၏ ရှက် ကြောက်ဖွယ်ရာ ခန္ဓာကိုယ်အား သဘော်သဖန်းရွက်ဖြင့် ဖုံးအုပ်ခြင်းနှင့် ဆင်တူ သည်ဟု ပြောကြားခြင်းအားဖြင့် လူတစ်ဦးသည် အဖန်တလဲလဲ အပြစ်သား ဖြစ်လာရ၏။ ဤအရာသည် လက်ဝါးကားတိုင်း၏ အသွေးမြတ်ဧဝံဂေလိတရား သာ ယုံကြည်ကြသည့်ဘာသာရေး ကိုင်းရှိုင်းသောသူများ၏ အသက်တာ ဖြစ်သည်။ ထိုသူတို့သည် ထာဝရဘုရားက သူတို့အား အခမဲ့ပေးအပ်တော်မူ သည့် သားရေဖုံးအကာအား ဝတ်ဆင်ရန် အလိုမရှိသည့် မိုက်မဲသောသူများ ဖြစ်ကြသည်။ သူတို့သည်

ထိုအစားသဘော်သဖန်းရွက်အကာများအား ဝတ်ဆင် ခြင်း၌ ပျော်မွေ့ကြ၏။

လက်ဝါးကားတိုင်ပေါ်ယေရှု၏ အသွေးတော်မြတ်သည် ယေရှုဗတ္တိဇံခံခြင်း၏ အခပင်ဖြစ်သည်။ လက်ဝါးကားတိုင်ပေါ်အသွေး မသွန်းလောင်ပဲ ယေရှုသည်ကျွန်ုပ်တို့၏ အပြစ်ကို ယူဆောင်သွားနိုင်၏။ သူသည် ဗတ္တိဇံခံသည့် အချိန် ကျွန်ုပ်တို့၏ အပြစ်များကို ယူဆောင်သွားခဲ့၏။ ထို့နောက် လက်ဝါးကား တိုင်သို့ တက်ကြွကာ တလောကလုံး၏ အပြစ်သားအား သယ်ဆောင်သွားခဲ့၏။ လောကသားများ၏ အပြစ်ကို ရွေးနှုတ်ကယ်တင်ရန် အသေခံခဲ့၏။ ထို့ကြောင့် လက်ဝါးကားတိုင်သည် ကိုယ်တော်တိုင်လက်ခံရရှိခဲ့သည့် ဗတ္တိဇံခံခြင်း၏ အကျိုးရ လဒ်ဖြစ်သည်။ ယေရှုဘုရားသည် ကျွန်ုပ်တို့၏ အပြစ်များအား ဗတ္တိဇံခံခြင်းအား ဖြင့် ယူဆောင်သွားခဲ့ပြီးဖြစ်သောကြောင့် လက်ဝါးကားတိုင်ပေါ် အသွေးသွန်း လောင်းခြင်းသည် ကျွန်ုပ်တို့အပြစ်အားလုံး ရွေးနှုတ်ကယ်တင်ရန် သူ၏ နောက် ဆုံးသော လုပ်ဆောင်ချက်ဖြစ်၏။ ယေရှုဘုရားသည် လက်ဝါးကားတိုင်၌ အပြစ် ၏ကျိန်ခြင်းအာလုံးကို ရရှိ၏။ အကြောင်းမှာ သူသည်ဗတ္တိဇံခံခဲ့သောကြောင့် ဖြစ်၏။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအား မည်ကဲ့သို့ ရရှိနိုင်မည်နည်း။ကျွန်ုပ်တို့သည် ရေနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ သ တင်းကောင်းအား သိနားလည်ခြင်းနှင့် ယုံကြည်ခြင်းအားဖြင့် ၎င်းကို ဆည်းပူး နိုင်သည်။ ထိုသို့ဆိုလျှင် သင်သည်ရေနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ သတင်း ကောင်းအား ယုံကြည်သောသူတဦး ဖြစ်ပါသလားဟု မေးမြန်းလာပါက “ဟုတ်ကဲ့” ဟု ထိုမေးခွန်းအား ချက်ခြင်းနှင့် ရှင်းလင်းစွာ ဖြေကြားပေးနိုင်သည်။ ဘုရား သခင်၏ ဖြောင့်မတ်ခြင်းရရှိရန် လျှို့ဝှက်ချက်မှာ ရေနှင့် သန့်ရှင်းသော ဝိညာဉ် တော်၏ ဧဝံဂေလိတရားအား ယုံကြည်ခြင်းဖြစ်၏။

ဤအရာအတွက် အကြောင်းရင်းမှာ ရေနှင့်ဝိညာဉ်တော်၏ သတင်းကောင်းသည် သမ္မာတရားဖြစ် သောကြောင့်၎င်း၊ ယင်းကဘုရားသခင်၏ ချစ်ခြင်း မေတ္တာနှင့် ဖြောင့်မတ်ခြင်းတို့ကို ဖော်ပြသောကြောင့်၎င်း ဖြစ်၏။ ယင်းတွင် ရေနှင့် သန့်ရှင်းသော

ဝိညာဉ်တော်၏ သတင်းကောင်း၌ လူသားများထံ ဘုရားသခင်အခမဲ့ပေးအပ်သည့် အပြစ်၏ ရွေးနှုတ်ခြင်းသော်၎င်း၊ သူ၏ သားသမီးများဖြစ်လာရန်နည်းလမ်းသော်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်ရရှိခြင်းအားဖြင့် ထာဝရအသက်နှင့်စပ်ဆိုင်သော ကောင်းကြီးမင်္ဂလာအပြင် မြေကြီးပေါ်ကာယနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ ကောင်းကြီးမင်္ဂလာများ ပါဝင်သောကြောင့် ဖြစ်၏။

တမန်တော်ရှင်ပေါလုက ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် သူဟောကြားခဲ့သည့် ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်သတင်းကောင်း၌ ပြည့်စုံ စွာ ဖော်ပြထားသည်ဟု မြွက်ဆိုထားသည်။ ထို့ကြောင့် ဘုရားသခင်၏ ဖြောင့်မတ် ခြင်းတရားမသိရှိဘဲ လူသား၏ ဖြောင့်မတ်ခြင်းအား ချီးမြှောက်ခြင်းသည် ဘုရားသခင်၏ ရှေ့တော်မှောက်၌ အပြစ်ပြုခြင်းနှင့် တူညီနေသည်။ ထို့ပြင် လက်ဝါးကားတိုင်ရှိ အသွေးတော်မြတ်နှင့်သာ ယုံကြည်ပြီး ဘုရားသခင်၏ ဖြောင ့်မတ်ခြင်းတရာမပါရှိပါက ထိုဧဝံဂေလိတရားသည် မှားယွင်း၏။

ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားသည်

ကိုယ်တော်တိုင်ပေးအပ်ထား သည့် ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်၏ စစ်မှန်သော ဧဝံဂေလိတရားအား ရည်ညွှန်းဖော်ပြသည်။ အစုံလိုက်ဖြစ်သော ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းတို့က ကျွန်ုပ်တို့ကို အပြစ်များမှ ကယ်တင်၏။ ဓမ္မဟောင်းကျမ်းသည် ဓမ္မသစ်ကျမ်းအ တွက်ပြင်ဆင်ပေး၏။ ဓမ္မသစ်ကျမ်းသည်လည်း ဓမ္မဟောင်းကျမ်း၌ ပါဝင်သည့် ကတိတော်များအား ပြည့်စုံစေ၏။ ထာဝရဘုရားသည် သူ၏ ဖြောင့်မတ်ခြင်းအား ပြည့်စုံစွာ ဖော်ပြထားသည့် စစ်မှန်သော သတင်းကောင်းအား ပေးအပ်တော် မူခြင်းဖြင့် ကျွန်ုပ်တို့ကို ဤလောက၏အပြစ်များမှ ကယ်တင်တော်မူ၏။ ဤသို့ဖြင့် သူသည် လူသားတို့အား သူတို့၏ အပြစ်အားလုံးတို့အား ကယ်တင်ခဲ့၏။

ယခုပင် တလောကလုံးသည် ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်၏ သတင်းကောင်းဆီသို့ ဦးလှည့်သင့်သည်။ လူများကို အပြစ်မှ ကယ်တင်သည့် တစ်ခုတည်းသော ဧဝံဂေလိတရားကား ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်၏ မူလဧဝံဂေလိတရားပင် ဖြစ်သည်။ ညီအစ်ကိုတို့ တလောကလုံးသည်

ရေနှင့်အ သွေးတော်မြတ်၏ သတင်းကောင်းဆီသို့ ဦးလှည့်ရမည်။ သူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားပါရှိသည်။ ရေနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ ဧဝံဂေလိတရားဘက်သို့ ဦးလှည့်ရသည်။

ဤအကြောင်းရင်းမှာ ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်ဧဝံဂေလိ တရားသည် ကျွန်ုပ်တို့ကို အပြစ်မှ ကယ်တင်နိုင်သည့် တခုတည်းသော သမ္မာတ ရားဖြစ်၏။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားပါဝင်သည့် ဧဝံဂေလိတရား သာလျှင် ကျွန်ုပ်တို့ကို ကယ်တင်နိုင်၍ အပြစ်ကင်းစင်စေနိုင်၏။ ထို့အပြင်ဘုရား သခင် သားသမီးများအဖြစ် ကျွန်ုပ်တို့ကို ပြောင်းလဲစေ၏။ ထိုမျှမက ကျွန်ုပ်တို့ စိတ်နှလုံးထဲရှိ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏ လူများကို အကာအကွယ် ပေး၏။ ထိုသန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွက် ဆုတောင်းပေး၏။ ကျွန်ုပ်တို့ကို ကောင်းကြီးပေး၏။ ကျွန်ုပ်တို့နှင့်အတူ အစဉ်အမြဲ နေတော်မူ၏။ ဆုကျေးဇူးအဖြစ် ထာဝရအသက်အားပေးတော်မူ၏။

အလွန်ပင် မချစ်မရဲ တွေ့ရသည်မှာ ထိုသတင်းကောင်းကို အလေးဂရု ပင်မျှမပြုသော သူမြောက်များစွာ ရှိသည်။ လူတိုင်းအတွက် ကျွန်ုပ်မျှော်လင့် ထားသည်မှာ ယေရှု၏ ဗတ္တိဇံခံခြင်းအား ရှင်းလင်းစွာ သိရှိနားလည်ခြင်းအားဖြင့် ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်၏ သတင်းကောင်းအား ယုံကြည်ရန်ဖြစ်သည်။ ယောဟန်ထံ ယေရှုလက်ခံရရှိသည့် ဗတ္တိဇံမှာ သူသည် နှိမ့်ချသောကြောင့် ရရှိခဲ့ သည့်အရာ မဟုတ်ချေ။ တလောကလုံး၏ အပြစ်များအား ယူဆောင်ရန် အလို့ငှါ ဗတ္တိဇံခံခဲ့ရခြင်းဖြစ်၏။ မိန်းမအမျိုးမှ ဖွားမြင်သမျှသော လူတို့တွင် အကြီးမြတ် ဆုံးဖြစ်သော ယောဟန်သည် သခင်ယေရှုကို ဗတ္တိဇံပေးသည့်အခါ ယေရှု၏ ခေါင်းပေါ်၌ သူ၏လက်ကို တင်တော်မူ၏။ ထိုအရာသည် ဓမ္မဟောင်းကျမ်း၌ အပြစ်မဲ့သည့် အပြစ်ဖြေရာ ယဇ်အပေါ်ယဇ်ပုရောဟိတ်အကြီးအကဲက လက်ကို တင်ခြင်းနှင့် ပြိုင်နှိုင်းထား သည်။ (ဝတ်ပြုရာကျမ်း ၁၆း၂၀) လက်ဝါးကား တိုင်အပေါ်ယေရှုအသေခံတော်မူခြင်းသည် သူ၏ ကိုယ်ပေါ်သို့ အပြစ်များအား ယူတင်ဝတ်ဆောက်ခြင်းကြောင့် ဖြစ်သည်။

ဂုင်းသည် အသွေးသွန်းလောင်းသည့် အပြစ်ဖြေရာ ယဇ်နှင့်ဂုင်း၊ လက်တင်ခြင်းအားဖြင့် အသေသတ်ခံရခြင်းသော်ဂုင်း နှိုင်းယှဉ်ထားသည်။ ဓမ္မသစ်နှင့် ဓမ္မဟောင်းကျမ်းတို့တွင် ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်၏ ဧဝံဂေလိတရား တို့ကို ဖော်ပြထားပြီးဖြစ်သောကြောင့် မူရင်းတခုကို စွန့်လွှတ်၍ အခြားဧဝံဂေ လိတရားအား ယုံကြည်သော သူသည် မှားယွင်းသော ယုံကြည်ခြင်းကို ရရှိထား ၏။ ဤလောကသို့ ဆင်းကြွခဲ့စဉ် သခင်ယေရှုပြုတော်မူသည့် ယောဟန်အားဖြင့် ဗတ္တိဇံခံခြင်းဖြစ်သည်။ သူ၏ ဗတ္တိဇံခံခြင်းသည် သင်္ကေတမျှဖြစ်သည်ဟု ယုံကြည် ခြင်းနှင့် ယေရှုသည် သူ၏ နှိမ်ချခြင်းဖြင့် ဗတ္တိဇံခံယူခဲ့သည်ဟု ထင်မှတ်ခြင်းသည် အလွန်ပင်မှားယွင်းပါသည်။

မည်သည့်လူသည် မှားယွင်းသည့်အယူဝါဒလက်ခံသော သူဖြစ်ပါသနည်း။ တိတု ဩဝါဒစာ ၃း၁၀၌ "*သင်းခွဲသော သူကို နှစ်ကြိမ်မြောက်အောင် ဆုံးမပြီးမှ ပယ်ရှားနှင်ထုတ်လော့။ ထိုသို့သော သူသည် ကိုယ်အပြစ်ကို သိလျက် ပင် အပြစ်ပြု၍ မှောက်လှန်သော စိတ်ရှိသောသူဖြစ်သတည်း။*' ဟု ရေးသား ထား၏။ သင်းခွဲချင်သောသူသည် မိမိကိုယ်ကို ရှုတ်ချသော သူဖြစ်သည်။ မိမိကိုယ် ကို ရှုတ်ချသော သူဆိုသည်မှာ မိမိအမှားကို ဝန်ခံလျက် မိမိ၌အပြစ်ရှိသည်ဟု ခံယူသော သူဖြစ်၏။ ထို့ကြောင့် "*ကျွန်ုပ်သည် အပြစ်သားတဦးဖြစ်ပါ*" *ဟု* ဆိုသော ခရစ်ယာန်သည် သင်းခွဲချင်သောသူ၊ မှားယွင်းသော အယူဝါဒကို စွဲကိုင် သူဖြစ်သည်။ "*သင်းခွဲသောသူကို နှစ်ကြိမ်မြောက်အောင် ဆုံးမပြီးမှ ပယ်ရှားနှင် ထုတ်လော့*" ဟု ရေးသားရခြင်းဖြစ်သည်။

ထိုကဲ့သို့သော ခရစ်ယာန်သည် ကောက်ကျစ်ယိုယွင်းသော သူဖြစ်သောကြောင့် အပြစ်ကင်းစင်သော သန့်ရှင်းသူသည် မှားယွင်းသော အမူဝါဒကို စွဲကိုင် သော သူ၏ အနီးအနားသို့ပင် မချဉ်းကပ်သင့်ပေ။ သူသည် မိမိကိုမိမိ အသံရေ ရှုတ်ချသော သူဖြစ်၍ သူ၏ယုံကြည်ခြင်းနှင့် ဘာသာရေးအသက်တာသည် ပျက်စီးယိုယွင်းသောကြောင့် ဖြစ်သည်။ ထာဝရဘုရား၏ ရှေ့တော်မှောက်၌ ခွင့်မ လွှတ်နိုင်သော အပြစ်တို့ကို ကျူးလွန်မိသူတဦးသည် ရေနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏

ဧဝံဂေလိတရားအား လက်ခံယုံကြည်ခြင်း အားဖြင့် အပြစ်ကင်း စင်စေရန် မလိုလားသော သူဖြစ်သည်။ သို့သော်ထိုအစား သူသည် ဆက်လက်၍ အပြစ်သားဖြစ်သည်ဟု ဝန်ခံပြောကြားယင်း ဘုရားသခင်ရှေ့တော်၌ ကယ်တင်ခြင်းအား ငြင်းပယ်သော အပြစ်ပြုမိကြ၏။ သခင်ခင်ယေရှုကို ယုံကြည်ပါသည်ဆို သော်လည်း မိမိကိုယ်ကို ရှုတ်ချသော သူသည် ငရဲမီးအိုင်ဘက်ဆီသို့ ဦးတည်နေ သည့် အယူဝါဒ မှားယွင်းသူဖြစ်သည်။

အချို့သော ခရစ်ယာန်တို့သည် "အဲဒါ ငါ့အမှားဘဲ" ဟူသော စာတမ်းအား မိမိတို့ကား နောက်မှန်များတွင် ကပ်ထားလေ့ရှိကြ၏။ ယင်းသည် လူ့မျက် စိဖြင့် ရှုမြင်သောအခါ လှိုက်လှဲစွာ ပြောထွက်သော စကားမျိုးဟု ထင်ရသော် လည်း အမှန်မှာ ၎င်းသည် "လူတဦး၏ မှားယွင်းမှု သက်သက်" ဖြစ်သောကြောင့် ထိုအရာသည် ငရဲသို့ ဦးဆောင်သော အရာ၊ သင်းခွဲလိုသော သူဖြစ်လာရပြီး၊ ကျိန်ဆဲခံရခြင်းသည်လည်း ထိုသူ၏ မှားယွင်းမှု သက်သက်ကြောင့်သာ ဖြစ်ရ သည်။ "အဲဒါ ငါ့အမှားဘဲ" ဆိုသည့်စကားသည် လူတဦးက မိမိသည်မွန်မြတ်စွာ အသက်ရှင်နေထိုင်လိမ့်မည်ဟု အလျင်စလိုပြောသောစကားသည် တရပ်သာဖြစ် သည်။ ထို့ကြောင့် ထိုသို့သော ကြွေးကြော်သံအား ထောက်ခံသူ၊ ကောင်းမွန်စွာ အသက်ရှင်နေထိုင်မည်ဟု ပြောကြားသူ၏ ပြောကြားခြင်းသည် လူသားတွင် အပြစ်၏မျိုးစေ့ပါရှိသည်ဟု ဆိုသော ဘုရားသခင်၏ နှုတ်တော်ထွက်စကားအား တိုက်တိုက်စိန်ခေါ်ခြင်းဖြစ်သည်။ ထိုသို့သော လူတို့၏ အတွေးအခေါ်အား လိုက်ခံရှာဖွေသော သူတို့သည် ကျိန်ဆဲခြင်း အမင်္ဂလာအမျိုးမျိုးအား မကြာခဏ ရရှိကြသည်။

သင်တို့အထဲ၌ ထိုနည်းအားဖြင့် မိမိကိုယ်ကို ရှုတ်ချသော သူရှိပါသလား။ ထို့နောက် ရောမပြဒါဝါဒစာအခန်းကြီး ၃ကိုအခြေပြု၍ ဟောချက်အား သေချာနားထောင်သင့်သည်။ အကြောင်းမှာ ၎င်းတွင်ဖြောင့်မတ်စေခြင်း ယုံကြည် ချက်ကို မဖော်ပြသည့် အပြစ်မှ ရွေးနှုတ်ကယ်တင်ခြင်းအား ပြောကြားထား၏။ ရောမပြဒါဝါဒစာစောင်က ဤအကြောင်း ပိုမိုပြည့်စုံစွာ ဖော်ပြထားသည်။ တမန် တော်ရှင်ပေါလုသည် တနေ့သောအခါ လူများပြောကြားလာမည့် အရာကို ကြိုတင်သိနှင့် ခဲ့၏။

ထို့ကြောင့် ကြိုတင်ဟောကြားနှင့်သည်မှာ အပြစ်မဲ့ဖြစ်လာရခြင်းသည်အမှန်ပင် အပြစ်မရှိသော သူဖြစ်လာရခြင်းဖြစ်ပြီး အပြစ်သားအား ဖြောင့်မတ်သော သူဟုခေါ်ယုံမျှသာ မဟုတ်ချေ။ သူသည်လည်း ရှင်းလင်းစွာ ထောက်ပြထားသည်မှာ ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်၏ ဧဝံဂေလိတရားသည်သာ သမ္မာတရားဖြစ်သည်ဟူ၍ ဖြစ်၏။ ထို့ကြောင့် လက်ဝါး ကား တိုင်၏ အသွေးတော်မြတ်သာ ယုံကြည်သော သူတို့သည် ရောမဩဝါဒစာ စောင်အား ဖတ်ရှုသောအခါမသိရှိနားမလည်ဘဲလျက်နေမည်မှာသဘာဝ ပင်ဖြစ်သည်။

ရောမမြို့ထံတမန်တော်ရှင်ပေါလု၏ ဩဝါဒစာစောင်သည် ကြီးမြတ်သော နှုတ်ကပတ်တော်သမ္မာ တရားဖြစ်၏။ အကြောင်းမှာ ၎င်းက ရေနှင့်သန့် ရှင်းသော ဝိညာဉ်တော်၏ ဧဝံဂေလိတရားတော်ကို သက်သေခံထားသည်။ လူတဦးတယောက်သည် ယုံကြည်ခြင်း မရရှိမီ မူလအားဖြင့် အပြစ်သားဖြစ်သော် လည်း သခင်ယေရှုကို ယုံကြည်လက်ခံပြီးနောက်ပိုင်း ဖြောင့်မတ်သောသူဖြစ် လာလိမ့်မည်။ မိမိ၏ နှလုံးသားထဲ၌ အပြစ်မရှိ၊ မပိုင်ဆိုင်သောသူဖြောင့်မတ်သော သူအမှန်ဖြစ်လာလိမ့်မည်။ ဤအရာသည် စစ်မှန်သော ယုံကြည်ခြင်းအား ရရှိပိုင် ဆိုင်သော နည်းဖြစ်သည်။

ယခုအချိန်၌ပင် လူတို့၏ ယုံကြည်ခြင်းသည် မပြည့်စုံသူတို့၏ ယုံကြည်ခြင်းသည် ဒုတိယမွေးဖွားခြင်းခံရသည် အသင်းတော်အားဖြင့် ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော် နှုတ်ကပတ်သမ္မာတရားအား ကြားနာရန် နားစွင့်ပါက တဖြည်းဖြည်းစုံလင်ခြင်း အဖြစ်သို့ ရောက်ရှိကြလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။ ဤဟောချက်များအားဖြင့် ရေနှင့်ဝိညာဉ်တော်၏ ဧဝံဂေလိတရားကို ပိုမိုလေ့ လာ၍ သမ္မာတရား၌ ခိုင်ခံ့ရှိပါ။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကောင်းကင်ဘုံ၏ ကြွယ်ဝသော ကောင်းကြီးမင်္ဂလာအား ချပေးတော်မူလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။

# ဧဝံဂေလိသတင်းကောင်း၌ ဖော်ပြထားသည့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတ ရားတော်

(ရောမသြဝါဒစာ ၁း၁၆-၁၇)

"ငါသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့်၊ ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား ထိုတရားသည် ရှေးဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသော သူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏ တန်ခိုး တော်ဖြစ်၏။ အဘယ်သို့ဖြစ်သနည်း ဟူမူကား၊ ဖြောင့်မတ်သော သူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်ဟု ကျမ်းစာလာသည်နှင့်အညီ ယုံကြည်ခြင်း၌တည်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည် ခြင်းအဘို့အလို့ငှါ ဧဝံဂေလိတရားအားဖြင့် ထင်ရှားလျက်ရှိ၏။"

## ကျွန်ုပ်တို့သည်ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားအားလက်ခံ ရရှိရမည်

တမန်တော်ရှင်ပေါလုသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့် ရှက် ကြောက်ခြင်းမရှိ၊ သူသည် ဧဝံဂေလိတရားအား ဂုဏ်သရေရှိစွာ သက်သေခံခဲ့၏။ မည်သို့ပင်ဖြစ်စေကာမူ လူအများတို့သည် သခင်ယေရှုကို ယုံကြည်ကြသော် လည်း ဝမ်းနဲရကြသည့် အကြောင်းရင်းတခုမှာ သူတို့၏ အပြစ်ကြောင့်ပင် ဖြစ် သည်။ ယင်းသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအား အသိအမှတ်ပြုရာ၌ လစ်လျှို့ရှုထားကြသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖြောင့် မတ်ခြင်းတရားအား ယုံကြည်ခြင်းဖြင့်ရင်း မိမိတို့၏

ဖြောင့်မတ်ခြင်းအား စွန့်လွှတ် ခြင်းဖြင့်၎င်း ကယ်တင်ခြင်းရရှိနိုင်သည်။

တမန်တော်ရှင်ပေါလုသည် အဘယ်ကြောင့် ဧဝံဂေလိတရားအား ရှက်ကြောက်ခြင်းမရှိခဲ့သနည်း။ ဦးစွာ ပထမအနေဖြင့် ၎င်းတွင် ဘုရားသခင်၏ ဖြောင့် မတ်ခြင်းအား ဖော်ပြပါရှိသောကြောင့် ဖြစ်သည်။

ဂရိဘာသာစကား၌ "*ယူဂဲလီးယန်း*" ဧဝံဂေလိတရား၏ အဓိပ္ပါယ်မှာ သတင်းကောင်းဖြစ်သည်။ ယေရှုခရစ်သည် ဗက်လင်မြို့၌ ဖွားမြင်တော်မူသည့်အခါ ကောင်းကင်တမန်သည် ညအခါ သိုးများကို ထိန်းကျောင်းသည့် လူများထံပေါ်လာကာ "ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော် မူစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်း ရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာရှိစေသတည်းဟု ဘုရားသခင်ကို ချီးမွမ်း၍ မြွက်ဆိုကြ၏။" (ရှင်လုကာခရစ်ဝင် ၂း၁၄) ယင်းသည်သတင်းကောင်းဖြစ်၏။ လူတို့ထံဝမ်း မြောက်ခြင်း၊ ငြိမ်သက်ခြင်းသတင်းကောင်းဖြစ်၏။ သခင်ဘုရား၏ ဧဝံဂေလိ တရားသည် ကျွန်ုပ်တို့ကို အပြစ်အားလုံးတို့မှ ကယ်လွှတ်ခဲ့သည့်အပြင် ဤလော က၏ အပြစ်များကိုလည်း ဆေးကြောတော်မူခဲ့သည်။ ယေရှုက ကျွန်ုပ်တို့ အပြစ်အားလုံး ဆေးကြောတော်မူသည်။ သူကိုယ်တော်တိုင်ပင် နောက်ချေးပုံတွင် လူးလိမ့်နေသည့် ပိုးကောင်နှင့် အပြစ်နွံတွင် ကျရောက်နေသည့် သူများ၏ အပြစ် အားလုံးတို့ကို ဆေးကြောခဲ့သည်။

ပထမအနေဖြင့် တမန်တော်ရှင်ပေါလုက ဧဝံဂေလိတရား၌ ဖော်ပြထားသည့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားအား မိန့်ဆိုထားသည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားက ကျွန်ုပ်တို့ကို သန့်ရှင်းသူများနှင့် ဖြောင့်မတ် သော သူများဖြစ်လာကြစေရန် အခွင့်ပေးတော်မူသည်။ ၎င်းအပြင် ထိုအရာက ထာဝရအသက်ရရှိရန်နှင့် အပြစ်ကင်းစင်စေရန် ကျွန်ုပ်တို့ကို အခွင့်ပေးတော် မူသည်။

လူသားများ၏ ဖြောင့်မတ်ခြင်းကား အဘယ်နည်း။ ကျွန်ုပ်တို့လူသားများသည် ဝါကြွားစရာ အကြောင်းတခုခုရှိလာပါကဘုရားသခင်ရှေ့တော်မှောက်ဖော်ထုတ်ပြသချင်ကြသည်။ကောင်းသော အကျင့် ကျင့်ခြင်းဖြင့် တဦး၏ မာမာနစုပုံခြင်းက

လူသား၏ ဖြောင့်မတ်ခြင်းကို ထုတ်ဖော်ပြသသည်။ ထို့ကြောင့် ယေရှု၏ ဖြောင့်မတ်ခြင်းက ကျွန်ုပ်တို့ကို အပြစ်အားလုံးတို့မှ ကယ်တင်ခဲ့ပြီး ဧဝံဂေလိတရား၌လည်း ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအား ဖော်ပြရန် အခွင့် ပေးတော်မူ၏။

ယနေ့ခရစ်ယာန်အများစုတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း ဧဝံဂေလိသတင်းကောင်းအား သိရှိနားလည်ခြင်းမရှိပဲ ဧဝံဂေလိတရားဟော လေ့ရှိကြသည်။ထိုသူတိုကက"သခင်ယေရှုကို ယုံကြည်ပါ၊သင်သည် ကယ်တင် ခြင်းရရှိပါလိမ့်မည်၊ ထို့အပြင် ကြွယ်ဝချမ်းသာလာမည်" ဟု ပြောတတ်လေ့ ရှိသည်။ ထို့ကြောင့် ဤအရာများသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း သတင်း ကောင်းကို သွန်သင်ခြင်း မဟုတ်ပေ။ ဧဝံဂေလိတရားသည် အခြားအရာများထက် ပို၍ ကျော်ကြားလာဟန်တူပေသည်။ သို့သော် လူအများစုတို့က ကရုမထားကြပဲ သတင်းကောင်းကိုပင် နားမလည်ကြချေ။ သမ္မာကျမ်းစာတော်မြတ်သည် ရောင်း ရအကောင်းဆုံးစာအုပ်ဖြစ်လာဟန် တူပေသည်။ သို့သော် လူတို့က ၎င်းတွင် ပါရှိသည့်အကြောင်းအရာကိုမူ အမှန်တကယ် မသိရှိကြသေးချေ။ ဤလော ကတွင် တန်ဖိုးအကြီးဆုံးနှင့် အကျိုးအမြတ်အကောင်းဆုံးသော အရာကား ဧဝံဂေ လိတရားတော်ပင် ဖြစ်သည်။ ယင်းအား ကျွန်ုပ်တို့ထံ ဘုရားသခင်အပ်ပေး တော်မူ၏။

*"ယုံကြည်ခြင်း၌ တည်သောဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းအဘို့အလို့ငှါ ဧဝံဂေလိတရားအားဖြင့် ထင်ရှားလျက်ရှိ၏။"* ဘုရား သခင်၏ ဧဝံဂေလိတရားသည် သဲကန္တာရရှိအိုအေစစ်ကဲ့သို့ ဖြစ်သည်။ ယေရှု ဘုရားသည် မြောက်များစွာသော အပြစ်တို့ကို ကျူးလွန်ကြသည့် လူသားများထံ ဆင်းကြွခဲ့ပြီး သူတို့၏ အပြစ်အားလုံး ဆေးကြောတော်မူ၏။ သို့ဖြစ်စေကာမူ လူသားတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းဆုကျေးဇူးကို ငြင်းပယ်ကြ သည်။ မိမိတို့ဖြောင်မတ်ခြင်းကို တည်စေရန် ကြိုးစားကြသောအခါ သူ၏ ဖြောင့် မတ်ခြင်းက တလောကလုံး၏ အပြစ်တို့ကို ဆေးကြောရခြင်းဖြစ်သည်။မိမိတို့၏ ကြိုးပမ်းလုပ်ဆောင်ချက်များကို လက်မြောက်အရှုံးပေးသောသူများ (အမှု တော်မြတ်၊ ဆက်ကပ်ခြင်း၊ စိတ်အားထက်သန်မှု၊ ပေးကမ်းစွန့်ကြဲခြင်း၊

နောင်တ ရားနှင့် ဆုတောင်းချက်၊ အစာရှောင်ဆုတောင်းခြင်း၊ ဘုရားသခင်၏ နေ့ရက်အား ကျင့်ဆောင်ခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်သမ္မာတရားအား လက်တွေ့ ကျင့်သုံးရန် အဓိပ္ပါယ်ဖွင့်ဆိုခြင်းစသည်ဖြင့်) နှင့် ဘုရားသခင်၏ ဆုကျေးဇူးအား ငြင်းပယ်သော သူတို့သည် သူ၏ ဖြောင့်မတ်ခြင်းတရားအားငြင်းပယ်သော သူများဖြစ်ကြ၏။ မိမိ၏ ဖြောင့်မတ်မှန်ကန်ခြင်းအား အရှုံးပေးမှသာ ဘုရား သခင်၏ ဖြောင့်မတ်ခြင်းတရားအား လက်ခံရရှိနိုင်သည်။

## သင်္ဘောသဖန်းရွက်ကို အတူတကွချုပ်လုပ်ကာ မိမိတို့ဝတ်ဆင်ရန် ပြုလုပ်ကြသည်

ကမ္ဘာဦးကျမ်း *၃း၂၁၌"ထာဝရအရှင်ဘုရားသခင်သည်လည်းလုလင် မယားတို့သားရေဖြင့်ဝတ်လုံကိုလုပ်၍ဝတ်ခြုံစေတော်မူ၏"*ဟုရေးသားထားသည်။

ပထမဦးဆုံးသော လူအာဒံသည် စာတန်မာရ်နတ်၏ လိမ်လည် လှည့်ဖြားမှုအောက်၌ ကျရောက်ခြင်းဖြင့် ဘုရားသခင်အား ဆန့်ကျင်ကာ ပြစ်မှား ခဲ့၏။ အပြစ်ကျူးလွန်မိပြီးနောက်များမကြာမီ အာဒံနှင့်ဧဝတို့နှစ်ဦး ပြုလုပ်ခဲ့သည့် အရာမှာ သဖန်းရွက်ကို အတူကွချုပ်လုပ်ကာ သူတို့ကိုယ်တိုင် ဝတ်ဆင်ရန် ပြုလုပ်ကြ၏။ သဖန်းရွက်အားဖြင့် ပြုလုပ်သည့် အဝတ်အထည်သည် သားရေဖြင့် ပြုလုပ်သည့် ဝတ်ရုံနှင့် လုံးဝဆန့်ကျင့်သည် ၎င်းမှာ *"လူ၏ဖြောင့်မတ်ခြင်း"* နှင့် *"ဘုရားသခင်၏ဖြောင့်မတ်ခြင်း"* အကြားခြားနားချက်ဖြစ်သည်။ ကမ္ဘာဦးကျမ်း ၃း၇ က "မိမိတို့ဝတ်ရန်ဘို့ သင်္ဘောသဖန်းပင်အရွက်တို့ကို ချုပ်၍ ခါးစည်းကို လုပ်ကြ၏ဟု ဆိုသတည်း။မုန်လာရွက်များကို သင်ခေါက်ဖူးပါသလား။ ကျွန်ုပ်ကိုး ရီးယားများသည် မုန်လာမင်များမှ မုန်လာရွက်များကို လှီးဖြတ်ကာ ၎င်းတို့ကို ခြောက်သွေ့စေရန် ကောက်ရိုးများနှင့် ချီလေ့ရှိသည်။ ဆောင်းရာသီ၌ ၎င်းတို့နှင့် ပဲကိုချက်ပြုတ် လေ့ရှိသည်။ ဟင်းကောင်းတမယ်ပင်ဖြစ်သည်။

အပြစ်ကျူးလွန်မိပြီးနောက် အာဒံနှင့်ဧဝသည် သဖန်းရွက်ကို ချုပ်လုပ်ကာ ဝတ်လုံပြုလုပ်ကြသည်။ ထိုသို့သော လုပ်ဆောင်ချက်သည် ကောင်းသော အကျင့်ကျင့်ခြင်း၊ မိမိကိုယ်ကို ညှင်းပန်းခြင်းနှင့် ယဇ်ပူဇော်ခြင်းတို့ဖြစ်ကြပြီး လူ့သတ်မှတ်ချက် ဖြောင့်မတ် မှန်ကန်ခြင်းဖြစ်သည်။ သဘော်သဖန်းရွက်နှင့် မိမိတို့ဝတ်လုံအား ပြုလုပ်ရခြင်းသည် ဘုရားသခင်ရှေ့တော်မှောက်တွင် မိမိတို့ အပြစ်အား ကောင်းသောအကျင့်အားဖြင့် ဖုံးကွယ်ရန် ပြုလုပ်ခြင်းဖြစ်သည်။ မိမိ၏ ဖြောင့်မတ်မှန်ကန်ခြင်း၊ မိမိ၏ ဆက်ကပ်ခြင်း၊ မိမိ၏ ပေးကမ်းစွန့်ကျဲခြင်း၊ မိမိ၏ ဒုက္ခခံခြင်း၊ အမှုတော်လုပ်ငန်းနှင့် နောင်တတရားဖြင့် ဆုတောင်းခြင်း ဝတ်လုံ အဖြစ် ချုပ်လုပ်ခြင်းဖြစ်၍ဤင်းနှင့် လူတဦး၏ စိတ်ထဲ၌ အပြစ်များအား ဖုံးကွယ ်ခြင်းသည် ရုပ်ထုကိုးကွယ်ခြင်းဖြစ်သည်။ ၎င်းသည် ဘုရားသခင်ရှေ့တော်မှောက်၌ မာန်မာနတိုးပွားစေသည်။

ဝတ်လုံပြုလုပ် သဘော်သဖန်းရွက်ကို ချုပ်စပ်ခြင်းဖြင့် ဘုရားသခင် ရှေ့တော်မှောက် မိမိတို့၏ စိတ်နှလုံးထဲက အပြစ်များဖုံးကွယ်၍ ရနိုင်ပါသလား။ မိမိတို့အပြစ်များကို ကောင်းသောအကျင့်အားဖြင့် ကွယ်ဝှက်ထားနိုင်ပါသလား။ ဘယ်တော့မှ မရပါ။ အရွက်သည် တရက်အတွင်းတွင် (နေ့မဟုတ်) သုံးရက်ပြီး နောက် ကျဆင်းကာ ညှိုးနွမ်းလေ့ရှိ၏။ အဝတ်အားဖြင့် ပြုလုပ်သော ဝတ်လုံသည် တာရှည်မခံနိုင်ပါ။ သဘော်သဖန်းရွက်များကို ချုပ်စပ်ကာ ဝတ်လုံပြုလုပ်သော သူတို့သည် မိမိတို့ကောင်းသောအကျင့်အားဖြင့် အမှုတော်ဆောင်ခြင်းဖြင့် ဖြောင့်မတ်ရန်ကြိုးစားသောသူအမည်ခံမျှသာ ဖြစ်ကြ၏။ ထိုသူတို့သည် ဘုရား သခင်၏ နိုင်ငံတော်ထဲသို့မဝင်ရ။ အပြစ်တရားမှ ခွင့်လွှတ်ခြင်းသည် မိမိတို့အ ကျင့်ဖြောင့်မတ်ခြင်းအားဖြင့် မရရှိနိုင်ပါ။

သဘော်သဖန်းရွက်နှင့် ဝတ်လုံကိုချုပ်စပ်ခြင်းအားဖြင့် မိမိတိုက၏ အပြစ်များအား ဖုံးကွယ်ရန် ကြိုးစားကြသောအခါ ဘုရားသခင်က အာဒံအား သင်အဘယ်မှာနည်းဟု ခေါ်တော်မူခဲ့၏။ ဥယျာဉ်ထဲရှိ သစ်ပင်များအကြား မိမိကိုယ်မိမိ ဖုံးကွယ်ရန် ကြိုးစားနေစဉ် ပြောကြားသည်ကား အကျွန်ုပ်သည် ကိုယ်လုံးတည်းတည်း နေသောကြောင့် ကြောက်ရွံ့ကာ ပုံးကွယ်ပါ၏ ဟူ၍ ဖြစ်

သည်။ အပြစ်ရှိသောသူသည် သစ်ပင်များအကြားဖုံးကွယ်ရန် ကြိုးစားလေ့ရှိ၏။ သမ္မာကျမ်းစာတော်၌ သစ်ပင်သည်မကြာခဏ လူများဟု အဓိပ္ပာယ်ဖော် ဆောင်၏။ အပြစ်ရှိသောသူ/သူမသည် လူများအကြား မိမိကိုယ်ကိုဖုံးကွယ်ရန် ကြိုးစားလေ့ရှိသည်။ သူ (သို့) သူမသည် လူအမြောက်အများစုဝေးလေ့ရှိသည့် အသင်းတော်အစည်းအဝေး ရှေ့၌သော်၎င်း၊ နောက်ဆုံး၌သော်၎င်း မထိုင် လိုကြဘဲအလယ်၌ ထိုင်ခုံနေရာရယူ လိုချင်ကြသည်။ အဘယ့်ကြောင့်နည်း။ သူသည် လူများကြားထဲ၌ မိမိကို မိမိဖုံးကွယ်ရန် လိုအားကြသော ကြောင့်ဖြစ်၏။

သို့သော်သူ/သူမသည် လူများကြားမိမိကိုယ် မိမိဖုံးကွယ်ရန် လိုချင်ကြသောကြောင့်ဖြစ်သည်။ သို့သော်ဘုရားသခင် ရှေ့တော်မှောက်၌ သူ၏အပြစ်များကို ဖုံးကွယ်၍မရချေ။ သူ/သူမသည်မိမိ၏ ဖြောင့်မတ်ခြင်းအားစွန့်လွှတ်ခြင်းအားဖြင့်သော်၎င်း၊ သခင်ဘုရား၏ ဖြောင့်မတ်ခြင်းအား ယုံကြည်ကိုးစားခြင်းအားဖြင့်သော်၎င်း မိမိ၏အပြစ်အားခွင့်လွှတ်ခြင်းကို ရယူရမည်။ ယုံကြည်ခြင်းအနည်းငယ်ရှိသော သူများနှင့်သမ္မာတရားအား ယုံကြည်ခြင်း၌ မတည်ကြည်သောသူတို့သည် မိမိတို့လူသားအချင်းချင်းများကြားထဲ၌ မိမိတို့ကိုယ်ကို ဖုံးကွယ်ခြင်းအားဖြင့် ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ ဝင်ရောက်လိုကြ၏။ သို့သော်မိမိတို့၏ ကောင်းသောအကျင့်နှင့် အပြစ်များကို ဖုံးကွယ်ရန် ကြိုးစားသောသူတို့သည် ထိုသူတို့နှင့် အတူတကွငရဲ၌ လမ်းဆုံးရကြမည်။ ထာဝ ရဘုရားရှေ့၌ အပြစ်သားများသည် အပြစ်သားကဲ့သို့ ဖော်ပြရမည်။ ဘုရား သခင်ထံတော်မှောက် မိမိတို့ကိုယ်ကို အရှုံးပေးရမည်။

သဘော် သဖန်းရွက်နှင့် ဝတ်လုံးကို ပြုလုပ်သောအာအံ့အား ဘုရားသခင်က "အဘယ်ကြောင့် အသီးကို ခူးယူခဲ့သနည်း။ မည်သူက စားခိုင်းပါသလဲ" ဟု မေးတော်မူခဲ့သည်။ အိုအဖဘုရား ထိုအပင်၏ အသီးကို ပေးကမ်း၍ စားမိပါ ၏ဟု လျှောက်လေ၏။ ဧဝအဘယ်ကြောင့်သင်သည် ထိုသို့ပြုမိပါသနည်းဟု မေးတော်မူ၏။ "မြေကြီးသည် အကျွန်ုပ်ကို ဖြားယောင်းကာ စားမိပါ၏"ဟု လျှောက်လေ၏။ ထိုကြောင့် ထာဝရအရှင် ဘုရားသခင် မြွေကြီးထံ "သင်သည် ဤအရာကို ပြုမိသောကြောင့် သင်သည်

တိရစ္ဆာန်တကာတို့တွင် ကျိန်ခြင်း ကိုခံရ၏။ တိရစ္ဆာန်တကာတို့ တို့ထက်သစ်သည် ဝမ်းဖြင့် တွားသွားကား မြေမှုန်း ကို တသက်လုံးစာရမည်ဟု” မိန့်တော်မူသည်။ ထိုကြောင့် မြွေသည် မိမိ၏ဝမ်းဖြင့် တွားသွားရခြင်းဖြစ်သည်။ နောက်တဖန်ထာဝရအရှင် ဘုရင်သခင်သည် အာဒံနှင့် ဧဝတို့ထံ “သင်တို့သည် အပြစ်ကို ကျူးလွန်ကြ၏။ အပြစ်ပြုမိရန် ဖြားယောင်း ခြင်းခံရသောသူနှင့် အပြစ်ပြုရန် ဦးဆောင်ဦးရွက်ပြုလုပ်သောသူတို့သည် တထပ်တည်း အပြစ်သားများဖြစ်ကြ သည်”ဟု မိန့်တော်မူသည်။ ယခုခေတ်တွင် မှားယွင်းသော ဖရောဖက်အသီးသီးတို့သည် မိမိတို့၏ အတုအယောင်ဖြစ်သော သတင်းကောင်းအား ဟောကြားရန် ပြောဆိုလေ့ရှိသည်ကား “မီးတောက်ကို လက်ခံပါ”ဟူ၍ဖြစ်သည်။ သူတို့၏ လိမ်လည်လှည့်ဖြားခြင်းကို ခံရသော သူများ သည် မှားယွင်းသော ပရောဖက်များကဲ့သို့ တထပ်တည်း ပြုမူခြင်းကို ခံရမည် ဖြစ်ပြီး ငရဲထဲသို့ သွားရပါလိမ့်မည်။

## ဘုရားသခင်သည် အာဒံနှင့်သူ၏ ဇနီးသည်အတွက် သားရေဝတ်လုံကို ပြုလုပ်ပေးတော်မူ၏

သခင်ဘုရားက စာတန်၏ လှည့်ဖြားခြင်းအားဖြင့် အပြစ်ပြုမိသော အာဒံနှင့် ဧဝတို့အား သူတို့ဖြစ်သည်အတိုင်း ငါသည်စွန့်ခွာပစ်မည်မဟုတ်ဟု တွေးတောတော်မူ၏။ လူသားများကို ငါ၏ပုံသဏ္ဍာန်တော်နှင့်အညီ မူလကပင် ဖန်ဆင်းရန် စိတ်ဆုံးဖြတ်တော်မူသည်အတိုင်း ငါ၏အစီအစဉ် အတိုင်းဖြစ် မြောက်ရန် သူတို့ကို ကယ်တင်လိမ့်မည်ဟု မိန့်တော်မူ၏။ ထို့ကြောင့် ဤအစီ အစဉ်သည် ဘုရားသခင်၌ ရှိနှင့်တော်မူ၏။ ဘုရားသခင်သည် တိရိစ္ဆာန်အား သတ်ဖြတ်ကာ သူတို့၏ အပြစ်များကို ထိုတိရိစ္ဆာန် အပေါ်တင် ဆောင်စေခဲ့၏။ အာဒံနှင့် ဧဝတို့ကို သားရေဝတ်လုံဝတ်စေခြင်းဖြင့် ကိုယ့်ကို ဖုံးအုပ်စေခဲ့၏။ ထိုအရာကို ကျွန်ုပ်တို့၏ ကယ်တင်ခြင်းသက်တအဖြစ် ပြုလုပ်ခဲ့၏။ စင်စစ် တွင်သဘော်သဖန်းရွက် အားဖြင့်ပြုလုပ်သော

ဝတ်လုံသည် တစ်ရက်မျှပင် တာရှည်မခံနိုင်ပေ။ ၎င်းကို မကြာခဏပြုလုပ်ပေးရမည်။ ဘုရားသခင်သည် အာဒံ နှင့် ဧဝတို့ကို ထာဝရအသက်သားရေဝတ်လုံကို ဝတ်ဆင်ပေးခဲ့ပြီး မိန့်တော်မူ သည်မှာ "အာဒံနှင့်ဧဝတို့လာကြလော့။ တိရိစ္ဆာန်တို့၏ သားရေဖြင့်ဝတ်လုံကို အသစ်ပြုလုပ်ပေး၏။ ယူ၍ဝတ်ဆင်ကြလော့။ ထိုသားရေသည် သင်တို့အတွက် အသေခံသောတိရိစ္ဆာန်တို့၏ သားရေဖြစ်၏ဟု မိန့်တော်မူ၏" အာဒံနှင့် ဧဝတို့ ကို အသက်သစ်ပေးရန် ဘုရားသခင်သည် သားရေဖြင့်ပြုလုပ်သော ဝတ်လုံးအား ဝတ်ဆင်စေပြီးလျှင် မိမိ၏ဖြောင့်မတ်ခြင်းအားနှင့် ကောင်းကြီးပေးတော်မူ၏။ ဘုရားသခင်သည် အာဒံနှင့်သူ၏ဇနီးသည်အား သားရေမှ ပြုလုပ်သော ဝတ်လုံ ကိုပြုလုပ်ကာ ဝတ်ဆင်စေ၏။ ဘုရားသခင်က ယုံကြည်သူများအား သူ၏ဖြောင့် မတ်ခြင်းနှင့် စပ်ဆိုင်သော ကယ်တင်ခြင်းအား ဝတ်ဆင်ပေးသကဲ့သို့ဖြစ်၏။

မည်သို့ဆိုစေ လူသားတို့၏ ကယ်တင်ခြင်းသည် ဘုရားသခင်၏ ကယ် တင်ခြင်းမှဖြစ်၍ သဘော်သဖန်းရွက်ဖြင့် ပြုလုပ်သော သစ်ရွက်ဝတ်လုံဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ၏ဖြောင့်မတ်ခြင်းဖြစ်သောသားရေဝတ်လုံကို ဝတ်ဆင်စေသည်။ သခင်ဘုရားသည် သူ၏အသွေးနှင့် အသားကိုပေးကမ်းခြင်း ဖြင့် သူ၏ဖြောင့်မတ်ခြင်းနှင့် အပြစ်မှ ရွေးနှုတ်ကယ်တင်ခြင်းကို ဝတ်ဆင်စေခဲ့၏။ ကျွန်ုပ်တို့နေရာ၌ တရားစီရင်ခြင်းအားလုံးတို့ကို လက်ခံရယူရန် လက်ဝါးကပ် တိုင်၌ အသေတော်ခံခြင်းနှင့် ဗတ္တိဇံခံခြင်းဖြင့် ကျွန်ုပ်တို့၏ အပြစ်အရာခပ်သိမ်း တို့ကို ယူဆောင်သွားခဲ့သည်။ သခင်ယေရှု၏ အသွေးတော်မြတ်နှင့် သူ၏ဗတ္တိဇံ ခံခြင်း ဧဝံဂေလိတရားတော်အားဖြင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအားယုံ ကြည်သောအခါဘုရားသခင်သည်ကျွန်ုပ်တို့အားအပြစ်၏ခွင့်လွှတ်ခြင်းအားရရှိ စေတော်မူ၏။ယင်းသည်
အပြစ်များမှကယ်တင်ခဲ့သည့်သတင်းကောင်းဖြစ်သည်။

မိမိတို့ဖြောင့်မတ်ခြင်းအား တည်စေရုံကြိုးပမ်းကြသည့် သူအများရှိ၏။ သို့သော်သူတို့သည် ဤလောက၌ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားအား

ငြင်းပယ်ကြ၏။ သူတို့သည် မိမိတို့ဖြောင့်မတ်ခြင်းကို စွန့်ပစ်ရမည်။ ရောမသြဝါဒစာ ၁၀း၁-၄၌ *"ညီအစ်ကိုတို့၊ ဣသရေလလူတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်စေခြင်းငှါ၊ ငါ၏စေတနာအလိုရှိ၍ ဘုရားသခင်ကို ဆုတောင်းလေ့ရှိ၏။ ထိုသူတို့သည် မှန်သောပညာမရှိသော်လည်း ဘုရားသခင်ဘက်၌ စိတ် အားကြီးသည်ဟု သူတို့အဘို့ငါသက်သေခံ၏။ ထိုသူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို မသိဘဲ၊ ကိုယ်ဖြောင့်မတ်ခြင်းကို တည်စေခြင်း ငှါ ရှာကြ သောကြောင့်၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကို ဝန်မခံကြ။ ယုံကြည်သော သူအပေါင်းတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း၊ ပညတ်တရားသည် ခရစ်တော်အားဖြင့် စုံလင်ခြင်းရှိ၏"* ဟုရေးသား ထားသည်။

ဣသရေလလူတို့သည် မိမိတို့ဖြောင့်မတ်ခြင်းကို တည်စေရန် ဓမ္မသတ်တရား၌ အလေးအနက် တိုက်တွန်းလေ့ရှိကြသည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားကို လစ်လျှူပြုကြ၏။ ဘုရားသခင်သည် အပြစ်တရားအား သိရှိကြစေရန် ပညတ်တရားအား ပေးထား၏။ ပညတ်တော်ဆယ်ပါးအားဖြင့် လူတို့ဉည် အပြစ် တရားကို သိရှိကြပြီး ကဲတော်ယဇ်ပူဇော်ခြင်းအားဖြင့် အပြစ်များမှ ကယ်တင် ခဲ့သောသူ၏ကယ်တင်ခြင်း ဖြောင့်မတ်ခြင်းတရားကို ယုံကြည်သောအားဖြင့် အပြစ်မှ ခွင့်လွှတ်ခြင်းကို ရရှိကြသည်။ ထိုကြောင့်ကဲတော်အတွင်း အပြစ်ဖြေရာယဇ်ဆိုသည်မှာ သခင်ယေရှုသည် ဓမ္မသစ်ကျမ်း၌ ဘုရားသခင်၏ ကိုယ်စားပြုအမှန်ဖြစ်တော်မူ၏။ သို့ဖြစ်၍ ဣသရေလလူတို့သည် ထိုဘုရားသခင်၏ ဖြောင့် မတ်ခြင်းတရားကို မသိရှိကြချေ။

## သခင်ယေရှုသည် အဘယ်ကြောင့် ဗတ္တိဇံခံတော်မူသနည်း

သခင်ယေရှုသည် အဘယ်ကြောင့် ဗတ္တိဇံခံတော်မူသနည်း။ သခင်ယေရှုသည် ဤလောက၏ အပြစ်အားလုံးဆေးကြောပစ်ရန် အလို့ငှါ ဗတ္တိဇံဆရာယောဟန်က ဗတ္တိဇံပေးခဲ့၏။ သူသည် ဗတ္တိဇံမခံယူမီ အချိန်လေး၌ ဗတ္တိဇံဆရာ ယောဟန်အား *"အလုံးစုံသောတရားတို့ကို အကုန်အစင်ကျင့်သင့်သည်ဖြစ်၍၊ ယခုအခွင့်ပေးပါဟု"* မိန့်တော်မူ၏။

(ရှင်မဿဲခရစ်ဝင် ၃း၁၅) ဤအရာသည် သူသည်ဗတ္တိဇံကို ခံယူရ၏ ထိုမှသာ လူသားတရပ်လုံး၏ အပြစ်များကို ဆေး ကြောနိုင်လိမ့်မည်။ ဗတ္တိဇံခံခြင်းဖြင့်သူသည် တလောကလုံး၏ အပြစ်ကို ယူဆောင်သွားခဲ့သည်။ *ဤလောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လော့။*"(ရှင်ယောဟန် ၁း၂၉) သူသည်အပြစ်အားလုံးကို ယူဆောင်သွားခဲ့ပြီး အပြစ်များအား ရွေးနှုတ်ကယ်တင်ရန် လက်ဝါးကပ်တိုင်အပေါ် အသေခံတော်မူသည်။သို့ဖြစ်ရကား ဣသရေလလူမျိုးတို့သည် သခင်ယေရှုအား အပြစ်သားများ၏ စုံလင်သောကယ်တင်ရှင်ဖြစ်လာခဲ့သည်ကို မယုံကြည်ကြချေ.

ဣသရေလလူမျိုးတို့သည် ဖြောင့်မတ်မှန်ကန်သော ဘုရားသခင်ထံတော်သို့ မိမိတို့ကိုယ်ကို မဆက်ကပ်ကြချေ။ သို့သော်သခင်ယေရှုသည် ယုံကြည် သော သူတိုင်းအတို့အတွက် ဖြောင့်မတ်ခြင်းတရား၏ အဆုံးဖြစ်၏။ ပညတ် တရား၏ အဆုံးဆိုသည်ကား သခင်ယေရှုသည် တလောကလုံး၏ အပြစ်များကို ဆေးကြောခဲ့သည်ဆိုခြင်းဖြစ်သည်။ ခရစ်တော်ဘုရားသည် ယုံကြည်သူတိုင်း သန့်ရှင်းခြင်းဖြစ်သော တရားစီရင်ခြင်းကို ခံတော်မူသည်။ သူသည် ပညတ်တရား ၏ အကျိန်ကို ဆုံးခန်းတိုင်စေတော်မူ၏။ လူတို့အား မိမိတို့အပြစ်များမှ ရွေးနှုတ် ကယ်တင်ခဲ့၏။ ယေရှုသည် လူသားတရပ်လုံး၏ အပြစ်များအား ဆေးကြောပစ် ရန် ဗတ္တိဇံကို ခံတော်မူခဲ့သည်။ သူသည် ယောဟန်ထံ ဗတ္တိဇံခံရန် ကိုယ်ကိုဆက် သခြင်းဖြင့် တလောကလုံး၏ အပြစ်များအား ယူဆောင်သွား၏။ တလောကလုံး ၏ အပြစ်များအား သူ့အပေါ် ယူတင်ခြင်းဖြင့် ဆေးကြောခဲ့၏။ သူသည် ထိုနည်း အားဖြင့် လူတို့ကို သူတို့၏ အပြစ်များမှ ကယ်တင်ခဲ့၏။ သူ၏ဗတ္တိဇံခံခြင်းနှင် လက်ဝါးကပ်တိုင် အပေါ်အသေသတ်ခံတော်မူခြင်းဖြင့် တလောကလုံး၏ အပြစ် များကို ယူဆောင်သွားခဲ့ပြီး ပညတ်တရား၏ ကျိန်ခြင်းအပြစ်ဒဏ်ကို ကုန်လွန်စေ တော်မူ၏။ သူသည် ပြစ်ဒဏ်စီရင်ခြင်းနှင့် ပညတ်တရား၏ ကျိန်းခြင်းမှ ကျွန်ုပ်တို့ ကို လုံးလုံးလျားလျား ကယ်တင်ခဲ့သည်။

ယင်းသည် ပညတ်တရား၏ နိဂုံးချုပ်နှင့် ဘုရားသခင်၏ ကယ်တင်ခြင်း ဖြောင့်မှန်သောတရားတော် အစဖြစ်သည်။ ဗတ္တိဇံဆရာ ယောဟန်ထံ

ဗတ္တိဇံခံခြင်း နှင့် လက်ဝါးကပ်တိုင်အပေါ် တက်ကြွခြင်းဖြင့် ဤလောက၏ အပြစ်များအား သခင်ယေရှုက အပြည့်အဝ ယူဆောင်သွားခဲ့၏။ သခင်ယေရှု၏ ဖြောင့်မတ်သော ကယ်တင်ခြင်းတရာအား ယုံကြည်ပါသော်လည်း မိမိ၏စိတ်နှလုံးထဲ၌ အပြစ်ရှိ သည်ဆိုခြင်းမှာ မည်ကဲ့သို့ ဖြစ်နိုင်ပါသနည်း။ *''ယုံကြည်ခြင်း၌တည်သော ဘုရား သခင်၏ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းအဘို့ အလို့ငှါ ဧဝံဂေလိ တရားအားဖြင့် ထင်ရှားလျက်ရှိ၏''* သခင်ယေရှု၏ ဗတ္တိဇံနှင့် အသွေးတော် မြတ်တို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားဖြစ်၏။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားအား ယုံကြည်ခြင်းသည် သခင်ယေရှု၏ ဗတ္တိဇံနှင့် အသွေး တော်မြတ်အား ယုံကြည်ခြင်းဖြစ်သည်။

ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားတော်သည် သခင်ယေရှု၏ ဗတ္တိဇံ ခံခြင်းအားဖြင့် နည်းမှန်လမ်းမှန် ပြီးပြည့်စုံခဲ့၏။ သခင်သည် ထိုအရာ၌ ယုံကြည် ခြင်းရှိရန် ကျွန်ုပ်ဆန္ဒရှိပါ၏။ ထိုနောက်သင်သည် ခပ်သိမ်းသော သင်၏အပြစ် တို့မှ ကယ်တင်ခြင်း ရရှိပါလိမ့်မည်။ အပြစ်သားများအတွက် သခင်ယေရှု၏ ဗတ္တိဇံခံခြင်းဖြင့် အပြစ်ကင်းစင်လာစေရန် ဖြောင့်မတ်ခြင်းကို ပေးအပ်ထား၏။ ထိုအပြင် ဘုရားသခင်၏ ဖြောင့်မတ်မှန်ကန်သော တရားစီရင်ခြင်းမှာ သခင်ယေ ရှု လက်ဝါးကပ်တိုင်ပေါ် အသေသတ်ခြင်းဖြစ်သည်။ "ခရစ်တော်သည် ပညတ် တရား၏ နိဂုံးချုပ်ဖြစ်သည်"။ ဘုရားသခင်၏ တရားစီရင်ခြင်းသည် ပညတ်တရား ရှိနေသနေရွေ့ကာလပတ်လုံး တရားစီရင်ခြင်း မခံရသေးသောသူတို့ထံ သင့်ရောက် လိမ့်မည်။ ထာဝရဘုရား၏ ပညတ်တရားတော်သည် အပြစ်ကို ဖော်ပြ၏။ အပြစ် ၏အခကားသေခြင်းသော်၄င်း၊ ကျိန်ခြင်းအမင်္ဂလာသော်၄င်း၊ ငရဲမီးအိုင်သော်၄င်း ဖြစ်ကြောင်း သက်သေပြဆို၏။ ထို့ကြောင့် သခင်ယေရှု၏ ဗတ္တိဇံနှင့် လက်ဝါးကပ် တိုင် အပေါ်အသွေးတော်မြတ်သည် ပညတတ်တရား၏ ကျိန်ခြင်းအမင်္ဂလာ အဆုံးသတ်ရာဖြစ်၏။ ယေရှုသည် ကျွန်ုပ်တို့၏ ခပ်သိမ်းသောအပြစ်တို့ကို ယူသွားခဲ့ပြီး ဖြောင့်မတ်ခြင်းတရားအား စုံလင်စေရန် ပညတ်တရားကို ဆုံးခန်းတိုင် စေတော်မူသည်။

## မိုက်သောသူတို့သည် သူတို့၏ မီးခွက်ကို ယူသွားကြသော်လည်း ဆီကိုမယူလာကြ

ရှင်မဿဲ ခရစ်ဝင် ၂၅း၁-၁၃ ကို ကြည့်ကြစို့။ ဤကျမ်းပိုဒ်တွင် မိမိတို့၏ သူတို့သားလောင်းကို စောင့်မျှော်နေကြသည့် အပျိုကညာဆယ်ဦးအကြောင်း ဥပမာ အား တွေ့ရသည်။ ယင်းသည် သခင်ဘုရား၏ ကြွလာတော်မူခြင်းဖြစ်၏။ သမ္မာကျမ်းစာတလျှောက် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရာအား ကြည့်ရှုကြ ကုန်အံ့။

*"ထိုအခါ ကောင်းကင်နိုင်ငံတော်ကား၊ မင်္ဂလာဆောင်လုလင်ကို ခရီးဦးကြိုပြုအံ့သောငှါ ထွက်သွားသော သတို့သမီးတကျိပ်နှင့်တူ၏။ ထိုသတို့သမီးတို့တွင် ငါးယောက်သည် ပညာသတိရှိကြ၏။ ငါးယောက်မူကား အမိုက်ဖြစ်ကြ ၏။ မိုက်သောသူတို့သည် မီးခွက်တို့ကိုသာယူ၍ ဆီကိုမယူကြ။ ပညာသတိရှိ သော သူတို့မူကား၊ မီးခွက်နှင့်တကွ ဘူး၌ပါသောဆီကိုလည်း ယူကြ၏။ မင်္ဂလာ ဆောင်လုလင်သည် မလာဘဲနေစဉ်၊ ထိုသတို့သမီးအပေါင်းတို့သည် ငိုက်၍အိပ် ပျော်ကြ၏။*

*သန်းခေါင်းယံ၌ ကြည့်ပါ။ မင်္ဂလာဆောင်လုလင်သည်လာပြီ။ ခရီးဦးကြိုပြုခြင်းငှါ ထွက်သွားကြကုန်အံ့ဟု ကြွေးကြော်လျှင် ထိုသတို့သမီးအပေါင်းတို့သည် ထ၍မီးခွက်များကို ပြင်ဆင်ကြ၏။ မိုက်သောသူတို့က ငါတို့ဆီမီးသေပါပြီ။ သင်တို့ဆီကို အနည်းငယ်ပေးပါဟု ပညာရှိသောသူတို့အား တောင်းကြ၏။ ပညာရှိသော သူတို့ကလည်း သင်တို့အဘို့နှင့်ငါတို့အဘို့ ဆီမလောက်။ ထိုကြောင့် ဆီရောင်းသောသူရှိရာသို့ သွား၍ ကိုယ်သုံးသို့ဝယ်လျှင် သာ၍ ကောင်းသည်ဟု ပြန်ပြောကြ၏။ ထိုသူတို့သည် ဆီဝယ်သွားသည်အခိုက်တွင်၊ မင်္ဂလာဆောင်လုလင်သည် လာ၍အသင့်ရှိသော သတို့သမီးတို့သည် လုလင်နှင့် အတူပွဲသို့ ဝင်ကြပြီးလျှင် တံခါးကိုပိတ်ထား၏။ ထိုနောက်ကြွင်းသော သတို့သမီး တို့သည် လာ၍အရှင်၊ အရှင်ကျွန်မတို့အား*

*တံခါးကို ဖွင့်ပါဟု တောင်းလျှောက် ကြသော် အရှင်ကလည်း၊ ငါအမှန်ဆိုသည်ကား၊ သင်တို့ကိုငါမသိဟု ပြန်ပြော လေ၏။ သို့ဖြစ်၍လူသားသည် ကြွလာအံ့သောနေ့ရက်အချိန် နာရီကို သင်တို့ သည် မသိသောကြောင့် စောင့်နေကြလော့" (ရှင်မဿဲခရစ်ဝင် ၂၅း၁-၁၃)။*

ကောင်းကင်နိုင်ငံတော်သည် မီမီတို့ဆီမီးခွက် အသီးသီးတို့ကိုယူ၍ သတို့သားအား တွေ့ဆုံကြရန် ထွက်သွားသော သတို့သမီး ဆယ်ပါးတို့နှင့် ဆင်တူ၏။ မည်သူတို့သည် ကောင်းကင်နိုင်ငံတော် သို့ဝင်ရောက်ကြသနည်း။ သတို့သမီး ဆယ်ဦးတွင် မည်သူတို့သည် ကောင်းကင်နိုင်ငံတော်သို့ဝင်စားကြသနည်း။ သူတို့ သည် သခင်ယေရှုကို ယုံကြည်ကြသောလည်း အဘယ်ကြောင့် သတို့သမီး ငါးဦး တို့သည် ကောင်းကင်နိုင်ငံတော်သို့မဝင်ရောက်ရသနည်း။ သခင်ဘုရားက အထက်ပါကျမ်းပိုဒ်တွင် အတိအလင်း မိန့်ဆိုထား၏။ ဆယ်ဦးထဲမှ ငါးဦးတို့သည် ပညာသတိရှိသောသူများဖြစ်ကြ၍ ငါးဦးတို့မှာမူ အမိုက်မများဖြစ်ကြ၏။ မိုက် သောသူတို့သည် မိမိတို့မီးခွက် ကိုကိုင်ဆောင်ကြသော်လည်း သူတို့၌ ဆီပါမ လာကြ။ ဆီမီးခွက်သည် "အသင်းတော်"ကို ပုံဆောင်ကာရပ်တည်၏။ မီးခွက်ကို ယူသော်လည်း ဆီးမပါလာကြခြင်းက သန့်ရှင်းသော ဝိညာဉ်တော်မပါဘဲ ဘုရား ကျောင်းတက်သော သူတို့ကို ကိုယ်စားပြု၏။ (သမ္မာကျမ်းစာ၌ ဆီသည် သန့်ရှင်း သော ဝိညာဉ်တော်ကို ကိုယ်စားပြုသည်)။

မိုက်သောသူတို့က မည်သည့်အရာအား ပြုလုပ်ကြသနည်း။ သူတို့သည် မီးခွက်ကို ယူသွားကြသော်လည်း ဆီပါမလာကြချေ။ သခင်ယေရှုကို ယုံကြည် သော်လည်း ဒုတိယအကြိမ် မွေးဖွားခြင်း မရှိသေးသောသူသည် ဘာသာတရားကို ကိုင်းရှိုင်းသဖြင့် ဘုရားကျောင်းတက်လေ့ရှိကောင်း ရှိပါလိမ့်မည်။ လူတိုင်းတို့ "ကျွန်ုပ်တို့အသင်းတော်သည် စစ်မှန်သော ယုံကြည်ချက် အယူဝါဒကို လက်ခံ သော အသင်းတော်"ဟုပြောလေ့ရှိသည်။ တကမ္ဘာလုံးက ခရစ်ယာန်တိုင်း ထိုသို့ ပြောလေ့ရှိ၏။ သူတို့သည် အသင်းတော်တည်ထောင်သူ ဖခင်များဖြစ် သည်ဟူ ၍၄င်း၊ မိမိတို့ဂိုဏ်းကဏ္ဍ၌ အကျင့်ကောင်းအချို့တို့ ကြောင့်၄င်း

ဝါကြွား တတ်ကြ၏။ မိုက်သောသူတို့သည် မီးခွက်အသီးသီးကိုကိုင် ဆောင်ကြသော် လည်း သူတို့၌ ဆီပါမလာကြချေ။ သို့သော်ပညာသတိရှိသော သူတို့သည် မိမိတို့ မီးခွက်များနှင့် ဆီမီးထွန်းထားကြ၏။

လူ့အသက်ကား အဘယ်အရာနည်း။ လူ့ဘဝသည် ဘုရားသခင်၏ ရှေ့တော်မှောက်၌ အိုးခွက်မျှသာဖြစ်၏။ လူသည်မြေမှုန့်အားဖြင့် ဖန်ဆင်း၏။ ထို့ကြောင့်လူသားသည် ဘုရားသခင်ကိုန်းဝပ်နိုင်သည့် ခွက်ယောက်မျှအဖြစ် သည်။ ပညာသတိရှိသောသူတို့ကား သူတို့မီးခွက်၌ဆီနှင့် မီးထွန်းညှိကာယူသွား ကြ၏။

## မိမိတို့စိတ်ခံစားမှု ဆီထွန်ညှိမထားပဲ မီးခွက်သာပါရှိသည့် မိုက်မဲသော သတို့သမီးကညာပျိုများ

သမ္မာကျမ်းစာတော်မြတ်က သခင်ယေရှုကို ယုံကြည်သူများထဲ၌ မိုက်မဲသော သတို့သမီးက များရှိကြသည်ဟု မိန့်ဆိုထား၏။ သူတို့သည် မိမိတို့မီးခွက် အသီးသီးကို ယူသွားကြ၏ သို့သော်ဆီမပါကြချေ။ ၎င်း၏ အဓိပ္ပါယ်ကား သူတို့သည် ဒုတိယမွေးဖွားခြင်းမခံကြဟု ဆိုလိုသည်။ ဆီမပါဘဲ မီးစာသည် ကြာရှည်ခံနိုင်ပါသလား။ ဤနေရာ၌ ကျွန်ုပ်တို့သိထားသင့်သည်မှာ မီးစားမည်မျှ လောက်ကောင်းသည် ဖြစ်စေဆီမပါသည့် မီးခွက်သည် လျှင်မြန်စွာ ကုန်တတ်၏။ ဒုတိယ မွေးဖွားခြင်းမခံရသော ယုံကြည်သူတို့သည် ဦးစွာသခင်ဘုရား၌ ချစ်ခြင်း မေတ္တာမျှ မရှိကြချေ။ ယင်းကလေး၊ ငါးနှစ်သာတာရှည်ခံတတ်၏။ ထိုနောက် သခင်ဘုရားအတွက် ချစ်ခြင်းမေတ္တာသည် ကုန်ခမ်း၏။ သူတို့သည် အပြစ်မှ ရွေးနှုတ်ကယ်တင်ခြင်း မရရှိကြကြောင်း သိနားလည်လာရသည်။

ဒုတိယမွေးဖွားခြင်း မခံရသေးသော သူတို့သည် (သို့မဟုတ်) ဆီ (သန့် ရှင်းသော ဝိညာဉ်တော်)မပါရှိသူများဖြစ်ကြ၍ ဤကဲ့သို့ပြောကြားလေ့ရှိ၏။ “လွန်ခဲ့သော ကာလက ကျွန်ုပ်သည်

ယုံကြည်ခြင်းကောင်းရှိခဲ့ဘူးသည် ငါသည် အရင်ကောင်းခဲ့သော်လည်း ယခုမူကား ထိုသို့မဟုတ် သင်သည် ကျွန်ုပ်ကဲ့သို့ မကြာမီဖြစ်လာလိမ့်မည်” သူတို့သည် ဒုတိယမွေးဖွားခြင်းမရှိပဲ ဘာသာတရား အသက်တာအားဦးစားသည့် မှားယွင်းသော ပရောဖက်များနှင့် ဆိုးသွမ်းသည့် သန့်ရှင်းသူများဖြစ်ကြ၏။ သူတို့၏ ယုံကြည်ခြင်းသည် ဆီမီး (သန့်ရှင်းသော ဝိညာဉ်တော်) အပေါ်အမှီပြုခြင်းမရှိသောကြောင့် ကယ်တင်ခြင်း၌ ယုံကြည်ခြင်း သည် ရှိရမည်။ သူတို့၏ ယုံကြည်ခြင်းသည်လည်း စိတ်စွဲလမ်းမှုအပေါ်၌ သာအခြေခံထား၏။ သူတို့သည် သခင်ယေရှုခရစ်၏ အသွေးတော်မြတ်နှင့်ရေ၌ ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိပြီး ဆုကျေးဇူးအနေနှင့် ဘုရားသခင်၏ ဆီကိုလက်ခံရယူရမည်။ မီးစာသည် လူသားတို့၏ စိတ်နှလုံးအဖြစ်ရပ် တည်သည်။ အထက်ပါကျမ်းပိုဒ်၌ သတို့သမီးကညာတို့သည် သတို့သားအား စောင့်ကြိုကြ၏။ ဤအချက်တွင် ကျွန်ုပ်တို့သည် ဣသရေလလူမျိုးများ၏ ယဉ် ကျေးမှုဓလေ့ထုံး ထမ်းကို ကောင်းမွန်စွာနား လည်ထားရမည်။ သူတို့သည် ညအခါ လက်ထပ် ထိမ်းမြားပွဲကို ကျင်းပလေ့ရှိပြီး သတို့သားရောက်လာသည့် အခါမှသာ စတင်လေ့ရှိ၏။ ထိုကြောင့် သတို့သားသည် သတို့သမီးကို စောင့်ကြိုရသည်။ ယင်းသည် ဣသရေလလူမျိုးတို့၏ လက်ထပ်ထိမ်းမြားသည့်ပွဲ ပင်ဖြစ်သည်။

*“သတို့သားရောက်လာချိန်နှောင့်နှေးသည့်အခါ ထိုသူတို့အားလုံး ငိုက်မြည်းအိပ်ပျော်ကြ၏။”* ထိုအရပ်တွင် ငိုကြွေးခြင်းရှိ၏။ *“ဒီမှာ သတို့သား ရောက်လာပြီ”* သတို့သမီးကညာတို့သည် ထကြပြီလျှင် မိမိတို့မျက်နှာရရေး အတော်အတန်ပြင်ဆင်ကြရ၏။ သတို့သမီးဆယ်ဦးတို့သည် သတို့သားအား စောင့်မျှော်ကြိုဆိုသောအချိန်၌ သတို့သားသည် အောင်ဟစ်လျက် ရောက်လာခဲ့ ၏။ *“ဒီမှာ သတို့သားရောက်လာပြီ”*“ထိုသတို့သမီးအပေါင်းတို့သည်ထ၍ မီးခွက ်များကို ပြင်ဆင်ကြ၏။ *မိုက်သောသူတို့က ငါတို့ဆီမီးသေပါပြီ*။ သင်တို့ဆီကို အနည်းငယ်ပေးပါဟု ပညာရှိသော သူတို့အား တောင်းကြ၏။ ပညာရှိသော သူတို့ကလည်း သင်တို့အဘို့နှင့် ငါတို့အဘို့ ဆီမလောက်”ဟုဆို၏။ မိုက်မဲသော သူတို့သည် အမြပင် ထုံထိုင်းကြ၏။ သူတို့သည်

သတို့သားရောက်မလာမီ အသင့်ပြင်ဆင်ထားသင့်၏။ မီးစာသည် မည်မျှပင် အားနည်းစေကာမူ ဆီပါသည့် မီးခွက်သည် သေဆုံးရလိမ့်မည်မဟုတ်ချေ။

ဆီမပါသည့် မီးခွက်ကိုသာ ကိုင်ဆောင်ထားသည့် မိုက်မဲသော အပျိုကညာတို့မူကား မီးစာကိုလောင်ကျွမ်းစေကြ၏။ ထိုအခိပ္ပါယ်ကား သူတို့၏ စိတ်နှလုံးကိုသာ လောင်ကျွမ်းစေကြ၏။ "ငါသည်ဒုတိယ မွေးဖွားခြင်းကို ခံရပြီး ဒုတိယမွေးဖွားခြင်းခံရသော သူတဦး၏ အသက်တာအား ရှေ့ဆောင်လမ်းပြရ၏။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝရ၏" သူတို့သည် မိမိတို့စိတ်နှလုံးကို ထိုကဲ့သို့ စိတ်အားထက်သန်စွာ ကျွမ်းလာင်စေကြ၏။ ကျွန်ုပ်တို့ ငယ်ငယ်တုန်းက ရေနံဆီမီးခွက်ကို ထွန်းညှိကာ အခန်းအားလင်းစေကြ၏။ ကျွန်ုပ်တို့သည် မီးခွက ်အားစာရွက်တလိပ်ခန့် လောင်ကျွမ်းစေပါက မျက်စိတမှိတ် ကျွမ်းလောင်၏။ မီးတောက်သည် တပေခန့်မြင့်တက်ကာ အလွန်တောက်ပ၏ သို့သော်ချက်ချင်း မင်ငြိမ်းသွားတတ်သည်။

ငရဲမီးအိုင်သို့သွားသည့် မိုက်သောသတို့သမီးများသည် ဆီမပါဘဲ မိမိတို့စိတ်နှလုံး (စိတ်လှုပ်ရှားမှု) အားကျွမ်းလောင်စေသော သူများဖြစ်ကြသည်။ သခင်ဘုရာနှင့် အမှန်ပင်တွေ့ဆုံသည့်အခါ မိမိတို့ယုံကြည်ခြင်း မီးတောက်သည် ငြိမ်းသွားတတ်သည်။ သူတို့အထဲ၌ သန့်ရှင်းသော ဝိညာဉ်တော်မရှိ အမှန်အကန် ယုံကြည်သည်ဟု ထင်တက်ကြ၏။ "ဆင်းကြွပါ ကျွမ်းလောင်းသော ဝိညာဉ်တော် ဘုရားကြွလာပါ"ဟု သူတို့သည် အကြုံးအကျယ် ယောက်ယက်ခတ် တတ်ကြသည်။ ထိုနောက် မိန်းမကြီးများသည် စိတ်အလိုကို လိုက်ကာ ကခုန်တတ်ကြသည်။ ၄င်းကိုသန့်ရှင်းသော ဝိညာဉ်တော်အကဟု သမုတ်ကြ၏။ မိမိတို့ရင်ကို တဖျပ်ဖျပ် ရိုက်ခတ်ကာ "လာကြပါလာကြပါ"ဟု ပြောလေ့ရှိသည်။ သူတို့သည် မိုက်မဲ၍ အတတ်ကြသည်။ ကယ်တင်ရှင် ရှေ့မှောက်အပြစ်များ ရှိနေသေးပါက ကျွန်ုပ်တို့သည် မိုက်မဲသောသူများဖြစ်ကြ၏။ သခင်ယေရှုအား ယုံကြည်သော် လည်း "မိမိတို့စိတ်နှလုံးထဲ၌ အပြစ်ရှိနေပါက မိုက်မဲသော သူကဲ့သို့ဖြစ်ကြ၏။ ဘယ်သောအခါမှ မိုက်မဲသော သတို့သမီးကညာကဲ့သို့ မဖြစ်ပါလေနှင့်။

# သခင်ဘုရားသည်အပြစ်ရှိသောသတို့သမီးအား မည်သို့လက်ထပ်နိုင်မည်နည်း

သခင်ဘုရားသည် သန့်ရှင်းမွန်မြတ်သော ဘုရားဖြစ်၏။ သတို့သားသည် ဘုရားသခင်ဖြစ်၍ အပြစ်ကင်းမဲ့သည့် သားတော်ဘုရားဖြစ်သည်။ ထာဝရ ဘုရားသည် ကျွန်ုပ်တို့၏ သတို့သားဖြစ်သည်။ မည်သို့ဖြစ်စေ အပြစ်ရှိစဉ်ပင် ထာဝရဘုရားသခင်အား တွေ့နိုင်ရန် သင်မည်သို့ ကြိုးစားနိုင်သနည်း။ သင်၏ စိတ်နှလုံးထဲ အပြစ်ရှိလျက် ထာဝရဘုရားကို တွေ့မြင်လိုပါသလား။ မိုက်ရူးရဲ ဆန်သော အလုပ်ပင်ဖြစ်လိမ့်မည်။

ကျွန်ုပ်တို့၏ သတို့သား၊ ယေရှုဘုရားသည် ဤလောကသို့ ကြွလာတော်မူ၍ သူ၏သတို့သမီးများကို သန့်ရှင်းစင်ကြယ်စေခဲ့၏။ သူ၏ဗတ္တိဇံခံခြင်းဖြင့် သတို့သမီးများကို သူတို့၏အပြစ်များမှ ဆေးကြောကာ ဖြောင့်မတ်သောသူ များအဖြစ် ပြောင်းလဲစေတော်မူ၏။ ထိုသူတို့ကို သူ၏သတို့သမီးများအဖြစ် ရွေးချယ်ခဲ့၏။ အချိန်တန်လာသည့်အခါ ငါးဦးသောသူတို့အား "လာပါ" ဟုပြော လေ၏။ သို့သော် ငါဦးတို့မှာမူ အမှောင်ထဲ၌ပင် ရပ်နေခဲ့ကြ၏။ ထိုသူတို့၏ မျက်နှာသည် အမှောင်ထဲ၌ရှိနေသည့်အခါ မည်ကဲ့သို့ လက်ထပ်ထိမ်းမြား မင်္ဂလာ အခမ်းအနား၌ ပါဝင်နိုင်မည်နည်း။ သတို့သားသည်လာ၍ "သင်တို့သည် မည်သို့ရောက်လာကြသနည်း"ဟု မေးလေ၏။ နောက်ကျသော သတို့သမီးငါးဦး တို့၏ မျက်နှာသည် မှောင်မိုက်လျက်ရှိ၏ အကြောင်းမှာ သူတို့၌ အပြစ်ရှိနေကြ သောကြောင့်ဖြစ်သည်။ ဤနေရာတွင် သူတို့သည် အပြစ်နှင့်ဆက်နွယ် ပတ် သက်နေသောကြောင့်၎င်း၊ သူတို့၏စိတ်နှလုံးထဲ၌လည်း အပြစ်ခဲ့ပါသောကြောင့် ၎င်း ဝမ်းနည်းကြေကွဲခြင်းနက်ရှိုင်းလျက် ရှိခဲ့ကြသည်။

မိမိ၏အပြစ်ကြောင့် ငိုကြွေးလျက်နေသော သူတို့သမီးအား သခင်ဘုရားက အဘယ်ကဲ့သို့ လက်ထပ်ထိမ်းမြားနိုင်မည်နည်း။ "ကျေးဇူးတင်ရှိပါ၏

သခင်ဘုရား ဤကဲ့သို့ အကျွန်ုပ်တို့ သန့်ရှင်းစေတော်မူ သောကြောင့်”ဟု မိမိ၏ ဝိညာဉ်ရေးဆိုင်ရာ သတို့သားနှင့် ပျော်ရွှင်ရပါလိမ့်မည်။ အကြောင်းမှာ သူ/သူ မသည် အားနည်းနေသော်လည်း သတို့သားက သူ/သူမကိုချစ်၍ သူ/သူမ ၏အားနည်းချက်နှင့် အပြစ်တို့ကို ဆေကြောပစ်ခဲ့၏။ သတို့သားလောင်သည် သူ၏သတို့သမီးကညာအား မိတ်ကပ်၊ အဝတ်အစားနှင့် ရေမွှေးများဝတ်ဆင် ပြင်ဆင်စေလေ့ရှိသည်။ ထိုနောက် သတို့သမီးသည် အရာရာကို ဝတ်ဆင်ပြင် ဆင်ပြီးနောက် သတို့သားအား တွေ့ဆုံရန် အဆင့်သင့်ဖြစ်ရသည်။ သခင်ဘု ရားသည် ကျွန်ုပ်တို့ကို သတို့သမီးကညာကဲ့သို့ လမ်းညွှန်ရန် ဤလောကသို့ စေလွှတ်ခြင်းခံခဲ့ရသည်။ ထိုမှသာ ကျွန်ုပ်တို့သည် သူ၏သတို့သမီးကဲ့သို့ သူ့ကို မြင်တွေ့နိုင်မည်ဖြစ်သည်။

သူသည်ဂျော်ဒန်မြစ်၌ အပြစ်၏ရွေးနုတ်ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့ကို သူ၏သွေးအသားကို ပေးအပ်တော်မူ၏။ *“နှုတ်ကပတ်တော်သည်လည်း သူဇာတိအဖြစ်ကို ခံယူ၍ကျေးဇူးတော်နှင့်၄င်း၊ သစ္စာတော်နှင့်၄င်း ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌တပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည်မြင်ရကြပြီ။”* (ရှင်ယောဟန်ခရစ်ဝင် ၁း၁၄) သခင်ဘုရားကိုယ်တော်တိုင် ကျွန်ုပ်တို့၏ အပြစ် အားလုံးယူဆောင်သွားခဲ့ကြောင်း ကရုဏာတော်၏ ကြွယ်ဝခြင်းသော်၄င်း၊ သမ္မာတရားသော်၄င်း၊ သခင်ဘုရား၌ ယုံကြည်ခြင်းဖြင့် အပြစ်၏ ခွင့်လွှတ်ခြင်း သော်၄င်း ရရှိလိမ့်မည်။ သတို့သားသည် သင်၏သတို့သမီးအားလုံး၏ အပြစ်တို့ကို ဂျော်ဒန်မြစ်၌ ယူဆောင်သွားခဲ့၏။ သခင်ဘုရားသည် သူ၏သတို့ သမီးများအား လက်ဝါးကပ်တိုင်အပေါ် ထိုသူတို့နေရာ၌ တပြစ်စီရင်ခြင်းအား ခံခဲ့ခြင်းဖြင့် အပြစ်မှ ကယ်တင်ခဲ့တော်မူခဲ့သည်။

## သန့်ရှင်းသောဝိညာဉ်တော်အား ငွေကြေးနှင့်ဒုက္ခဆင်းရဲဖြင့် ကျွန်ုပ်တို့ ဝယ်ယူနိုင်ပါသလား

သို့ဖြစ်၍မိုက်သောသတို့သမီးတို့သည် ပညာသတိရှိသူတို့ထံ သူတို့အားဆီမျှပေးရန် တောင်းဆိုကြ၏။ အကြောင်းမှာ သတို့သားလာရောက်မည့်အချိန် နီးကပ်သောအခါ သူတို့၏ ဆီမီးကုန်ခမ်းသွားသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်အားမျှ ငွေကြေးနှင့်ဝယ်ယူ၍ ရပါသ လား။ အပြစ်၏ခွင့်လွှတ်ခြင်းအား ကောင်းသောအကျင့်တရားများနှင့်၄င်း၊ ငွေကြေးနှင့်၄င်း၊ ဒုက္ခဆင်းရဲခြင်းနှင့်၄င်း ဝယ်ယူ၍ရပါသလား ပညာသတိရှိ သောသူတို့က ထိုသူတို့အား သန့်ရှင်းသော ဝိညာဉ်တော်ကို နိုးကြားသော တရားဟောဆရာများဝတ်ပြု အစည်းအဝေးမှ ဝယ်ယူကြရန် တိုက်တွန်း၏။ မိုက်မဲသော သူတို့က ထိုသူတို့ထံမှ ဝယ်ယူနှင့်ပြီဟု ထင်မှတ်ကြ၏။ သူတို့သည် ဆီကို ငွေကြေးနှင့် ဝယ်ယူနိုင်လိမ့်မည်ဟု ထင်မှတ်ကြ၏။ ဘာသာတရားဖက်၌ စိတ် အားထက်သန်စွာ အသက်ရှင်ကြပြီး၊ ဝတ်ပြုအစည်းအဝေးများ၊ အလှူဒါန များအပြင် စစ်မှန်သည့်အယူဝါဒ လက်ခံသော အသင်တော်၌ တက်ရောက်ခြင်း၊ ဆုတောင်းခြင်းတို့သည် သူတို့ကို တစုံတရားပေးလိမ့်မည်ဟု ထင်မှတ်ကြသည်။

သို့သော်ကိစ္စမရှိပါ။ ဤမြေကြီးပေါ်မှ အရာတစုံတခုနှင့် သခင်ဘုရား ပေးအပ်တော်မူသည့် အပြစ်မှရွေးနှုတ်ကယ်တင်ခြင်းသည် မည်သူမျှဝယ်ယူ၍မရနိုင်။ မိုက်မဲသော သူတို့သည် ဘုရားသခင် ရှေ့တော်မှောက်မရောက်မချင်း မိမိတို့စိတ်အားထပ်သန်မှုအား နိုးထစေရန် ကြိုးပမ်းကြသည်။ မိုက်မဲသော သူတို့အထဲမှ တဦးက ဘာသာရေးကိုင်းရှိုင်းသယောင်ပြောကြားသည်မှာ “သင့်ကိုအကျွန်ုပ်လိုက်ပါမည်။ ဆုတောင်းဖို့ရန်အတွက် တောင်ပေါ်သို့တက်ပါ မည်။ နောင်တနှင့်ဆုတောင်းဖို့တက်သွားပါမည်။ သူ၏အမှုတော်မြတ်အားထမ်း ရွက်ကြပါစို့။ သခင်းတောင်းဟောကြားရန် နိုင်ငံခြားသို့ သွားရောက်ကြပါစို့” ဟူ၍ဖြစ်သည်။

သတို့သားသည် ကြီးမားသော မြူးကြွမှုနှင့်တူ နောက်ဆုံး၌ ကြွလာတော်မူ၏။ သတို့သားရောက်လာသည့်အချိန်၌ မိုက်မဲသော သူတို့သည်

ဆီဝယ် ရန် ထွက်သွားကြ၏။ သို့သော်အပြစ်၏ ခွင့်လွှတ်ခြင်းအား ရရှိသည့်အပျို ကညာများနှင့် ဆီအပြည့်ဖြည့်ထားသော သူတို့သည် မင်္ဂလာဆောင်ပွဲသို့ ဝင်ရကြ၏။ အရာရာကို ပြင်ဆင်ပြီးနောက် သတို့သားသည် သတို့သမီးအား တွေ့ဆုံ၏။ ထိုနောက် တံခါးကို ပိတ်ထားရသည်။ သခင်ယေရှုက အပျိုကညာငါး ဦးကို အရမ်းကာရောမရွေးချယ်ခဲ့ပေ။ နံပါတ်ငါးသည် သမ္မာကျမ်းစာ၌ ကျေးဇူးတော်ဟု ဆိုလိုသည်။ အပျိုကညာငါးဦးတို့သည် ကျေးဇူးတော်အားဖြင့် အပြစ်၏ ရွေးနှုတ်ကယ်တင်ခြင်း အားရရှိကြသော သူများဖြစ်ကြသည်ကို ထိုသူတို့သည် သူ၏ကဂုဏာတရားတော်နှင့် ဖြောင့်မတ်သောအကျင့်ကို ယုံကြည်ကြ၏။ သူတို့ သည် သတို့သားက သူတို့အတွက် ပြုလုပ်ပြီးစီးခဲ့သည်များကို အောက်မေ့တတ်ပြီး ဖြောင့်မတ်ခြင်းကို ဖြစ်စေသည့် သခင်ဘုရား၏ ဖြောင့်မတ်ခြင်းအား ယုံကြည်ကြ ၏။ ထိုကြောင့်အခြားသော သတို့သမီးကညာတို့သည် ရုံဖန်ရံခါ လာရောက်၍ သခင်၊ သခင်၊ ကျွန်ုပ်တို့ကို ဖွင့်ပေးပါ"ဟု ပြောလေရှိ၏။ သို့သော်သူက "ငါအမှန်ဆိုသည်ကား သင်တို့ကို ငါအလျင်မသိ"ဟူ၍ မိန့်တော်မူသည်။

## ကျွန်ုပ်တို့၏ အပြစ်များချေဖျက်ပြီးမှသာ သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးကို လက်ခံရရှိနိုင်သည်

ဆီမီးအတွက် ပြင်ဆင်ခြင်းမရှိသောသူတို့သည် သခင်ဘုရားအား မမြင်တွေ့နိုင်ကြချေ။ ထိုသခင်သည် ထာဝရဘုရား၏ ဖြောင့်မတ်ခြင်းတရားအား ယုံကြည်၍ ကောင်းကင်နိုင်ငံတော်အား မျှော်လင့်တောင့်တနေသောသူများအပြင်၊ မိမိတို့စိတ်နှလုံးထဲ၌ အပြစ်တရား၏ ခွင့်လွှတ်ခြင်းအား အမှတ်တကယ်ရရှိခဲ့သော သူတို့ကိုသာ ကောင်းကင်နိုင်ငံတော်သို့ ချီဆောင်ပါလိမ့်မည်။ သခင်ဘုရားသည် ဂတိပေးစကားများကို မိန့်ကြားတော်မူခဲ့သည်။ "*နောင်တရကြလော။ သင်တို့၏ အပြစ်လွှတ်စေခြင်းငှါ တယောက်မျှမကြွင်း ယေရှုခရစ်၏ နာမ၌*

*ဗတ္တိဇံ ကိုခံကြလော့။* ထိုနောက်အပြစ်၏ ခွင့်လွှတ်ခြင်းပြီးနောက် မည်သို့ဖြစ်ခဲ့သနည်း။ သမ္မာကျမ်းစာတော်မြတ်က *"သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူ သော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်"* (တ ၂း၃၈)ဟု မိန့်တော်မူ၏။ သင်သည် ထာဝရဘုရား၏ ဖြောင့်မတ်ခြင်း ဧဝံဂေလိတရားတော်ကို လက်ခံ ရရှိပါက စိတ်နှလုံးထဲက အပြစ်များသည် အမှန်တကယ် ချေဖျက်ပြီး သန့်ရှင်း သော ဝိညာဉ်တော်သည် သင့်အထဲသို့ ဝင်ရောက်လာပါလိမ့်မည်။ ကျွန်ုပ်တို့ သည် သန့်ရှင်းသော ဝိညာဉ်တော်၏ အထိအတွေ့အား အသွေးအသားအားဖြင့် ခံစား၍မရပေ။ သို့သော်လည်း ဝိညာဉ်တော်သည် ကျိန်ဝပ်၏။ ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်အား ရရှိသောကြောင့်၄င်း၊ မိမိတို့စိတ်နှလုံးထဲ ဘုရားသခင်၏ နှုတ်ကပတ်သမ္မာတရားအား ရရှိပါသောကြောင့်၄င်း မိမိတို့၌ အပြစ်မရှိဟု ပြောနိုင်၏။ ယင်းသည် အမှန်ပင်တည်ရှိ၏။ သူသည်အားနည်း သော်လည်း ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရာအား လက်ခံရရှိသာသူသည် မိမိကိုယ်တိုင် ဖြောင့်မတ်သောသူဖြစ်လာ၏။ ထိုကြောင့် ဘုရားသခင်၏ ဖြောင့် မတ်ခြင်းတရားအား လက်ခံရရှိခြင်းမရှိသော သူသည်အပြစ်သားတဦးအဖြစ် ကျန်ရစ်သည်။

## ထိုသို့ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် ထင်ရှားလျက်ရှိ၏။

သခင်ဘုရားသည် ရေနှင့်ဝိညာဉ်တော်မြတ်အားဖြင့် ကြွဆင်းလာခဲ့၏။ သူသည် ကျွန်ုပ်တို့၏ အပြစ်များကိုရေနှင့် ဗတ္တိဇံခံခြင်းအားဖြင့် ကယ်တင်တော် မူ၏။ သူသည် ဗတ္တိဇံခံသည့်အခါ ကျွန်ုပ်တို့၏ အပြစ်များအားလုံးယူဆောင် သွားခဲ့ပြီး သူ၏အသွေးတော်မြတ် သွန်းလောင်းပေးခြင်းဖြင့် ကျွန်ုပ်တို့အပြစ်များ အတွက် ကိုယ်စားပြစ်ဒဏ်စီရင်ခြင်းအား ရရှိတော်မူသည်။ ထိုအကြောင်းကို တမန်တော်ရှင်ယောဟန် ပေတရုနှင့် ပေါလုတို့က မည်သို့ပြောကြားခဲ့ကြသ နည်း။ ထိုသူတို့သည် သခင်ယေရှု၏ အသွေးနှင့် အသားအကြောင်း တညီတ

ညွှတ်တည်းဟောကြားခဲ့ကြ၏။ သူတို့သည် သခင်ယေရှု ဗတ္တိဇံခံခြင်းနှင့် လက်ဝါး ကပ်တိုင်အပေါ် သူ၏အသွေးတော်မြတ်အကြောင်း ပြောကြားကြ၏။ ရှင်မဿဲ ခရစ်ဝင် ၃း၁၃-၁၇၌ ယေရှု၏ ဗတ္တိဇံခံခြင်းအကြောင်း အတိအလင်း ဟောကြား ထား၏။ ယေရှုခရစ်သည် အပြစ်သားများအပြစ်မဲ့ဖြစ်စေရန် တလောကလုံး၏ အပြစ်များဆေးကြော ပစ်ရန် ယောဒန်မြစ်၌ ဗတ္တိဇံခံခဲ့၏။

ရှင်ပေတရု ဩဝါဒစာပထမစောင် ၃း၂၁ကို ကြည့်ကြပါစို့။ *ပေါလုက ကယ်တင်ခြင်း၏ စံနမူနာသည် သူ၏ ဗတ္တိဇံခံခြင်းဖြစ်သည်ဟု သက်သေခံထား ၏။ "ထိုသို့သော ဥပမာအတိုင်း ယခုတွင် ဗတ္တိဇံသည် ယေရှုခရစ်ထမြောက် တော်မူသောအားဖြင့် ငါတို့ကို ကယ်တင်တတ်၏။ ဗတ္တိဇံဟုမဆိုလို၊ ကိုယ်ကိုကိုယ် သိသေစိတ်ကြည်လင်၍ ဘုရားသခင်ရှေ့၌ ဝန်ခံခြင်းကို ဆိုလိုသတည်း။ ထိုသခင်သည် ကောင်းကင်ဘုံသို့ ကြွတော်မူသည်ဖြစ်၍ ကောင်းကင်တမန်အစ ရှိသော အားဏာစက်တန်ခိုးများတို့ကို အုပ်စိုးလျက် ဘုရားသခင်၏ လက်ျာတော် ဘက်၌ ရှိတော်မူ၏" (ရှင်ပေတရုဩဝါဒစာစောင်ပထမ ၃း၂၁-၂၂)။*

"*ထိုသို့သော ဥပမာအတိုင်း ယခုတွင် ဗတ္တိဇံသည်ယေရှုခရစ် ထမြောက် တော်မူသောအားဖြင့် ငါတို့ကို ကယ်တင်တတ်၏*"ဟု ရေးသားထားသည်။ သူ၏ခန္ဓာကိုယ်ဖြင့် ကျွန်ုပ်တို့၏ အပြစ်အားလုံးယူဆောင်သွားသည် ယေရှု၏ ဗတ္တိဇံခံခြင်းသည် ကယ်တင်ခြင်း၏ သက်သေဖြစ်သည်။ လက်ဝါးကပ်တိုင်အပေါ် သူ၏အသွေးတော် သွန်းလောင်းခဲ့သည် ဆိုသည့်အချက်သည် ကျွန်ုပ်တို့အပြစ် များအတွက် ကျွန်ုပ်တို့ကို တရားစီရင်ခဲ့သည်ဆိုသည့် အချက်အား သက်သေပြ ခြင်းဖြစ်သည်။ ဆိုလိုသည့်အရာကို သင်တွေ့မြင်ပါသလား။ ထိုကြောင့် သမ္မာ ကျမ်းစာတော်မြတ်က ယေရှုသည် ရေအားဖြင့်၎င်း၊ အသွေးတော်အားဖြင့်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်၎င်း ကြွဆင်းလာသည့် သူတဦးဖြစ်၏ဟု မိန့်တော်မူသည်။ (ရှင်ယောဒန်ဩဝါ ဒစာပထမစောင် ၅း၆-၉) ယေရှုသည် ဤလောကသို့ လူ့အသွေးအသားနှင့် စေလွှတ်ခြင်းခံခဲ့ရပြီး ယဇ်ပုရောစိတ်အကြီး အကဲအာရုန်က လူများ၏ အပြစ်အားချီလွဲရန် ပူဇော်ခြင်း၌ လက်တင်ခဲ့သကဲ့သို့ ကျွန်ုပ်တို့၏

အပြစ်အားလုံး ယူဆောင်သွားခဲ့သည်။

ရေသည် ကျွန်ုပ်တို့ကို ကယ်တင်သည့် ပုံဥပမာကို ဆောင်သည်။ ဗတ္တိဇံခံခြင်းဖြစ်၏။ အသွေးအသား၏ အညစ်အကြေးအားဆေးကြောပစ်ခြင်း မဟုတ် ကြောင်း၊ ဖယ်ရှားပစ်ခြင်းမဟုတ်ကြောင်း ရေးသားထားသည်။ ကျွန်ုပ်တို့သည် အပြစ်၏ ခွင့်လွှတ်ခြင်း ရရှိပြီးနောက် အပြစ်မပြုတော့ပါဟု ဆိုလိုခြင်း မဟုတ်။ ယေရှု၏ ဗတ္တိဇံတရားအား ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့သည် အပြစ်မှ ခွင့်လွှတ် ခြင်းကို ရရှိကြသည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့သည် ကိုယ်ကာယအားဖြင့် အပြစ်ပြု လုပ်သည် မဟုတ်ပါသလား။ ဟုတ်ပါသည် လုပ်မိကြပါ၏။ လူအများသည် အပြစ်မှခွင့်လွှတ်ခြင်းတရားအား လွဲမှား၍နားလည်ကြပြီး *"သင်၏စိတ်နှလုံးထဲ အပြစ်မရှိပါက သင်သည် အပြစ်အားနောက်တဖန် လွန်ကျူးမည်မဟုတ်"*ဟု ပြောတတ်ကြသည်။ ယင်းသည် လွဲမှားနာလည်ခြင်းသာဖြစ်သည်။ သမ္မာကျမ်းစာ တော်မြတ်က *"အပြစ်မပါဘဲ ကောင်းသော အကျင့်ကို ကျင့်သောသူတော်ကောင်း တစုံတယောက်မျှ မြေကြီးပေါ်မှာမရှိ"ဟု ဆိုထားသည် (ဒေသနာကျမ်း ၇း၂၀)* ကိုယ်ကာယသည် အားနည်းလျက်ရှိ၏။ ယင်းသည်မသေမခင်း အားနည်းလျက် နေ၏။ မသေမချင်းအပြစ်ကို ကျူးလွန်၏။ "ကိုယ်ကာယ၏ အညစ်အကြေးကို ဖယ်ရှားပစ်ခြင်းမဟုတ်၊ ဘုရားသခင်ဘက်၌ ကိုယ်ကိုကိုယ် သိသောစိတ်ကြည် လင်ခြင်းဖြစ်၏" ကျွန်ုပ်တို့၏ အသိစိတ်များသည် သခင်ယေရှု၏ ဗတ္တိဇံခံခြင်းနှင့် အသွေးတော်မြတ်၌ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ဘက် ကောင်းသော အသိစိတ်၌ ပြောင်းလဲ ပစ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အသိစိတ်သည် သူ၏ဗတ္တိဇံ ခံခြင်းဖြင့် ကျွန်ုပ်တို့၏ အပြစ်များအားလုံးကို ယူဆောင်သွားခဲ့သည်ဆိုသည့်အ ချက်အား ယုံကြည်ခြင်းဖြင့် ကယ်တင်ပိုင်ရှင် သခင်ဘုရားအားခေါ်နိုင်ပါသည်။

## ကျွန်ုပ်တို့စိတ်နှလုံးအတွက် ဝိညာဉ်ပိုင်းဆိုင်ရာကြီးထွားမှုသည် သခင်ယေရှု၏ အသွေးတော်မြတ်နှင့် ဗတ္တိဇံခံခြင်းဖြစ်သည်

စိတ်နှလုံးအတွက် ကြီးထွားခြင်းသည် သခင်ယေရှု၏ ဗတ္တိဇံနှင့်သူ၏ အသွေးတော်မြတ်ဖြစ်သည်။ စိတ်နှလုံးအတွက် သန့်မာကြီးထွားခြင်းနှင့် ကျွန်ုပ်တို့ အပြစ်များ ဆေးကြောပစ်ခြင်း စံနာမူနာသည် သခင်ယေရှု၏ ဗတ္တိဇံခံခြင်း ဖြစ်သည်။ ထိုသို့ဖြင့် တမန်တော်ရှင်ပေတရုက ဗတ္တိဇံသည် ကျွန်ုပ်တို့ကို ကယ်တင်သည့် ဥပမာ နမူနာဖြစ်၏ဟု မိန့်တော်မူသည်။ ရှင်ပေတရုဩဝါဒစာပထမစောင် ၁း၂၂-၂၃ ကိုကြည့်ကြပါစို့။

*"သင်တို့သည် ဖောက်ပြန်ပျက်စီးတတ်သော မျိုးစေ့အားဖြင့် ဖြစ်ဖွားသည်မဟုတ်၊ မဖောက်ပြန်မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ် အမြဲတည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ဘွား သောကြောင့် ညီအစ်ကိုများကို ချစ်ယောင်မဆောင်၊ အမှန်ချစ်ခြင်းမလိုငှါ စိတ်ထဲ မှာ သမ္မာတရားကို နားထောင်လျက်၊ ကိုယ်စိတ်နှလုံးကို စင်ကြယ်စေ ပြီးသည်နှင့်အညီ စင်ကြယ်သောစိတ်နှင့် အချင်းချင်း အားကြီးသော ချစ်ခြင်းမေတ္တာရှိကြလော့။"*

ကျွန်ုပ်သည် သခင်ယေရှု၏ ဗတ္တိဇံခံခြင်းတရားနှင့် သူ၏အသွေးတော်မြတ်အား ယုံကြည်ခြင်းဖြင့် ဒုတိယကြိမ်မွေးဖွားခြင်းခံရပြီး အပြစ်မှ ခွင့်လွှတ် ခြင်းကို ရရှိကြ၏။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ ရေးမှတ်ထားသော နှုတ်ကပတ် သမ္မာတရားအား ယုံကြည်ခြင်းဖြင့် ဒုတိယမွေးဖွားခြင်းခံရ၏။ *"ထာဝရတည်ရှိပြီး အသက်ရှင်သည့် ဘုရားသခင်၏ နှုတ်ကပတ် သမ္မာတရားအားဖြင့်"* ဒုတိယ အကြိမ်မွေးဖွားခြင်း ခံရကြသည်။ ဟာလေလုယ ဒုတိယအကြိမ်မွေး ဖွားခြင်းသည် ထာဝရအသက်ရှင်ပြီး တည်ရှိနေသည့် ဘုရားသခင်၏ နှုတ်ကပတ်သမ္မာတရား အားဖြင့် ဖြစ်သည်။ ထာဝရဘုရား၏ နှုတ်တော်ထွက်စကားသည် တိုင်းစရာ သံတုန်ချောင်းအား ရည်ညွှန်းသည် ဝိနည်းဥပဒေသဖြစ်သည်။ ယင်းသည် ကယ်တင်ခြင်းထိုင်ခုံ အမှတ်အသားဖြစ်သည်။ ဘုရားသခင်၏ ကယ်တင်ခြင်း အတွက် တိုင်းစရာသံတုန်သည် မည်သည့်အခါမျှ မပြောင်းလဲချေ။

ရှင်ယောဟန်ခရစ်ဝင် ၁း၂၉၌ ဗတ္တိဇံဆရာယောဟန်က *"ဤလောက၏ အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့"*ဟု

ဆိုထား ပါသည်။ ယော်ဒန်မြို့တွင် ဗတ္တိဇံခံတော်မူသည့် ဘုရားသခင်၏ သိုးကငယ်ကား အသွေးအသားအားဖြင့် ကျွန်ုပ်တို့ကို ကယ်တင်ခဲ့သည် အသက်မုန့်ပင်ဖြစ်သည်။

ကျွန်ုပ်တို့သည် နှုတ်ကပတ်သမ္မာတရားအားလုံး ကြည့်ခြင်းဖြင့် သန့်ရှင်း စေခြင်းနှင့် ကယ်တင်ခြင်းရရှိကြသည်။ သမ္မာကျမ်းစာတော်မြတ်က *"ယုံကြည်ခြင်း သည် ကြားနာခြင်းအားဖြင့် ဖြစ်၏။ ကြားနားခြင်းသည်လည်း ဘုရားသခင်၏ စကားတော်အားဖြင့် ဖြစ်၏။ ထို့အပြင် အဘယ်သို့ဖြစ်သနည်းဟူမူကား ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်ဟု ကျမ်းစာ လာသည်နှင့်အညီ ယုံကြည်ခြင်း၌ တည်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားသည် ယုံကြည်ခြင်းအဖို့အလို့ငှါ ဧဝံဂေါတရားအားဖြင့် ထင်ရှားလျက်ရှိ၏" (ရောမဩဝါဒစာ ၁၀း၁၇၊ ၁း၁၇)* ဧဝံဂေလိတရားအား ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့ သည် ဖြောင့်မတ်သောသူများဖြစ်လာနိုင်သည်။

သင်သည် သန့်ရှင်းစေခြင်းခံရပြီးလာ အာမင် သင်၌အပြစ်တစုံတခုမရှိ ဘူးမဟုတ်လား။ ဤအရာသည် ဧဝံဂေလိ သတင်းကောင်းဖြစ်ပြီး ဂရိဘာသာစကားအားဖြင့် ယူဂဲလီးယန်းဟူ၍ မည်ပါသည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားကား အဘယ်နည်း။ သခင်ဘုရားသည် ကျွန်ုပ်တို့အတွက် သူ၏ကိုယ်ခန္ဓာ နှင့် အသွေးတော်မြတ်အား စွန့်လွှတ်ခြင်းဖြင့် အပြစ်၏ အစွန်းအထင်းများ ချေဖျက်ခဲ့သည်ဆိုသည့်အချက်ဖြစ်သည်။ ဘုရားသခင်ဖြောင့်မတ်ခြင်းက ကျွန်ုပ်တို့သန့်ရှင်းစေရန် အခွင့်ပေးတော်မူ၏။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း သည် အပြစ်မဲ့သော ထိုယေရှုသာဖြစ်ပြီး သူသည်တလောကလုံး၏ အပြစ်ကို ယူဆောင်သွားကာ အပြစ်သားများအတွက် ကားတိုင်ပေါ်အသေတော်ခံခဲ့၏။ ယင်းသည် တလောကလုံး၏ အပြစ်များကို ဆေးကြောသန့်စင်ခဲ့သည် သခင် ယေရှု၏ ရေနှင့်ဗတ္တိဇံခံခြင်းဖြစ်သည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရား သည် ယေရှုကားတိုင်အပေါ် အသေခံခဲ့ခြင်းနှင့် သူ၏ဗတ္တိဇံခံခြင်းအားဖြင့် တလောက လုံး၏ အပြစ်အား ယူဆောင်သွားခဲ့သည် ဆိုသည့်အမှတ် တရားအားဖြင့် ပေး အပ်ခဲ့သည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတွင်

သူ၏ဗတ္တိဇံခံခြင်း၊ သေခြင်းနှင့် လက်ဝါးကပ်တိုင်အပေါ် အသေတော်ခံခြင်းတို့ ပါဝင်ပြီးငှင်းသည် ကျွန်ုပ်တို့ အတွက် ပြစ်ဒဏ်စီရင်ခြင်း ဥပမာ တရပ်ဖြစ်သည်။ ဤအရာသည် ဇဝံဂေလိတ ရား၌ အထင်အရှား ဖော်ပြထားသည့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားဖြစ် တော်မူသည်။

# ဖြောင့်မတ်သောသူများယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်း

(ရောမသြဝါဒစာ ၁း၁၇)

အဘယ်သို့နည်း ဟူမူကား ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ ယုံကြည်ခြင်း၌ တည်သောဘုရားသခင်၏ ဖြောင့်မတ်ခြင်း တရားသည်၊ ယုံကြည်ခြင်း အဘို့အ လိုငှာ ဧဝံဂေလိတရားအားဖြင့် ထင်ရှားလျက်ရှိသည်။

## ယုံကြည်ခြင်းဖြင့် အသက်ရှင်ရမည်

ဖြောင့်မတ်သောသူများသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ပါသည်။ ယုံကြည်ခြင်းဆိုသည်မှာ သမ္မာကျမ်းစာ၌ အခြေစိုက်ခြင်းဖြစ်ပါသည်။ ဖြောင့်မတ် သောသူများသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင် လျက်ရှိပါသည်။ ထိုသို့ဇာတိ အားဖြင့် အသက်ရှင်ကြောင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်သည် မိမိအသက် တာတွင် ကျိန်းဝပ်ကြောင်းကိုသိရှိ နားလည်နိုင်ပါသည်။ လူ့အချို့သည် ကျမ်းစာ ၏အနက် အဓိပ္ပါယ်ကို မိမိအသိဉာဏ်အား ဖြင့်သော်လည်းကောင်း၊ ကျမ်းစာ၏ လို့ဝှက်ချက်များကိုစာသားအားဖြင့် သော်လည်းကောင်း ဘာသာပြန်တတ်ကြပါ သည်။ ကျွန်ုပ်တို့သည် လူ့အသွေးသား၌ ဝိညာဉ်ရှိကြောင်းကို တချိန်တည်း သိရှိနိုင်ပါသည်။ ထို့ကြောင့်အပြစ်မှ ခွင့်လွှတ်ခြင်းခံရသည်နှင့်အတူ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ရမည်ဟု သမ္မာကျမ်းစာ၌ ဖော်ပြထားခြင်း ဖြစ်ပါသည်။

## လူ့ဇာတိသည် ကောင်းမှုမပြုနိုင်ပါ

လူ့ဇာတိသည် ကောင်းမှုမပြုနိုင်ပါ။ သို့သော်လည်း ဇာတိအားဖြင့် အသက်ရှင်ကြသောကြောင့် အကြောင်းမျိုးစုံကို ဇာတိသဘောဖြင့် အကဲဖြတ်ကြ သည်။ ကျွန်ုပ်တို့သည် တခါတရံတွင် နှုတ်ကပတ်တော်ကို ဇာတိအားဖြင့် အက ဲဖြတ်ပြီး နှုတ်ကပတ်တော်အားဖြင့် မယုံကြည်နိုင်ပါ။ သို့သော် ဖြောင့်မတ်သော သူများသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်သည်ဟု သမ္မာကျမ်းစာ၌ ရေးသား ဖော်ပြထားပါသည်။ သို့သော်လည်း ဖြောင့်မတ်သော ယုံကြည်ခြင်းအားဖြင့် အသက်ရှင်သောသူ ဘယ်မှာလဲဟု ထင်ကောင်းထင်လိမ့်မည်။ ကျမ်းချက်ထဲတွင် ဖြောင့်မတ်သောသူ တစ်ယောက်မျှမရှိပါ ယနေ့ လူသားများသည် ယုံကြည်ခြင်း အားဖြင့် အသက်ရှင်ရမည်ကို ပြောခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့သည် တစုံတစ်ခု၏ အဓိပ္ပာယ်ကို ဘာသာပြန်ဆိုရာ၌ မိမိ၏ အားနည်းချက်ကို မေ့လျော့၍ မိမိကိုယ်ကို အထင်ကြီးလျက် ရှိတတ်ကြပါသည်။အပြစ်သားများ၏ ပြိုင်ဘက်ရန်သူကား အဘယ်သူနည်း။ ဒုတိယမွေးဖွားခြင်း မခံသေးသူများဖြစ်ပါသည်။ ဤသို့ဆိုလျှင် ဒုတိယမွေးဖွားခံပြီးသူများသည် မည်သူကို တိုက်ခိုက်ကြသနည်းဟူမူကား ဇာတိအားဖြင့် အသက်ရှင်သောသူနှင့် ဝိညာဉ်တော်အားဖြင့် အသက်ရှင်သောသူများဟူ၍ နှစ်ဦးတိုက်ခိုက်လျက်ရှိပါ သည်။ မိတ်ဆွေသည် ပြောပြီးသောအရာကို ထပ်ခါတလဲပြော သောကြောင့် အံ့သြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပြောဘို့ထိုက်တန်သောအရာကို ပိုပြီး ရှင်းလင်းစေချင်သောကြောင့် ဖြစ်ပါသည်။

ဒုတိယမွေးဖွားခြင်းခံပြီးသူများတွင်လည်း အသွေးသားရှိသည်နှင့်အညီ ထိုသူ၏ အသက်တာ၌ ဝိညာဉ်နှင့် လူ့ဇာတိသည် အမြဲတစေတိုက်ခိုက်လျက်ရှိ ပါသည်။ အသွေးသားသည် ကိုယ့်ကိုယ်ကို ကိုးစားပြီး ယုံကြည်ခြင်းအားဖြင့် အသက်ရှင်မည့်အစား ဇာတိပကတိအားဖြင့် အသက်ရှင်၍ ပြသနာကို ကိုင်ကွယ် ကတ်သည်။ ထို့အပြင်ဘုရားရှင်၏ အလိုတော်နှင့်အညီ အသက်မရှင်ဘဲလူ့ဇာ တိအားဖြင့် ပြည့်စုံသောသူဖြစ်ဖို့ရန် ကြိုးစားလျက်ရှိသည်။

ဖြောင့်မတ်သော အသွေးသားသည်လည်း ဝိညာဉ်တော်အားဖြင့် ပြည့်စုံခြင်းကို ဆာငတ်က ဝိညာဉ်ပိုင်းဆိုင်ရာ၌ ဖြောင့်မတ်ခြင်းသို့ ရောက်စေတတ်သည်။ သို့သော်အသွေးသားသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်သော အသက်တာကို ဖြစ်စေနိုင်သလား။*ငါသည်ကျင့်ချင်သော အကျင့်ကောင်းကို မကျင့်၊ မကျင့်ချင်သော အကျင့်ဆိုးကို ကျင့်၏* (ရောမ ၇း၁၉)ဟု ရှင်ပေါလုက ဆိုထားပါသည်။ လူ့ဇာတိသည် ကောင်းသောအကျင့်ကို ဘယ်သောအခါမျှ ကျင့် လျက်မရှိပါ။ ကျွန်ုပ်တို့သည် ပင်ကိုယ်ညဏ် ဇာတိအားဖြင့် ဘုရားရှင်၏ ရှေ့တော် ၌ ဖြောင့်မတ်စွာ နေနိုင်ရန် ကြိုးစားကြသည်။ သို့သော် ဓာတိပကတိ၏ ကူညီခြင်း အားဖြင့် ဆိုးညစ်ခြင်းသို့သော ရောက်စေပါသည်။

## ဇာတိပကတိ၌ယုံကြည်ခြင်းအားဖြင့်အသက်ရှင်ခြင်းသို့မရောက်စေနိုင်ပါ

ဇာတိကပတိအားဖြင့် ဘုရားသခင်ထံ ကြည်ညိုသော အသက်ရှင်ခြင်းသည် ပြည့်စုံသော ယုံကြည်ခြင်းနှင့် လုံးဝဝေးကွာလျှက်ရှိပါသည်။ ကျွန်တော်တို့သည် သမ္မာတရားအားဖြင့် အသက်မရှင်ဘဲ ဇာတိကပတိ၏ အလိုဆန္ဒအားဖြင့် ဘုရားသခင်၏ ဖြစ်စေချင်သည့် အတိုင်းမမကျခံဘဲ နေတတ်သည်။ ဇာတိပကတိ၌ ပြည့်စုံခြင်းနှင့် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်သော အသက် တာမဖြစ်နိုင်ပါ။ ကျွန်ုပ်တို့သည် မြေမှုန့်နှင့်တူပါသည်။ *အကြောင်းမူကား ငါကိုယ် ခန္ဓာကို သိတော်မူ၏ ငါတို့သည်မြေမှုန့်ဖြစ်ကြောင်းကို အောက်မေ့တော်မူ၏* (ဆာလံ ၁၀း၃-၁၄)ဟု သမ္မာကျမ်းစာ၌ ဖော်ပြထားပါသည်။ ထိုအရာသည် ရေခိုးရေငွေ့ကဲ့သို့ ခဏသာပေါ်လာပြီး မပြည့်စုံသောကြောင့် တဖြည်း ဖြည်း ပျောက်ကွယ်သွားသော တိမ်နှင့်တူသည်။

ဒုတိယမွေးဖွားခြင်း ခံပြီးသူနှင့် ဇာတိပကတိအားဖြင့် အသက်ရှင်သူတို့သည်အပြစ်လုပ်နိုင်သလား ဒုတိယမွေးဖွားခြင်း ခံပြီသူသည်

အပြစ်လုပ်ခြင်း ကို ရှောင်လွှဲနိုင်သလား။ ကျွန်ုပ်တို့သည် ဇာတိကပတိအပြစ်မှ လွတ်မြောက်စေနိုင် ရန် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်း မလိုတော့ပေ။ ထို့နောက် ကျွန်တော် တို့သည် ဇာတိပကတိ၏ အင်အားဖြင့် အသက်ရှင်လို့ရသလား။ ကျွန်ုပ်တို့ ထိုအ ရာကိုလုံးဝ မဖြစ်နိုင်ကြောင်း သိရှိရပါသည်။ မိမိကိုယ်ကို ဒုတိယမွေးဖွား ခြင်းခံပြီး (ဝါ) မခံရသေးဘူးဟုသိသည်နှင့်အတူ ဇာတိပကတိသည် အားနည်းပြီး အပြစ် ကျူးလွန်တတ်သည်။

ကျွန်တော်တို့သည် ဇာတိပကတိကို ဘယ်လောက်အထိ နားလည် သ လဲ။ မိတ်ဆွေသည် တစ်ဆယ်ရာခိုင်နှုန်း ပြည့်စုံသည်ဟု ထင်ကောင်းထင်လိမ့် မည်။ သို့သော် မိတ်ဆွေ၏ သက်သေအထောက်အထားသည် လုံးဝမမှန်ပါ။ အဘယ်ကြောင့်ဆိုသော် မိမိကိုယ်ကို အပြစ်သားဖြစ်ကြောင်းကို မသိရှိနိုင်သော ကြောင့် ဖြစ်ပါသည်။မိတ်ဆွေသည် မိမိကိုယ်ကို ရာခိုင်နှုန်းအားဖြင့် ဘယ်လောက် သိသနည်း ငါးဆယ်ရာခိုင်နှုန်းသည် များနေသလား လူတစ်ဦးသည် အများအား ဖြင့်မိမိအကြောင်း တစ်ဆယ်ရာခိုင်နှုန်းမှ နှစ်ဆယ်ရာခိုင်နှုန်းအထိ နားလည်နိုင် သည်။မကောင်းသောအရာကို များစွာလုပ်မိသောအချိန်တွင်မိမိကိုယ်ကို ရှက် ကြောက်ပြီးဘုရားရှင်နောက်လိုက်ခြင်းကိုရပ်တန့်ကြသည်။ထို့နောက်မိမိ၏ယုံ ကြည်ခြင်းကိုအဆုံးထိထိမ်း သိမ်းနိုင်ပါမလားဟူ၍မိမိကိုယ်ကိုမေးခွန်းထုတ် တတ်လျက်ရှိကြသည်။နောက်ဆုံးတွင်မထိမ်းသိမ်းနိုင်ဟူ၍အရှုံးပေးကြသည်။

မကောင်းသော အကြံအစည်နှင့် မိုက်မဲမှုများသည် ဇာတိစိတ်သို့ အစဉ်မပြတ်ကျ ရောက်လျက်ရှိသည်။ ထို့ကြောင့် ဘုရားတရားကို ကြည်ညို၍ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်သောအသက်တာကိုမရနိုင်ပါ။ ကျွန်တော် ဘုရားရှင် နောက်သို့ မလိုက်နိုင်တော့ပါ။ ကျွန်တော်သည် ဒုတိယမွေးဖွားခြင်း ခံခဲ့ပြီးသော်လည်း ဇာတိပကတိ၌ အားနည်းသောကြောင့် မပြည်စုံနိုင် သည်နှင့်အညီ အပြစ်အခကို တစ်ကြိမ်နှင့် ထာဝဇဉ်ခံပြီးပြီးဟု ဇာတိအားဖြင့် ထင်မိခဲ့ပါသည်။ ဇာတိပတိသည် အရုပ်ဆိုးပြီးအသုံးမဝင်ပါ။ မိမိအကြောင်းကို လုံးဝမသိဘဲ မိမိဇာတိကိုလည်း ဝန်ခံချင်စိတ်မရှိပါ။ ထို့ကြောင့် ဇာတိပဂတိ စိတ်ပေါ်လာသောကြောင့် သစ္စာရှိသော အသက်တာမရောက်စေနိုင်ပါ။

ဇာတိပ ဂတိဆိုတာဘာလဲ။ လူသားသည် မိမိ၏ စမ်းသပ်ခြင်းအားဖြင့် တိုးပွားသန့် စင်သော အသက်တာ ဖြစ်နိုင်လား။ လုံးဝမဖြစ်နိုင်ပါ။ လူသားသည် သေ သည့်တိုင်အောင်အပြစ်မကျူးလွန်ပဲ မနေနိုင်ပါ။ သို့ဖြစ်လျှင် ဖြောင့်မတ်သော သူများ ဘယ်လိုအသက်ရှင်မလဲ။ "ထာဝရဘုရားသည် မောရှေကို မှာထားသော နေ့မှစ၍ မောရှေအားဖြင့် သင်တို့၌ ထင်တော်မူသော ပညတ်သင်တို့မျိုး အစဉ် အဆက်၌ ထားတော်မူလတ္တံ့သောပညတ် အလုံးစုံကို သင်တို့သည် မစောင့်၊ မှားယွင်းခြင်းသို့ ရောက်ကြသည်။ ပရိသတ်အပေါင်းတို့ သလိလစ်၍ မှားယွင်းခြင်း သို့ ရောက်ကြသည်။

## တရားသောသူများသည် မည်သို့ အသက်ရှင်ရမည်နည်း

*ထိုထာဝရဘုရား အဘို့မွှေးကြိုင်းသော အနံ့ရှိစေခြင်းငှာ ထုံးဖွဲ့သော ထုံးစံရှိသည့် အတိုင်းဘောဇင်၊ ပူဇော်သကာ၊ သွန်းလောင်းရာပူဇော်သကာနှင့်တကွ အသက်ပျိုသော နွားထီးဖြင့် မီးရှို့ရာယင်ကို လည်းကောင်း၊ ဆိတ်ဖြင့်အပြစ်ဖြေရာယဇ်ကိုလည်းကောင်း၊ ပူဇော်ကြရသော ယဇ်ပုရောဟိတ်သည် ဣသရေလအမျိုးသား ပရိသက်အပေါင်းတို့အဖို့ အပြစ်ဖြေခြင်းကို ပြုရသဖြင့် သူတို့သည်သတိလစ်၍ ပြစ်မှားသောကြောင့် ထိုအပြစ်ကို လွှတ်ရလိမ့် မည်။ သူတို့သည်လည်း သတိလစ်သော အပြစ်ကြောင့် အပြစ်ဖြေရာယဇ်နှင့် တကွမီးဖြင့် ပြုသောပူဇော်သက္ကာကို ထာဝရဘုရား ထံတော်သို့ ဆောင်ခဲ့ကြရ မည်။ ထိုသို့ပြုလျှင် လူအပေါင်းတို့သည် ပြစ်မှားသော်လည်း သတိလစ်၍ ပြစ်မှားသောကြောင့် ဣသရေလအမျိုးသား ပရိသတ်အပေါင်းကိုငှင်း၊ ထိုအပြစ်မှ လွှတ်ရလိမ့်မည်။ လူတစုံတယောက်သည် သတိလစ်၍ ပြစ်မှားလျှင် အပြစ်ဖြေရာ ယဇ်အဖြစ်အခါမလည်သော ဆိတ်မတစ်ကောင်ကို ဆောင်ခဲ့ရမည်။ ထာဝရ ဘုရားရှေ့တော်၌ ပြစ်မှားမိသော ထိုသူအဘို့ယဇ်ပရောဟိတ်သည် အပြစ် ဖြေခြင်းကို ပြုရသဖြင့် ထိုအပြစ်ကို လွှတ်ရလိမ့်မည်။ ဣသရေလ အမျိုးသား ဖြစ်သောသူ၊*

*ထိုသူ၌ တည်းခိုသောတစ်ပါး အမျိုးသားဖြစ်သော သူတို့သည် ပြစ်မှားသောအခါ တစ်ပါးတည်းသော ဘုရားကို စောင့်ရကြမည်။ထာဝရဘုရား ရှေ့တော်၌ သတိလစ်၍ပြစ်မှားမိသော သူအဘို့ ယဇ်ပုရောဟိတ်သည် အပြစ်ဖြေခြင်းကို ပြုရသဖြင့် ထိုအပြစ်ကို လွှတ်ရလိမ့်မည်။ ဣသရေလအမျိုးသားဖြစ် သောသူ တည်းခိုသော တပါးအမျိုးသာဖြစ်သော သူတို့ သည် ပြစ်မှားသောအခါ တပါးသောဘုရားကို စောင့်ရကြမည်။ထာဝရဘုရားသည် မောရှေကို မှာထား သောနေ့စ၍ မောရှေအားဖြင့် သင်တို့၌ ထားတော်မူသော ပညတ်သင်တို့ အမျိုးအစဉ်အဆက်၌ ထားတော်မူလတ္တံ့သော ပညတ်အလုံးစုံတို့ကို သင်တို့သည် မစောင့်မှားယွင်းခြင်းသို့ ရောက်ကြသည်* (တော ၁၅း၂၂-၂၉ )ဟူ၍ သမ္မာကျမ်းစာတွင် ရေးသားထားပါသည်။

ဌင်းတွင် မှားယွင်းခြင်းသို့ရောက်ကြသည်ဟူသောဖော်ပြချက်များကို တွေ့ရှိရပါသည်။ လူသားသည်မှားယွင်းခြင်းသို့ ရောက်ပြီး မလုပ်သင့်သော အရာကိုလုပ်ခဲ့ပါသည်။ လူသားသည် ပြည့်စုံနိုင်သလားဟု မိတ်ဆွေမေးခွန်းထုတ်ကောင်းပါမည်။သို့သော် အပြစ်မှကယ်ချွတ်ပြီး နောက်ပိုင်းတွင် မပြည့်စုံနိုင်ပါ လူသားသည် ရွေးနှုတ်ခြင်းခံပြီးနောက် ဖြောင့်မတ်ပြည့်စုံသော လူဖြစ်ဟန်တူသော်လည်း လူသားတို့ကို ဖုံးကွယ်ပေးရုံသာဖြစ်သည်။ လူသားသည် မပြုသင့်သော အပြစ်များကို အမြဲတမ်း ကျူးလွန်လျက်ရှိပါသည်။ လူ့ဇာတိသည် ဘုရားမနှစ်သက်သော အရာများကို အမြဲကျူးလွန်လျက်ရှိသည်။ ဇာတိသည် အချိန်တိုင်း အပြစ်မကျူးလွန်ဘဲနေမည်လော ဘုရား၏ အလိုတော်အတိုင်းအမြဲ အသက်ရှင်နိုင်မည်လော။ ဇာတိသည် မထိန်းချုပ်နိုင်စွာခြင်းအားဖြင့် အပြစ်ကို ကျူးလွန်လျက်ရှိသည်။

ဘုရားသခင်၏ ပညတ်ချက်တွင် ပညတ်တော် ဆယ်ပါးပါဝင်၍ ဌင်းတွင် အသေးစိတ်အားဖြင့် ၆၁၃မျိုးပါရှိသည်“ငါမှတပါး အခြားသောဘုရားမ ကိုးကွယ်နှင့် ရုပ်တုဆင်းတုကိုကိုယ့်အဘို့ မလုပ်နှင့်၊ သင်၏ဘုရားသခင် ထာဝရဘုရား၏ နာမတော်ကို မုသားနှင့်ဆိုင်၍ မမြွတ်ဆိုနှင့်၊ ဥပုဒ်နေ့ကို သန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကို အောက်မေ့လော့၊

မိဘကိုရိုသေစွာပြုလော့။ လူ့အသက်ကိုမသတ်နှင့် သူ့မယားကိုမပြစ်မှားနှင့်။ သူ့ဥစ္စာကိုမခိုးနှင့် ကိုယ်နှင့် စပ်ဆိုင်သော သူလောက်၌ မမှန်သော သက်သေကိုမခံနှင့် ကိုယ်နှင့်စပ် ဆိုင်သောသူ၏ ဥစ္စာတစုံတခုကိုမျှ တပ်မက်လိုချင်သောစိတ်မရှိစေနှင့်" စသည်ဖြင့် ပညတ်တော် (၁၀)ပါးတွင်ရှိပါသည်။ ပထမပညတ်တော်လေးပါး တို့သည် ဘုရားသခင်နှင့် ဆိုင်၍ ထိမ်းသိမ်းရမည့် ပညတ်ချက်များဖြစ်ပြီး ကျမ်း ၆ ပါးမှာလူ့အသိုင်းအဝိုင်းတွင် ကျင့်ဆောင်ရမည့်အရာများဖြစ်ကြသည်။ လူ့ဇာတိသည် ဘုရားသခင်၏ ပညတ်တော်ကို လိုက်လျှောက်ရာ၌ ဝမ်းမြောက်ခြင်းရှိမည်လော့။

ကားလမ်းမကို လုံခြုံစွာဖြတ်နိုင်ရန် လမ်းပေါ်တွင်အဖြူရောင်မျဉ်းကြောင်းများရှိသည်။ သို့သော် လူ့ဇာတိသည် ဘုရား၏ ပညတ်ချက်များကို မကျင့် ဆောင်ချင်ပေ။ လူများသည် သူတပါးကြည့်နေကြသည်ကို ရှက်ကြောက်ကြရင်း ၎င်းအဖြူရောင်မျဉ်းများမှ ဖြတ်သွားကြသည်။ အမှန်စင်စစ် ထိုသူတို့သည် စည်းကမ်းမလိုက်နာချင်ကြပေ။ ပတ်ဝန်းကျင်တွင် လူသူကင်းရှင်းနေလျှင် မိမိကြိုက်သည့် နေရာမှ လမ်းကူးကြ သည်။

ဇာတိသည် အလိုအလျောက် အကြောင်းများကို ကျူးလွန်သည်။ အကယ်၍ ပညာတတ်သူများဖြစ်ခဲ့လျှင် သတ်မှတ်ထားသော အမှတ်အသားများ ကို ပတ်ဝန်းကျင်၌ လူများကမြင်သည် ဖြစ်စေမမြင်သည်ဖြစ်စေ လိုက်နာလိမ့်မည်။ သို့သော် သူတို့သည် ဇာတိအားဖြင့် သဘောတူဝန်ခံကြခြင်းသာ ဖြစ်သည်။ ကျွန်ုပ်တို့သည် လမ်းကို မျဉ်းကျားမှ မဖြတ်ကူးချင်ကြပေ၊ စည်းကမ်းများကို မလိုက်နာချင်ကြပေ။

ဤသို့လျှင်၊ အဘယ်ရည်ရွယ်ချက်ဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား ပညတ်တော်ကို ပေးထားပါသနည်း။ ပညတ်တော်သည် အပြစ်ကို ရှိစေသည်။ (ရောမ ၃း၂၀) ပညတ်တော်အားဖြင့် ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ကြ ကြောင်းနှင့် ပညတ်တော် ၁၀ပါး ကို အစဉ်အမြဲ ဖောက်ဖျက်နေသော သူများ ဖြစ်ကြကြောင်း သိရှိရသည်။ ကျွန်ုပ်တို့အပြစ်ကျူးလွန်လေ့ရှိကြသည်။ ပညတ် တော်သည် ကျွန်ုပ်တို့အားကောင်းသော အရာများကိုသာ ပြုစေလိုပြီး မကောင်း သော

အရာများကို မပြုစေလိုပါ။ သို့သော်လည်း လူ့ဇာတိသည် အပြစ်ကျူး လွန်လေ့ရှိသည် အကြောင်းမှာ ပညတ်တော်ကို လိုက်လျှောက်ရန် အလွန်အား နည်းသောကြောင့် ဖြစ်သည်။ ကျမ်းစာမှာ ဖြောင့်မတ်သော သူသည် ယုံကြည်ခြင်း အားဖြင့် အသက်ရှင်လိမ့်မည်" ဟု ဆိုထားသည်။ သို့သော် ဤဆိုးညစ်သော ဇာတိရှိသူ ဖြောင့်မတ်သူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်နိုင်မည်နည်း။ ဇာတိအသွေးသားမပါပဲ အသက်ရှင်နိုင်မည်မဟုတ်၊ ဤသို့ဆိုလျှင် အဘယ်သို့ အသက်ရှင်ကြမည်နည်း။ ဖြောင့်မတ်သော သူသည် ဘုရားသခင်၌ ယုံကြည်ခြင်း ဖြင့် အသက်ရှင်ကြသည်။

ဝိညာဉ်တော်သည် ဘုရားသခင်၏ အလိုတော်ကို လိုက်လျှောက်လို သည်။ သို့သော် လူ့ဇာတိသည် အစဉ်အမြဲ အပြစ်ကျူးလွန်သည်၊ ပညတ်တော် ၁၀ပါးကို ချိုးဖောက်လေ့ရှိသည်။ လူ့ဇာတိသည် ထပ်တလဲလဲ အပြစ်ကျူးလွန် သည် ယနေ့ကျူးလွန်သော အပြစ်၌ မနက်ဖြန်တွင် ပြန်လည် ကျူးလွန်သည်။ လူ့ဇာတိသည် အပြစ်များစွာ ထဲမှာပင် ပို၍ ကျူးလွန်ချင်သော ဒုစရိုက်အပြစ်များ ရှိကြသည်။ လူတဦး၏ ဘဝသည် အသက်တာတလျှောက်လုံး အပြစ်ကျူး လွန်သည်။

ဤအရာသည် မှန်သလောမှားသလော။ ပဉ္စမမြောက်ပညတ်တော်ကို သုံးသပ်ကြပါစို့၊ "မိဘကို ရိုသေစွာပြုလော့" ဤပညတ်ကို လိုက်လျှောက်နိုင်ရန် ကြိုးစားကြသော်လည်း အချိန်တိုင်းမလိုက်လျှောက်နိုင် ကြပေ။ ဤအချက်ကို ခေတ္တချန်လှပ်ထားကြစို့။ နောက်ဆဋ္ဌမမြောက်ပညတ်တော် "လူ့အသက်ကို မသတ်နှင့်" ကို ကြည့်ကြစို့။ ကျွန်ုပ်တို့အားလုံး စိတ်မနောဖြင့် လူ့အသက်ကို သတ်ကြသည်။ လက်တွေ့အားဖြင့် အနည်းငယ်သော သူများသာ အမှန်တကယ် လူသတ်ကြသည်။ ဤအချက်ကိုလည်း ချန်လှပ်ထားကြစို့။ အဘယ်ကြောင့် ဆိုသော် လူ့အသက်သတ်ခြင်းဟူသည် ပြင်းထန်သော အပြစ်ဖြစ်သည်။ နောက် "သူ့မယားကို မပြစ်မှားနှင့်" နှင့် "သူ့ဥစ္စာကို မခိုးနှင့်" ဟူသော ပညတ်ချက်ကို ကြည့်ကြစို့။ ဤအပြစ်များသည် ကျွန်ုပ်တို့ နေ့စဉ်အသက်တာ၌ လွယ်ကူစွာ ကျူးလွန်နိုင်သည်။ အချို့သောသူများသည် ပကတိခိုးတတ်ကြသည်။ သူ့မယား မှားသော အလေ့အထရှိကြသည်။

သူတို့၏အကျင့်စရိုက်အဖြစ် ထိုအရာများကို ပြုကြသည်။ "သူတို့သည် သူ့ဥစ္စာကို ကောမတတ်မက်ကြဘူး လား" ဆိုလျှင် (ကျမ်းစာက တက်မက်ခြင်းသည် အပြစ်ဟု ဆိုထားသည်) သူတို့သည် သူတပါး ပိုင်ဆိုင်သော ဥစ္စာများကို ၎င်းတို့အစ ပထမရှိသော နေရာမှ ယူသွားတတ်ကြ သည်။ (ခိုးခြင်း)လူ့ဇာတိ ဤကဲ့သို့သော ဒုစရိုက်များကို မိမိအလိုအတိုင်း ကျူး လွန်လေ့ရှိသည်။

ကျွန်ုပ်တို့အပြစ် ၁၀မျိုးထဲမှ တမျိုးသို့မဟုတ် နှစ်မျိုးကိုသာကျူးလွန်သည် ဆိုကြပါစို့။ ထိုအရာက ကျွန်ုပ်တို့အား ဘုရားသခင်ရှေ့၌ ဖြောင့်မတ်စေနိုင် မည်လော့။ မဖြစ်နိုင်ပါ။ ကျွန်ုပ်တို့သည် ဇာတိအားဖြင့် ဖြောင့်မတ်သောသူ မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အသေးငယ်ဆုံးအပြစ်တစက် ကလေးကို ကျူးလွန်ခြင်းသည်လည်း အပြစ်ဖြစ်သောကြောင့် ပေးတည်း။ ဇာတိသည် ထပ်တလဲလဲအပြစ်ကျူးလွန်သည်။ ယနေ့မနက်ဖြန်လာသည့်တိုင်အောင် အပြစ် ကျူးလွန်လေ့ရှိသည်။ ဇာတိသည် ဘုရားရှေ့၌ အပြစ်မကျူးလွန်ရန် မကူညီနိုင် ပေ။ ဤသို့ဆိုလျှင် "မိတ်ဆွေသင်သည် တနေ့အတွက်ပင် ဘုရားရှေ့၌ ဖြောင့် မတ်သန့် ရှင်းပါသလား။" ဝိညာဉ်တော်နှင့် ကင်းကွာနေသော ဇာတိကို ကြည့် ကြစို့။ "သင်သည် ဘုရားရှေ့၌ အစဉ်ဖြောင့်မတ်ပါသလား၊ ဇာတိအားဖြင့် ပြည့်စုံ နေပါသလား။" ကျွန်ုပ်တို့အိပ်နေစဉ်တွင်ပင် အပြစ်ရှိပြီး။ ပညတ်တော် ပုံရိပ်များ ကို ကြည့်စဉ်ပင်၊ အိပ်မက်မက်နေစဉ်နှင့် လှပသော အမျိုးသမီးအကြောင်း စိတ်ကူးယဉ်စဉ်တွင်ပင် အပြစ်ကျူးလွင်ပြီးဖြစ်သည်။ ကျွန်ုပ်တို့အားလုံးအပြစ် ကျူးလွန်ကြသည်။ ဇာတိသည် ဘုရားသခင်တားမြစ်ထားသောအရာများကို ကျူးလွန်၍ ဘုရားသခင်ပြုစေသောအရာများကို မပြုချင်ပေ။ ဇာတိသည် ကောင်းမည်အထင်ရှိပြီးနောက်တွင်လည်း နဂိုအတိုင်းသာဖြစ်သည်။ ကျွန်ုပ်တို့ သည် ဘယ်လိုပြည့်စုံနိုင်မည်နည်း။ ကျွန်ုပ်တို့အသွေးအသား မပြည့်စုံနိုင် တဲ့အခါ ပြည့်စုံခြင်းလမ်းသည် ကလမ်းဖြစ်သနည်း။ အဘယ်ကြောင့်ဆိုသော် ခရစ်တော် အားဖြင့် မဖြစ်နိုင်စရာအကြောင်းရှိပါသလော။

ကျွန်တော်တို့သည် အပြစ်များကို ကျူးလွန်သောသူများဖြစ်ကြသည်။

"ခရစ်တော်ရှေ့တွင် အပြစ်ကျူးလွန်ဘူးသလား"ဆိုလျှင် မှန်ပါသည် ကျွန်ုပ်တို့ ကျူးလွန်ကြပါသည်။ ယခုကျွန်တော်တို့ အပြစ်ကျူးလွန် ပါသလား သို့မဟုတ် မကျူးလွန်ပါသလား။ ကျွန်တော်တို့အပြစ်အဆက်လက် ကျူးလွန်ကြပါသလား" ဟုဆိုလျှင် ဟုတ်ပါသည် ကျူးလွန်ကြပါသည်။" ဇာတိအဖြစ်အသက်ရှင် သရွေ့ အပြစ်ကို ကျူးလွန်နေဦးမည်ဖြစ်သည်။ သို့ဆိုလျှင် အဘယ်သို့ ကျွန်တော်တို့ကို အပြစ်မှာ လွတ်မြောက်စေနိုင်မည်နည်း။ ပထမချက်အနေဖြင့် သင် ဒုတိယ မွေးဖွားခြင်းမခံလျှင်၊ အပြစ်ကို ကျော်လွှားရန် ခရစ်တော်ရှေ့တွင် သင်သည် အပြစ်သားဖြစ်ကြောင်း အပ်နှံရမည်။ ကယ်ချွတ်ခြင်းကိုရပြီးနောက် အပြစ်ကို ဝန်ခံချရမည်။ ကျွန်တော်တို့သည် ကောင်းသောအကျင့်ကို ဇာတိအား ဖြင့် လုပ်ခဲ့ဖူးသော်လည်း အပြစ်ကျူးလွန်ဖူးသောအရာ တုန့်ပြန်သည့် အခါ၌ ဝန်ခံ သင့်ပါသည်။ ကျွန်တော်တို့သည် မိမိတွင် အပြစ်ရှိကြောင်းကို အမှန်ဝန်ခံရ မည်ဖြစ်ပါသည်။

## ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းခြင်းသို့

မိမိကိုယ်ကို ဝန်ခံပြီးနောက် ပြဿနာကို မည်ကဲ့သို့ ရင်ဆိုင်ရမည်နည်း။ ကျွန်တော်တို့သည် ယေရှုခရစ်တော်က အပြစ်အားလုံးကို ရှင်ယောဟန်၏ ရေနှစ်ခြင်း ပေးခြင်းအားဖြင့် အပြစ်အားလုံးကို ယူဆောင်သွားပြီး လက်ဝါးကာတိုင်ပေါ်၌ တရားစီရင်ခြင်းခံပြီးဟု ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းဖြောင့်မတ်နိုင်ပါ သလော၊ သန့်ရှင်းစေနိုင်ပါသည်။ ကျွန်တော်တို့သည် ယေရှုခရစ်တော်ခံပြီးနောက် ဇာတိအသွေးသားနှင့် အပြစ်အားလုံးကို ယူဆောင်သွားပြီဟု ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းဖြောင့်မတ်ခြင်းသို့ ရောက် နိုင်ပါသည်။

ထို့နောက်ဖြောင့်မတ်သူ "ယုံကြည်ခြင်းအားဖြင့်ရှင်လိမ့်မည်" ဟူသော အဘယ်နည်း။ဖြောင့်မတ် သောသူများ ယုံကြည်ခြင်းအားဖြင့် အသက်ရှင် လိမ့်မည်ဟူကား ဇာတိအားဖြင့် ယုံကြည်ခြင်းမဟုတ်ဘဲ ဝိညာဉ်၌သာ

ဖြစ်ပါသည်။ဘုရားသခင် သမ္မာ၏တရား၊ ပညတ်တော်နှင့် သူ့၏ကယ်တင်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းသို့ရောက်စေနိုင်ကြောင်းကို ယုံကြည်သောအခါ ဘုရားသခင်၌ ယုံကြည်ဖြောင့်မတ်ပြီး ပြည့်စုံသောအသက်တာရရှိနိုင်ပါသည်။ ထိုအရာသည် မှန်ပါသလား။ မမှန်သလား၊ မှန်ပါသည်။ငါတို့သည် အပြစ်မှကယ်ချွတ်ခြင်း ခံပြီးနောက် ဇာတိပကတိသည် အားနည်းသည်နှင့်အတူ ဖြောင့်မတ်သော အသက်တာမရောက်နိုင်ပါ။ *“ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးအားဖြင့် ယုံကြည်ရ၏”* ဟု သမ္မာကျမ်းတွင် ဖော်ပြထားပါသည်။ (ရောမ ၁၀း၁၀) သို့သော် တမန်တော်ရှင်ပေါလုက ဇာတိသွေးသည် အားနည်းပြီးမပြည့်စုံနိုင်ပါဟု ဆိုထား ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဖြောင့်မတ်သော အသက်တာသို့ မ ရောက်နိုင်ပါ။ ဇာတိနှင့် အသက်ရှင်သော လူသားသည် မဖြောင့်မတ်နိုင်ပါ။

နည်းလမ်းတစ်ခုသည် ဘုရားသခင်၌ ယုံကြည်ခြင်းအားဖြင့်သော်လည်းကောင်း၊ အပြစ်မှကယ်ချွတ် ခြင်းပြီး နှုတ်ကပတ်တော်ကို လက်ခံယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ခြင်းသို့ ရောက်စေနိုင်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို အမြဲယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်နိုင်ပါသည်။ ထို့ကြောင့် ဖြောင့်မတ်သော သူများသည်ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်ဟု သမ္မာကျမ်းတွင် ဖော်ပြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း၌ တည်ရှိခြင်းအားဖြင့်သာ ဖြောင့်မတ်နိုင် သည်။ ဇာတိသည် မဖြောင့်မတ်နိုင်သောလည်း ဖြောင့်မတ်သောသူ ဖြစ်နိုင်ရန် ကြိုးစားခြင်းသည် မဖြစ်နိုင်ပါ။ ကျွန်တော်တို့သည် ဘုရားသခင်ကို လက်ခံခြင်း၊ သခင်အားဖြင့်နှင့် မိမိသို့သိုးထိမ်းရှင်အဖြင့် လက်ခံခြင်း၊ အားဖြင့်ဖြောင့် မတ်နိုင်သည်။

ထို့ကြောင့် ရှင်ပေါလုက ပြောပါသည်။ *ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင် လိမ့်မည်*ဟု သမ္မာဟောင်းကျမ်း ဟဗက္ကုဇ်အနာ ဂတ္တိကျမ်းအားဖြင့် သိရှိနိုင်ပါသည်။ သတင်းကောင်းသည် စစ်မှန်သော ဘုရား သခင်ဖော်ပြသည့် သမ္မာတရားဖြစ်သည်ဟု ပြန်လည်ရေးသားထားပါသည်။ ဘုရားသခင်၌ ဖြောင့်မတ်ခြင်းဆိုသည်မှာ

မည်သည့်အရာဖြစ်သနည်း။ ထိုအရာ သည် လူသားအားဖြင့် ဖြောင့်မတ်ခြင်းနှင့် တူသလား။ အပြစ်မ လုပ်ခြင်း အားဖြင့် ဖြောင့်မတ်ခြင်းသို့ ရောက်စေနိုင်သလား။

ကျွန်တော်တို့သည် ယေရှုတော်ကို ယုံကြည်လက်ခံပြီးနောက် ဖြောင့်မတ်သလား၊ ဘုရားသခင်သည် နှုတ်ကပတ်တော်၌သာ ဖော်ပြပြီး ကယ်တင်ခြင်းသတင်းကောင်းသည် အပြစ်မှ ရွေးနုတ်ခြင်းအားဖြင့် ပြည့်စုံစေနိုင်သည်။ သို့သော် အသွေးအသားအားဖြင့် မပြည့်စုံနိုင်သည်။ သို့သော် အသွေးအသားအားဖြင့် မပြည့်စုံနိုင်ပေ။ *နှုတ်ကပတ်တော်သည်သာလျှင် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းသို့ ရောက်နိုင်ပါသည်*။ ထိုအရာသည် ယုံကြည်ခြင်း အားဖြင့်သာ ဖြောင့်မတ်ခြင်းသို့ရောက်စေနိုင်ပါသည်။ ဖြောင့်မတ်သောသူသည် ဘုရား သခင်ကို ယုံကြည်အားထားပြီး ယုံကြည်ခြင်းဖြင့် အသက်ရှင်ပါသည်။ ဖြောင့်မတ် သောသူသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း၌ တည်ရှိခြင်းနှင့် ဘုရားသခင်၏ ကောင်းကြီးကို ယုံကြည်ခြင်းအားဖြင့်ခံစား၍ ဝိညာဉ်အားဖြင့် ဖြောင့်မတ်ခြင်း အသက်တာသို့ ရောက်စေနိုင်ပါသည်။

## ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်း

ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်းဆိုသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ကျွန်တော်တို့ လူသားများ၏ စိတ်သည် အလွန်မာသည့်အပြင် သံများကဲ့သို့လည်း အစိတ်အမွှာမွှာ ကွဲပြားလွယ်ပါသည်။ တစ်စုံတယောက်သည် ငါဒီအရာနှင့် ထိုအရာကို သခင်အတွက် လုပ်ရမည်ဟု ပြောသင့်သည်။ မည်သို့ ပင်ဖြစ်စေ ဇာတိကမပြောမလုပ်နိုင်ပါ။ ကျွန်တော်တို့သည် အပြစ်နှင့် ပညတ် တော်မှ ရွေးနှုတ်ကယ်တင်ပြီးနောက် သခင်ထံ၌ ယုံကြည်ခြင်းအားဖြင့် အသက် ရှင်ခြင်းသည် ဘုရားသခင်၌ လုံးဝယုံကြည်ခြင်းသာဖြစ်သည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ ကောင်းကြီးများကို ယုံကြည်ခြင်းအားဖြင့် ခံစားလက်ခံခြင်းနှင့်

နှုတ်ကပတ်တော်များကို အပြည့်ဝယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်နိုင်ပါသည်။

ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ရမည်။ ကျွန်တော်တို့သည် ဘုရားသခင်၌ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ ဇာတိသွေးသားအားဖြင့် များပြားသော မျှော်လင့်ချက်သို့ ရောက်ဖူးသလား။ ကျွန်တော့် ဇာတိအသွေးအသားသည် ကျန်သောအပိုင်းတွင် မမှန်သော်လည်း ဆက်လက်မျှော်လင့်နေသည်ဟု ထင်ခဲ့မိသလား။ မည်သို့ ပင်ဖြစ်စေ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်ရမည်ဟု သမ္မာကျမ်းက ဆိုထားပါသည်။ လူသားသည်တစ်ရာခိုင်နှုန်းသာ မဖြောင့်မတ်နိုင် ပါဟု ဘုရားသခင် ဆိုထားပါသည်။ အပြစ်မလုပ်ဘဲ ယုံကြည်ခြင်းကို ဘုရားသခင် ထံ၌ အပ်နှံကာ ဇာတိအားဖြင့် မျှော်လင့်ခြင်းရှိ မည်ဟု စိတ်ကူးခဲ့ဖူးပါသလား။

ကျွန်တော်တို့သည် မည်သို့အပြစ်ကျူးလွန်ခဲ့ဖူးသော်လည်း ယေရှုခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်နိုင်ပါသည်။ ကျွန်တော်တို့သည် ဇာတိအားဖြင့် မည်သို့များပြားလှသော ကောင်းမှုကို ပြုခဲ့သော်လည်း ထာဝရ ဘုရားသခင်ကို မယုံကြည်လျှင် အပြစ်သားများ ဖြစ်ကြပါသည်။ ဘုရားသခင်ကို မယုံကြည်သည့်ချိန်၌ ၁၀၀% မဖြောင့်မတ်နိုင်ပါ။ ကျွန်တော်တို့သည် အပြစ်အ နည်းငယ် ကျူးလွန်သည့်အခါ၌ ဘုရားသခင် ပြောနိုင်ပါ့မလား၊ ဇာတိအ သွေး သားအားဖြင့် ဖြောင့်မတ်လျှင် ထိုအရာက ဘုရားသခင်ကို ဝမ်းမြောက်စေနိုင် သလား။

## ကျွန်ုပ်တို့သည်ဘုရားသခင်၏ဖြောင့်မတ်ခြင်းကဖြောင့်မတ်သူ ဖြစ်စေသည်

ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဟု (ရောမ ၃း၁-၈) ကို ကြည့်ကြပါစို့။ *ထိုသို့ဖြစ်လျှင်၊ ယုဒလူမျိုးသည် အဘယ်သို့နည်း။*

*အရေဖျားလှီးခြင်းအားဖြင့် အဘယ်အကျိုးရှိသနည်း။ အထွေထွေသော အကျိုးများစွာရှိ၏ ထူးမြက်သော အကျိုးဟူမူကား အရေဖျားလှီခြင်းကို ခံရသော ယုဒလူမျိုးကိုသည် ဘုရားသခင်၏ ဗျာဒိတ်တော်များကို ခံရကြ၏ ထိုသူတို့တွင် အချို့သည် မယုံကြည်သော်လည်း အဘယ်ဆို ဖွယ်ရှိသနည်း ထိုသူတို့ မယုံခြင်းသည် ဘုရားသခင်၏ သစ္စာတော်ကို ဖျက်နိုင်သလောက်မဖျက်နိုင်ပါ။ သို့ဖြစ်၍ မိန့်တော်မူချက်သည် ဖြောင့်မတ်ပါ၏ တဂ္ဂားစီရင်သောအခါ အောင်မြင်ပါ၏ဟု ကျမ်းစာလာသည်နှင့်အညီ လူခပ်သိမ်းကိုသည် သစ္စာမြင့်ဖြင့် တည်စေသတည်း။ ငါတို့၏ မတရားသော အမှုသည် ဘုရားသခင်၏ ဖြောင့် မတ်ခြင်း တရားတော်ကို ထင်ရှားစေလျှင်အဘယ်သို့ ဆိုရသနည်း။ ဘုရား သခင် ဒဏ်ပေးတော်မူလျှင် မတရားသောအမှုကို ပြုတော်မူသလော ထိုသို့ဆို သော လူသဘောအတိုင်း ငါတို့၏ ထိုသို့မဟုတ်ရ၊ ဟုတ်လျှင် လောကသားတို့ကို အဘယ်သို့စစ်ကြော စီရင်တော်မူမည်နည်း။ ထိုမှတပါးငါသည် ဂုဏ်ပျက် သောအားဖြင့် ဘုရားသခင်၏ သစ္စာတော်သည် ဂုဏ်သရေတော်ကို တိုးပွားစေ လျှင်၊ ငါ့ကိုအပြစ်ရှိသောသူကဲ့သို့ အဘယ်သို့စီရင်သေးသနည်းဟူ မေးမြန်လျှင် ကောင်းသောအကျိုးရှိစေခြင်းငှါ မကောင်းသောအကျင့်ကို ကျင့်ကုန်အံ့ဟု လူအချို့တို့သည် ငါတို့ကို ကဲ့ရဲ့လျက် ငါတို့စကားကို ပြန်ပြောသည်အတိုင်း ဆိုဦးမည်လော။ ငါတို့စကားကို ပြန်ပြောသည်အတိုင်း ဆိုဦးမည်လော။ ထိုသို့ ဆိုသော ထိုသူတို့သည် ကိုယ့်အပြစ်ဒဏ်ကို ခံထိုက်ကြ၏ (ရော ၃း၁-၈)။*

တမာန်တော် ရှင်ပေါလုက *''သို့သော်ငါတို့၏ ဖြောင့်မတ်ခြင်းက ဘုရား သခင်၏ မြေ၀င်မတ်ခြင်းကို ထင်ရှားစေလျှင် ဘယ်သို့ပြောရမည်နည်း* ဘုရား သခင်သည် မဖြောင့်မတ်သော ဇာတိအားဖြင့် သက်ရှင်သောလူသားကို အပြစ် အားဖြစ်သည် အထိစောင့်ရှောက်သောကြောင့် ဖြောင့်မတ်ရဲ့လား။ ရှင်ပေါလု သည် ညင်းပန်းနှိပ်ဆက်ခြင်းခံသောသူများ ထံသို့၍သို့ ပြောပါသည်။ မိမိ၏ အားနည်းချက် ပိုများလာလျှင် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအပြစ်မှ ကယ်ချွတ် ခြင်းများရမည်ဖြစ်ပါသည်။ ရှင်ပေါလုက အပြစ်ကျူးလွန်ပြီး ဖြောင့်မတ်ခြင်းသို့ ပြန်ရောက်နိုင်ကြောင်းကို

အံ့ဩသောသူများထံသို့ ပြောထားပါသည်။ လူသား၏ အားနည်းခြင်းသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ထင်ရှားစေပါသည်။ လူသားများဇာတိအားဖြင့် သေသည်အထိ အပြစ်ကျူးလွန်သောသူတို့သည် ဘုရား သခင်၏ ဖြောင့်မတ်ခြင်းတန်ခိုးကြီးခြင်းကို သူတို့၏ အားနည်းချက်အားဖြင့် ထင်ရှားစေပါသည်ဟု ဆိုပါသည်။

လူသားသည် ဇာတိအားဖြင့် ဖြောင့်မတ်ခြင်းသို့ ရောက်နိုင်လျှင် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် အလဟသဖြစ်ပါသည်။ ထိုပြင် ဘုရား သခင်၏ ကူညီခြင်းသည် ၉၇% ဖြစ်ပြီး လူသား၏ ကြိုးစားခြင်းသည် ၃% ဖြစ်လျှင် လူသားဖြောင့်မတ်ခြင်းသို့မရောက်နိုင်ပါ။ ယေရှုခရစ်သာလျှင် ကျူးလွန် သော အပြစ်များကို ကယ်တင်နိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ဖြောင့်မတ် ခြင်းသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ဇာတိသည် နေ့စဉ်အပြစ်ကျူးလွန်သည်နှင့်အညီ ပြည့်စုံခြင်းသို့မရောက်နိုင်ပါ။ လူသားများ၏ အပြစ်အလုံးစုံကို ယေရှုခရစ်တော်၏ ကယ်တင်ခြင်းအားဖြင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ပို၍ထင်ရှားစေပါသည်။ ထို့ကြောင့် ရှင်ပေါလုက ကောင်း သော *အကျိုးရှိစေခြင်းငှါ မကောင်းသော အကျင့်ကိုကျင့် ကြကုန်အံ့ဟူ အချို့တို့ သည် ငါတို့ကိုကဲ့ရဲ့လျက် ကျွန်ုပ်တော်တို့စကားကိုပြန်ပြောသည်အတိုင်း ဆိုဦးမည်လော။ ထိုသို့ဆိုသောသူတို့သည် ကိုယ့်အပြစ်ဒဏ်ကို ခံထိုက် ကြ၏ဟု* (ရောမ ၃း၈)ဟု ဆိုထားပါသည်။

ကျွန်ုပ်တော်တို့သည် အသွေးသားအားဖြင့် ဖြောင့်မတ်ခြင်းသို့ ရောက်နိုင် ပါသလား။ အပြစ်ခွင့်လွှတ်ခြင်း ခံပြီးနောက် ဇာတိသည် ဖြောင့်မတ်ခြင်းသို့ ရောက်နိုင်ပါသလား၊ မရောက်နိုင်ပါ။ သို့သော်ဘုရားသခင်သည် ကျွန်ုပ်တော်တို့ကို ပြည့်စုံစွာ ကယ်တင်ပြီးခဲ့ပါပြီ။ ကျွန်ုပ်တော်တို့အား ဘုရားသခင်က အပြစ်မှ ပြည့်စုံ စွာ ကယ်တင်ပြီးဖြစ်သည်။ ကျွန်ုပ်တော်တို့သည် စိတ်နှလုံး အကြွင်းမဲ့ယုံကြည်လျှင် အပြစ်နှင့်အတူရှိသေးသလား။ မရှိတော့ပါ။ မဖြောင့်မတ်သော်လည်းအပြစ် မရှိတော့ပါ။

*ဘုရားသခင်က မဟုတ်မမှန်ပဲလျက် ကျိန်ဆိုခြင်းကို မပြုရ။*

*ကျိန်ဆိုခြင်းကို ပြုသည် အတိုင်းထား၀ ရဘုရားရှေ့တော်၌ တည်စေလောဟူသော ရှေးပညတ် စကားကို သင်တို့ကြားရပြီ။ ငါပညတ်သည်ကား ကျိန်ဆိုခြင်းကို အလျှင်မပြုရ ကောင်းကင်ဘုံကို တိုင်တည်၍ မကျိန်ရ။ ကောင်းကင်ဘုံကား ဘုရားသခင်၏ ပလ္လင်တော်ဖြစ်သတည်း မြေကြီးကို တိုင်တည်၍ မကျိန်ရမြေကြီးသည် ဘုရားသ ခင်၏ ခြေတော်တင်ရာ ဖြစ်သတည်း၊ ယေရုရှလင်မြို့ကို တိုင်တည်၍ မကျိန်ရ။ မဟာမင်းကြီး၏ မြို့တော်ဖြစ်သတည်း။ ဆံခြည်တပင်ကိုမျှ ဖြူစေခြင်း၊ မည်း စေခြင်းငါ မတတ်နိုင်သောကိုယ်ဦးခေါင်းကို တိုင်တည်၍ မကျိန်ရ။ သင်၏စ ကားမှာ မှန်သည်ကိုအမှန်၊ မမှန်သည်ကိုမအမှန်ဖြစ်စေလော။ ဤထက်လွန်သော စကားသည် မကောင်းသောအရာ နှင့်စပ်ဆိုင်၏* (မ ၅း၃၃-၃၇)ဟု ပြောကြားပါသည်။ဇာတိက မြေကြီးကိုကျိန်ခြင်းသည် ထိုအရာကိုအပြစ်မှ လွတ် အောင် မထိမ်းနိုင်သောကြောင့် အပြစ်ဖြစ်သည်။ ထို့ကြောင့် မြေကြီးကို ကျိန်ပြီး အပြစ် မတင်ရပါ။ မိတ်ဆွေသည် ဘုရားသခင်ကို ယုံကြည်လျှင် မိတ်ဆွေကို ကူညီပြီး ဖြောင့်မတ်ခြင်းသို့ ရောက်စေနိုင်သည်။

အထင်အမြင်မှားယွင်းခြင်းသည် များပြားလှပါသည်။ ကျွန်တော်တို့ ထံသို့ အပြစ်ကင်လာသော အသွေးအသားရှိသည်နှင့်အညီ အသွေးသား အားဖြင့်စီရင် ခံတတ်သည်။ သို့ဖြစ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်သမ္မာ တရားကို မယုံကြည်ခြင်း၌ပါဝင်သောသူများထံ တရားစီရင်ခြင်း ကျွန်တော် တို့တွင် တရားစီရင်ခြင်း နှစ်မျိုးရှိပါသည်။ ထို့ကြောင့်ထိုနှစ်မျိုးက ကျွန်တော်တို့ကို အုပ်ချုပ်ရန် ကြိုးစားလျက်ရှိပါသည်။ ကျွန်တော်တို့သည် ဇာတိအားဖြင့် ပညတ်တော်လိုက်ရန် ရည်ရွယ်ပြီး ထိုအရာကို ဇာတိအားဖြင့်စီရင်သည်။ “သင်သည် ဆက်လက်၍ အပြစ်ကျူးလွန် လျှင်လည်း ဖြောင့်မတ်ပါသည်။ သင်၏ဇာတိသည် ၁၀၀% မဖြောင့်မတ်လျှင် ဖြောင့်မတ်ခြင်းသို့ ရောက်စေမည်ဟု ဇာတိက ပြောပါသည်။ ဇာတိတရားစီ ရင်ခြင်းသည် မိတ်ဆွေ ကို ကောင်းသောအထိမ်းအမှတ်ကို ပေးလျက်ရှိပါသည်။

မည်သို့ပင်ဖြစ်စေ ဘုရားသခင်၏ ဖြောင့်မတ်ခြင်း

တရားစီရင်ခြင်းသည် ကျွန်တော်တို့၏ အပြစ်ကို ၁၀၀% ရှိသိရန် လိုအပ်ပါသည်။ ကျွန်တော်တို့သည် အပြစ်မှ ရွေးနှုတ်ကယ်တင်ခြင်းကို ယုံကြည်ခြင်းအားဖြင့် လက်ခံယုံကြည်လျှင် ဖြောင့်မတ်ခြင်းသို့ ရောက်နိုင်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ ကယ်တင်ခြင်းသတင်း ကောင်းကို ယုံကြည်သူများသည် ဘုရားသခင်၏ ဖြောင့် မတ်ခြင်းကို ရပါပြီး ဘုရားသခင်ကို ယုံကြည်သော သူများသည် တကယ်အ သက်ရှင်သည်သူတို့သည် ဘုရားသခင်၏ အကူညီအားဖြင့် ကောင်းကြီးခံစား သည်။ ဖြောင့်မတ်သောသူများသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင် လိမ့်မည်။ ထိုအရာသည် မယုံကြည်သော သူများနှင့် ဇာတိအားဖြင့် အသက်ရှင သောသူများ အသက်မရှင်နိုင်ကြောင်းကို ဖော်ပြပါသည်။ မိတ်ဆွေကို ခါတ်ပုံတစ်ပုံ၏ အသေးစိတ်တစ်ပိုင်းကို ပြောပြချင်ပါသည်။ အသားရိုးကို အရိုးဖြူရသည့် အထိ ချက်သကဲ့သို့ မိတ်ဆွေကို ပြောကြား၍ ရှင်းပြချင်ပါသည်။

## ကျွန်တော်၌ ယုံကြည်ခြင်းလိုအပ်သည်

သမ္မာကျမ်းစာကိုသိခြင်းသည် အရေးကြီးသော်လည်းမည်သို့ အရေးကြီး ခြင်းကို ယုံကြည်သနည်း။ အချို့သည် ဘုရားသခင်၏ ဖန်ဆင်းခြင်းနှင့် ယေရှုသာ လျှင် မိမိကယ်တင်ရှင်ဖြစ်ကြောင်းကို ယုံကြည်ကြသည်။ သူတို့သည် နေ့စဉ်လုပ် နေသောအပြစ်ကို နေ့စဉ်ဆေးကြောလိမ့်မည်ဟု ယုံကြည်ကြသည်။ မိမိတရားစီ ရင်ခြင်းကို ဇာတိ၏ပညတ်တော်အားဖြင့် ပြုလုပ်စီရင်လျက်ရှိပါသည်။ ကျွန်တော် တို့ဘာကို ယုံကြည်သနည်း။ ဖြောင့်မတ်သော သူများသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။

မိတ်ဆွေသည် ပျော်ရွှင်ခြင်းအားဖြင့်သော်လည်းကောင်း ဇာတိထင်မြင် ချက်အားဖြင့် သော်လည်း ကောင်း၊ မိမိကိုယ်ကို တိုင်းတာပြီး မိမိဇာတိ သည်မှန်ပါသည်။ (ဝါ) ဘုရားသခင်ကို ယုံကြည်ရန်အားနည်းသည်ဟု ပြောမည် လား။ မိတ်ဆွေသည် ယနေ့အတွက် ၈၀% (ဝါ) ၉၅%နှင့်

သက်မှတ်တိကျ သောနေ့ရက်၌ ၅%ဟူ၍ လည်းကောင်း၊ ငါသည်ကမ္ဘာ၌ မမွေးလျှင် ပိုပြီးကောင်း မည်ဟု မိမိကိုယ်ကို ရမှတ်ပေးခဲ့ဖူးပါသလား။ မိမိကိုယ်ကိုရမှတ် ပေးခဲ့ဖူးပါသည်ဟု ထင်မိခဲ့ဖူးပါသလား။ ကျွန်ုပ်လည် ထင်မိခဲ့ဘူးတယ်။

ကျွန်တော်တခါတရံ တတတ်တအားလိုချင်ခဲ့ပါသည်။ အားပျော့သည့်အခါ၌ စဉ်းစားပြီးကျွန်တော်သည် ဘုရားသခင်ကို မယုံကြည်လျှင် ပိုကောင်းမည်။ ဘုရားတရားကြည်ညီသော အသက်တာရောက်နိုင်ရန် ခက်ခဲလှ ဟုထင်မိခဲ့ပါ သည်။ ယခုထိတိုင်အောင် ကြောက်လျက်ရှိပါသည်။ ကျွန်တော်သည် လုပ်ခဲ့ပြီး သောအရာကို ကြည့်ခြင်းနှင့် လုပ်ရမည့်အရာကောက်နှုတ်ရာတွင် ကြောက် ရွံ့လျက်ရှိနေပါသည်။ ကျွန်တော်သည် ယခုအချိန်ထိ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်နေသောကြောင့် ချီးမွမ်းရန်ထိုက်တန်ပါသည်။ သို့သော် ဘုရားသခင် နှင့်အတူ လိုက်လျှောက်နိုင်မည် မဟုတ်တော့ပါ။ ဘုရားသခင်ကို စသိသိခြင်း မည်မျှ စိတ်ထိခိုက်လာသနည်း။ သူများ၏ ထင်မြင်ချက်နှင့် ကြောက်ရွံ့ခြင်းကို သိရှိသောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်ကို တိကျစွာမသိမယုံကြည်ဘဲ နောက်တော်သို့ လုက်ဖို့ရန် ကိုယ့်ကိုကိုယ် မယုံကြည်နိုင်တော့ပါ။ ဘုရားသခင် ပြည့်စုံသန့်ရှင် ကြောင်းကိုသိသောကြောင့်ပင် ဖြစ်ပါသည်။

အို . . . သခင်၊ သခင်နောက်ကို မလိုက်နိုင်တော့ပါဟု ကိုယ်ကိုကိုယ် မယုံကြည်နိုင်တော့ပါ။ ထို့ကြောင့် ဘုရားသခင်က ကျွန်တော်တို့ကို ကောင်းမွန်စွာ သိသည်နှင့်အညီ ယုံကြည်ခြင်းနှင့် အသက်ရှင်ရန် ပြောကြားပါသည်။ "ဖြောင့်မတ် သောသူကောင်းကြီးခံစားသကဲ့သို့ ယုံကြည်ခြင်းဖြင့် အသက်ရှင်ကြလော။ သင်တို့အပြစ်အားလုံးကို ယေရှုခရစ်က ရေနှစ်ခြင်းအားဖြင့် ဆေးပြီးခဲ့ပြီး။ သင်တို့ဇာတိကို ပညတ်တော်အားဖြင့်စီရင်လျှင် သင်တို့သည် နေ့စဉ်အပြစ် လုပ်ကြ၏။ အပြစ်မလုပ်ဘဲ အသက်မရှင်နိုင်ဟု မိမိကိုယ်ကို ဝန်ခံကြလော။ သင်တို့ ကယ်တင်ရှင်က သင်တို့၏ အပြစ်ကို ဆောင်ယူသွားလေပြီ။ ကယ်တင် ရှင်၏ အသေခံခြင်းအားဖြင့်ယူဆောင်သွား ကုန်ပါပြီ။ သို့ဖြစ်လျှင် အပြစ်ရှိကြ

သေးသလား (ဝါ) မရှိတော့ပါ။ ဘုရားရှင်က ကယ်တင်ခဲ့ပြီးပါပြီး။ ထိုအခါ မိုးတိမ် နှင့် မှောင်မိုက်ခြင်းသည် သင်၌ရှိသည် နည်းတူနေ့အချိန်၌ ရောက်လာရမည်။ ကျွန်တော်၏ ဝိညာဉ်၌ အလင်းအဖြစ် ယနေ့ရှိပါပြီ။

## ကျွန်တော်တို့သည် အပြစ်သားမဖြစ်နိုင်တော့ပါ

ကျွန်တော်တို့သည် ဘုရားသခင်ကို ကြည့်လျှင်တောက်ပသော်လည်း ကာလကို စဉ်းစားလျှင် မျှော်လင့်ချက်မရှိသောသူဖြစ်ရမည်။ ထိုကြောင့် ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ မိတ်ဆွေသည် ထိုအရာကို ယုံကြည်နိုင်ပါသလား။ ယုံကြည်နိုင်ပါသည်။ ကျွန်တော်တို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ပြီး ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ပါသည်။ ဘယ်သူများက ယုံကြည်အားထားသနည်း။ ဘုရားရှင်ကို ယုံကြည်အားထားလျက် အသက်ရှင်နေပါသည်။ ဖြောင့်မတ်သော သူများသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်နိုင်သည်။ မိတ်ဆွေသည် ထိုအရာကို ယုံကြည်နိုင်ပါသလား။ ယုံကြည်နိုင်ပါသည်။ သင်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအားဖြင့် ဇာတိကို ကောင်းမွန်စွာစွန့်နိုင်ပါသလား။ သွန်သင်ပေးနိုင်ပါသလား။ မထိန်းသိမ်းနိုင်ပါ။ ဇာတိသည် အပြစ်ကိုကျူးလွန်သည့်အခါ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် မဖြောင့်မတ်သော အရာဖြစ်သလား။ ကျွန်တော်တို့သည် အပြစ်သား ပြန်ဖြစ်သေးသလား။

တမန်တော်ရှင်ပေါလုက ဂလာတိ ဩဝါဒစာစောင် (၂း၁၈) ၌ *ထိုသို့ မဖြစ်နိုင်ရာ။ အထက်က ငါဖြိုဖျက်သောအရာကို နောက်တဖန် ငါတည်ဆောက်ပြန်လျှင်၊ ကိုယ့်အပြစ်ရှိသည်ကို ကိုယ်ထင်ရှားညွှန်ပြ၏။* ဟူ၍ရေးသားထားပါသည်။ လူသားသည် မိမိအပြစ်အားလုံး ယေရှုခရစ်တော်၏ ရေနှစ်ခြင်းခံခြင်းယေရှုခရစ် အသက်တော်အားဖြင့် စာရားစီရင်ခြင်းခံပြီးပြီဟု ယုံကြည်လျှင် အပြစ်သားမဖြစ်တော့ပါ။ ယေရှုခရစ်တော်သည် တစ်ကြိမ်သာလျှင် သန့်ရှင် စေပြီး၊ အပြစ်ကင်းမဲ့စေသည်အကြောင်းနှင့်

မိမိအပြစ်ကို ယေရှုခရစ်တော် ကယူဆောင်သွားပြီးပြီ ဆိုသောအကြောင်းကို မငြင်းပယ်သောသူတို့သည် နောက် တစ်ကြိမ်အပြစ်သား မဖြစ်တော့ပေ။ ထိုအခါကိုမိတ်ဆွေသည်ရပြီးပြီလား။ ရပါပြီ။

ကျွန်တော်တို့ကို ကယ်တင်သော ဘုရားသခင်သည် ထာဝရအသက်ရှင်သော ဘုရားဖြစ်ပါသည်။ ကျွန်တော်တို့ကို ဘုရားက ကူညီပြီး ကျွန်တော်တို့နှင့် အတူကပ်ကမ္ဘာကုန်သည့်တိုင်အောင် အတူရှိလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်က ယုံကြည်ခြင်းအားဖြင့်အသက်ရှင်ကြသော သင်တို့သည် ငါ့ကို ယုံကြည်လျှင် သင်တို့ကို ငါအမြဲကူညီမည်။ ဒုတိယမွေးဖွားခြင်းခံပြီးသောသူတို့ ကို ကောင်းကင်တမန်က တာဝန်ယူစောင့်ရှောက်မည်ဟု ဆိုပါသည်။ ဘုရားသခ င်နှင့် လူသားတို့အကြားတွင်ကောင်းမြတ်သည့် အစေခံဖြစ်သည်။ ကောင်းကင်တ မန်က ကျွန်တော်တို့ဖြစ်ပျက်သမျှကို ဘုရားရှင်ထံ တော်ပါးသို့ အမြဲတင်ပြလျှက် ရှိသည်။ ဘုဂုားသခင်သည် ကျွန်တော်တို့ကို သူ့သားသမီးအဖြင့် လက်ပြီးဖြစ်သည်။ ကျွန်တော်တို့သည် ဇာတိအားဖြင့် အပြစ်သားဖြစ်ကြ သည်။ ဇာတိ၏ ကောင်းမှုပြုခြင်းအားဖြင့် ဖြောင့်မက်ခြင်းသို့ မရောက်နိုင်ပါ။ ယုံကြည်ခြင်း အားဖြင့်သာ ဖြောင့်မတ်ခြင်းသို့ ရောက်နိုင်ပါသည်။

ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့၏ သိုးထိန်းရှင်ဖြစ်ပါသည်။

# ဖြောင့်မတ်သောသူများသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ကြသည်

(ရောမဩဝါဒစာစောင် ၁း၁၇-၁၈)

"အဘယ်သို့ ဖြစ်သနည်းဟူမူကား ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည် ဟုကျမ်းစာလာသည်နှင့် အညီယုံကြည်ခြင်း၌ တည်သောဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းအဘို့ အလိုငှါ ဧဝံဂေလိတရားအားဖြင့် ထင်ရှားလျက်ရှိသည်။ သမ္မာတရားကို အဓမ္မဖြင့် ဆီးတားနှိပ်စက်သောသူတို့ ပြုတက်သော ဘုရားမဲ့နေခြင်းအမှု၊ တရားကိုလွန် ကျူးခြင်းအမှု အမျိုးမျိုးကို တဘက်၌ ဘုရားသခင်၏ အမျက်တော်သည် ကောင်း ကင်မှ ထင်ရှားလျက်ရှိ၏။"

## ကျွန်တော်တို့သည် ယုံကြည်ခြင်းအားဖြင့်အသက်ရှင်ရမည်

*ဖြောင့်မတ်သောသူများသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်* ဟု ရေးသားခဲ့ပြီပါပြီ။ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ပါသလား ဖြောင့်မတ် သောသူများသည် ယုံကြည်ခြင်းအားဖြင့်သာ အသက်ရှင်နိုင်ပါသည်။ ကျွန်တော် တို့သည် ဘုရားသခင်ကို ယုံကြည်လျှင် အရာအားလုံးနှင့်အသက်ရှင်ပြီး ယူဆောင် နိုင်ပါသည်။ ဖြောင့်မတ်ခြင်း ယုံကြည်ခြင်းသာလျှင် အဓိလိုအပ် သည်။ "သလျှင်" ဆိုသည် စကားကဲ့သို့ မည်သူမျှ ယုံကြည်ခြင်းမရှိလျှင် မဖြောင့်မတ်နိုင်သည်ကို ဆိုလိုပါသည်။ အပြစ်သားသည် ယုံကြည်ခြင်းအား ဖြင့်အသက်မရှင်ပါ။ သင်သည် ယခုယုံကြည် ခြင်းအားဖြင့် အသက်ရှင်ပါသလား။ ယုံကြည်ခြင်းအားဖြင့် အသက် ရှင်ရမည်။

မှန်ကန်သော ယုံကြည်ခြင်းကို သိနိုင်ရန်များပြားသောအချိန်ကို ပြုပါ

သည်။ ဘုရားသခင်ကို မယုံကြည်လျှင် သေသည့်အကြောင်းနှင့် ယုံကြည်လျှင် အသက်ရှင်သည့်အကြောင်းကို သတိရအောက်မေ့ရမည်။ ကျွန်တော်တို့သည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်းသည် ဖြောင့်မတ်သူများ၏ ကမ္ဘာဖြစ်ကြောင်းပြန်လည် သတိရရမည်။

ငှက်ကလေးများသည် တောင်ပံရှိသော်လည်း အသုံးမပြုခဲ့လျှင် မြေကြီးပေါ်သို့ကျမည်ဖြစ်ပါသည်။ ထို့ကြောင့်ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်ရန် ကံကတားရှိပါသည်။ ဘုရားသခင်သည် ဖြောင့်မတ်သောသူများ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်စေခြင်းအလိုငှာအလိုတော်ရှိပါသည်။ သူတို့ သည် ယုံကြည်ခြင်းအားဖြင့် အသက်မရှင်လျှင် သူတို့ဝိညာဉ်သည် သေခြင်းသို့ ရောက်လိမ့်မည်။

ခရစ်ယာန်အသက်တာ၌ သမ္မာတရားသည် ယုံကြည်ခြင်းအားဖြင့် စတင်လာသည်။ ဖြောင့်မတ်သော သူများသည်ရေနှင့်သန့်ရှင်းသော ဝိညာဉ်တော်အား ဖြင့် နှစ်ခြင်းခံပြီးနောက် မည်သို့ အသင်းအဖွဲ့ကို ပြန်လည်ပြုပြင်မည်နည်း။ ကျွန်တော်တို့အတွက် ယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်းအကြောင်းကို သိရမည်။

နားလည်နိုင်ပါသလား။ ဖြောင့်မတ်သောသူ၏ အသက်တာဖြစ်ပါသည်။ ကျွန်တော်တို့ယုံကြည်ခြင်း မရှိလျှင် သေပြီးနောက်အခက်ခဲကို မအောင်မြင်နိုင်ပါ။ လူသားသည် ယုံကြည်ခြင်းအားဖြင့် အသက်မရှင်လျှင် အခက်ခဲကိုမဖြေရှင်နိုင် နောက်ဆုံး၌ သေခြင်းသို့ ရောက်လိမ့်မည်။ ဘုရားသခင်၌ ယုံကြည်ခြင်း၌ အသက်ရှင်လျှင် ဘုရားသခင်ကို ယုံကြည်ပါသည်ဟု ဆိုသူသည်အားနည်းသော် လည်း ဖြောင့်မတ်နိုင်သည်။ ဘုရားသခင်သည် လူသားတို့၏ ယုံကြည်နိုင်သ လောက်ကူညီနိုင်ပါသည်။

## ကျွန်တော်တို့သည် မိမိ၏ကန့်သတ်ချက်ကို နားလည်သိရှိခံစားလျှင် ယုံကြည်ခြင်းကို သင်ယူခြင်းဖြစ်သည်

မိတ်ဆွေသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်ဖူးပါသလား။ လူတစ်ဦးသည် ဒုတိယမွေးဖွားခြင်းခံပြီးနောက် ယုံကြည်ခြင်းအားဖြင့် အသက်မရှင်ပါ။ အကြောင်းမှ အသက်ရှင်ပြီး ယုံကြည်ခြင်းဖြင့် အသက်ရှင်သင့်ကြောင့်ဦးစွာ မသင်ယူသောကောင့်ဖြစ်သည်။ သူသည်မိမိခြေနှင့် လက်အားဖြင့် ငွေပြုလုပ် သောကြောင့် ဖြစ်သော်လည်း ဘုရားသခင်၌ ယုံကြည်ခြင်း ထိုအရာများကို အသုံးမပြုရန်၊ လိုအပ်သောကြောင့် ဖြစ်ပါသည်။ ဇာတိအားဖြင့် အသက်ရှင်နိုင် လျှင် မိမိ၏ ကန့်သက်ချတ်ကို ခံစားခြင်းသို့ရောက်စေသည်။ မဖြောင့်မတ်နိုင်ပါ ဟု ခံစားခဲ့ပါသည်။ ထို့နောက် မည်သို့ အသက်ရှင်ရမည်နည်း။ ယုံကြည်ခြင်းကို အသုံးပြုရမည်။ ကျွန်တော်တို့ သည်ဘုရားသခင်ကို ယုံကြည်ခြင်းနှင့် ယုံကြည်ခြင်းကို အသုံးမဖြင့်လျှင် ဖြောင့်မတ်မှန်ကန်စွာ အသက်မရှင်နိုင်ပါ။

ကျွန်တော်တို့သည် သေးငယ်သောကိစ္စများတွင်လည်း ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ပြီး၊ ဘုရားသခင်ကို ယုံကြည်ပါသည်။ ကူညီတော်မူပါဟု တောင်သင့်ပါသည်။ ကျွန်တော်တို့သည် ဒုက္ခရောက်ချိန်၌ ဘုရားရှင်ကို ယုံကြည် အားကိုးပါသည်။ ဘုရားရှင် ကူညီနိုင်သည်ကို ယုံကြည်ပါသည်။ ဘုရားရှင်ကို ယုံကြည်ပါသည်ဟု သေးငယ်သောကိစ္စတွင်လည်း ပြောနိုင်ပါသည်။ ဘုရား ရှင်အားယုံကြည်ခြင်းဖြင့် အသက်ရှင်နိုင်ကြောင်းကို ပြောပြခြင်းဖြစ်ပါသည်။

ယုံကြည်မှုသာလျှင် အရာရာကိုလုပ်နိုင်မည်အကြောင်းကို မျှောင်လင့်၍ ပိုပြီးရှင်သန်လာနိုင်သည့် အကြောင်းကို တွေ့ကြုံခံစားနိုင်သည်။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်ကို မယုံကြည်လျှင် ဘုရားသခင်၏ ခွင့်ပြုခြင်းကို ပြုလုပ်ရန်မေ့လျော့ တတ်သည်။ ထို့ကြောင့် ဆုံးရှုံးခြင်းသို့ ရောက်နိုင်ပါသည်။ ကျွန်တော်တို့သည် ပြဿနာကို ယုံကြည်ခြင်းအားဖြင့် လွယ်ကူစွာ ဖြေရှင်းနိုင်ပါသည်။ ယုံကြည်ခြင်း ဖြင့် အသက်ရှင်ခြင်းသည် လုံးဝကောင်းမွန်သည်နှင့် အညီယုံကြည်ခြင်းဖြင့် အသက်ရှင်နိုင်ရန် သင်ယူရမည်ဖြစ်ပါသည်။

ဓမ္မာဟောင်းခဲ့လူသားတို့သည် ယုံကြည်ခြင်းဖြင့်အသက်ရှင် ခဲ့ကြသည် နှင့်အညီ ခတ်သစ်တွင်လည်း ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့

ရောက်နိုင် ပါသည်။ မည်ကဲ့သို့ ကယ်တင်ခြင်း၊ ငြိမ်သက်ခြင်းကို ရနိုင်မည်နည်း။ ယေရှုခရစ် တော် ပြုလုပ်ခဲ့သောအရာများသည် ဖြောင့်မတ်ခဲ့ပါသလား။ ဖြောင့်မတ်ခဲ့ပါသည်။ ကျွန်တော်တို့ ယုံကြည်ခြင်းအားဖြင့် ဘုရားရှင်က ကူညီပါသည်။ ပထမဦးစွာ ဘုရားရှင်ကို ယုံကြည်၍ မိမိလိုအပ်ချက်ကို ရှာဖွေတောင်းယူရန်သာ ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော်ကယ်တင်ခြင်းကို သူကိုယ်တိုင် ပေးပြီးဖြစ်သော ကြောင့်ဖြစ်ပါသည်။ ကျွန်တော်တို့ အသက်တွင် ယုံကြည်ခြင်းမရှိလျှင်မဖြစ်နိုင်ပါ။ ယုံကြည်ခြင်းသည် အသက်တာဖြစ်ပါသည်။ ဖြောင့်မတ်သော အသက်တာသည် ယုံကြည်ခြင်းဖြစ်ပါသည်။ ယုံကြည်ခြင်းသည် အသက်တာဖြစ်ပါသည်။ ထိုအရာသည် လူ့ဇာတိနှင့်တူလျက် ရှိပါသည်။ ဒုတိယမွေးဖွားခြင်း ခံပြီးသူသည် ယုံကြည် ခြင်းမရှိလျှင် သူ့ဝိညာဉ်သည် သေပြီးအသွေးမရှိသည့်နည်းတူ ဖြစ်ပါသည်။ ဘုရားသခင်ကို ယုံကြည်ပြီး ဝန်ခံသင့်ပါသည်။ ဘုရားသခင်ကို ယုံကြည်ပါသည်။ ဘုရားသခင်သည် ပြသာနာအားလုံးကို ဖြေရှင်နိုင်ကြောင်းကို ယုံကြည်ပါသည်။

ဘုရားသခင်က မိမိဆုတောင်းချက်ကို အဖြေမပေးခင် ဖြောင့်မတ်ခြင်း တရားကို ရှေ့ဦးစွာရှာရမည် ဖြစ်ပါသည်။ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ရ မည်။ ဖြောင့်မတ်သော သူများသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ကြသည်။ လူ့ဇာတိဖြင့် သက်ရှင်ခြင်းသည် တစ်နေ့တွင် ကုန်ဆုံးသွားမည် ဖြစ်ပါသည်။ ကျွန်တော်တို့သည် ထိုနေရက်ရောက်လျှင် ဘုရားသခင်နှင့် တွေ့ဆုံ၍မရသော အခြေနေသို့ ရောက်ရှိလာလိမ့်မည်။ ထိုအခါ အရေးကြီးသောအခြေအနေရောက် လိမ့်မည်။ အရေးကြီးသောအရာသည် ဘုရားသခင်ကို ယုံကြည်ခြင်း၊ ကယ်တင် ကြောင်းယုံကြည်ခြင်းအကြောင်းများ ဖြစ်ပါသည်။

ထို့အပြင် ကျွန်တော်တို့သည် ဘုရားသခင်ထံ တောင်းသမျှကို သူ့အလို တော်နှင့်အညီ သင့်လျော်စွာ ပေးသည့်အကြောင်းကို ယုံကြည်ရန် ဖြစ်ပါသည်။ ကျွန်တော်တို့ ဇာတိကုန်ခန်းချိန်၌ ယုံကြည်ခြင်းသည် ဘုရားရှင်၏ ကျေးဇူးတော် ကြောင့်ကယ်တင်ခြင်းသို့ရောက်စေပါသည်။

ဘုရားသခင်၌ ယုံကြည်ခြင်းသည် တောင်းသမျှကို ရရှိနိုင်သည်ဟု လှုံ့ဆော်တိုက်တွန်းလိုပါသည်။

## ကျွန်တော်တို့သည် သေးငယ်သော လုပ်ငန်းများမှအစ ယုံကြည်ခြင်းကို အသုံးပြုရမည်

မည်ကဲ့သို့အသက်ရှင် ရမည်နည်း။ ဤသို့ဆုတောင်းပါ။ "ဘုရားသခင်၊ ဘုရားသခင်ကို ယုံကြည်ပါသည်။ ဒီအရာနှင့် ထိုအရာကို လိုအပ်သောကြောင့် သခင်ကူညီတော်မူပါ။ ကျွန်တော်ဇာတိအား နည်းချက်ကို မပြောပါ။ ယုံကြည်ခြင်း အားဖြင့် အသက်ရှင်၍ ထိုအရာနှင့် ဒီအရာကို အသက်တာ၌ ကျေးဇူးပြု၍ ပေးတော်မူပါ။ ယုံကြည်ပါသည်ဟု ပြောကြပါစို့။ ယုံကြည်ခြင်းအားဖြင့် အသက် ရှင်သောသူသည် သေးငယ်သောလုပ်ငန်းအားဖြင့် ဘုရားရှင်ကို ရှာရမည်။ ဥပမာ၊ ဘုရားသခင် သွားတိုက်ဆေးမရှိပါ။ သွားတိုက်ဆေးကို ကျေးဇူးပြု၍ ပေးသနား တော်မူပါ။ ဘုရားသခင်ကို ယုံကြည်ပါ။ ကျွန်တော်တို့သည် ဘုရားရှင်ကို ယုံကြည် ၍ လိုအပ်နေသည့်အရာကို တောင်းသည်အခါ ပေးတော်မူခြင်းကို ကြုံတွေ့ခံစား ရမည်ဖြစ်ပါသည်။

အပြစ်သားများ မည်ကဲ့သို့ အသက်ရှင်သနည်း။ အပြစ်သားသည် မိမိခွန်အားဖြင့် အသက်ရှင်သော် လည်း ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်း အားဖြင့် အသက်ရှင်ပါသည်။ ကျွန်တော်တို့သည် ရှိသမျှဖြင့် အသက်မရှင်သော် လည်း ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ပါသည်။ ထိုအရာကို သိရှိနားလည်ပါသ လား။ ဖြောင့်မတ်သော သူများသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင် လိမ့်မည်။ ဖြောင့်မတ်သောသူ၏ အလိုအပ်ဆုံးသည် ယုံကြည်ခြင်းဖြစ်သော်လည်း ကျွန်တော်တို့သည် မိမိစည်းစိမ်ဥစ္စာ ကုန်ဆုံးသွားသောအခါ၌သာ ထိုယုံကြည်ခြင်းကို အသုံးလုတတ်ကြသည်။

ကျွန်တော်တို့သည် မိမိခွန်စည်၊ စိတ်ဆုံး ဥစ္စာကုန်ပြီးနောက် ယုံကြည်

ခြင်းကို သုံးတတ်ကြလာသည်။ မည်သို့ပင် ဖြစ်စေကျွန်တော်တို့သည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်းသည် အမှန်တရားနှင့် ဘုရားသခင်၏ အမိန့်ဖြစ်ကြောင်းဘုရားရှင်၏ ကတိတော်၌ မူတည်၍ မိမိအသက်တာ၌ လိုအပ်မည့်အရာ ဖြစ်ကြောင်းကို သိရမည်။ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ပါ။ ထာဝရဘုရားကို ယုံကြည်ပြီးရှာကြလော။ ထိုအခါကျွန်တော်တို့ လိုအပ်သောအရာကို လက်ခံရရှိ နိုင်သည်။ ကျွန်တော်တို့သည် သေးငယ်သောလုပ်ငန်းမှစ ၍ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ပြီး ခိုင်မာသော ယုံကြည်ခြင်းကို တဖြည်းဖြည်းရလာမည်ဖြစ်ပါသည်။

ဒါဝိဒ်သည် ဂေါ်လီယအား သေးငယ်သော ကျောက်ခဲငါးလုံးဖြင့် ယုံကြည်ခြင်းကို အသုံးပြု၍ အနိုင်ယူခဲ့ပါသည်။သူကဘုရားသင်သည် မိမိနှင့် အတူရှိ သည် ဟုယုံကြည်ခြင်းအားဖြင့် ဂေါလိပ်ကို အနိုင်ယူနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ ပါသည်။ သူ့ကိုသတ်ခြင်းသည် ဘုရားရှင်၏အလိုတော်ဖြစ်ကြောင့် သိသော ကြောင့် ဖြစ်ပါသည်။

## ဘုရားသခင်ရှေ့မှာ ကျွန်ုပ်တို့အလိုအပ်ဆုံးသောအရာသည် ယုံကြည်ခြင်းဖြစ်သည်

ယုံကြည်ခြင်းသည် ခတ်ခဲပုံပေါ်ပေမယ့်လွယ်ကူသောအရာဖြစ်သည်။ ဘုရားသခင် ယုံကြည်ခြင်းမှ အပ်လိုအပ်သော အရာမရှိပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုပဲ ယုံကြည်ရမည်။ လူတွေက ဘုရားသခင် ယုံကြည်ခြင်းသည် ခတ်ခဲတယ်လို့ ထင်ကြပါသည်။ သို့သော်လည်း တကယ်တော့မခေတ်ပါ။ ကျွန်တော်သည် ကျွန်တော်၏ အဖကို “အဖ”ဟု ခေါ်ပြီးသူသည် ကျွန်တော်၏ အဖအဖြစ်ယုံကြည်ပါသည်။ အဘယ်ကြောင့် ဆိုသော် သူသည် ကျွန်တော်၏ စစ်မှန်သောအဖ ဖြစ်သောကြောင့် ဖြစ်ပါသည်။ သူ၏ကျွန်တော်အဖဖြစ်ခြင်းသည် ကျွန်တော်၏ ယုံကြည်ခြင်းကိုအားမကိုးနိုင်ပါ။ ဘုရားသခင်၌ ယုံကြည်ခြင်းသည်

ထိုအချက်မှ စတင်သည်။ ကျွန်တော်သည် ဘုရားသခင်ကို ယုံကြည်သည်။ ဘာကြောင့်လဲ။ ဘာကြောင့်လဲ ဆိုသော် ဘုရားသခင်သည် တရားသောသူတို့၏ ဘက်၌ အမြဲတမ်းရပ်တည်သည်။ သူတို့ကို ချစ်သည်။ သူတို့၏အဖ ကယ်တင် ခရှင်ဖြစ်လာသည်။

ဒုတိယအနေနဲ့ ကျွန်တော်တို့သည် ဘုရားသခင်ကို ယုံကြည်ရင်ကလေး က သူတို့၏ အဖေလိုအပ်သောအရာများ တောင်းသကဲ့သို့ ကျွန်ုပ်တို့ လိုအပ် ချက်များကို တောင်းပါသည်။ နောက်ဆုံးအနေနဲ့ အဖဘုရားသခင်သည် ကျွန်ုပ် တို့ရှာသောအခါ ကြားရန်အဖေပေးပါသည်။ ဘုရားသခင် ယုံကြည်ခြင်းသည် ထိုရိုးရိုး ယုံကြည်အားထားခြင်းမှ စတင်ပေါ်ပေါက်လာသည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ရမည်။ ဘာကြောင့်လဲဆိုသော ဘုရားသခင် သည် အစနှင့်အဆုံးဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်တာသည် ယုံကြည်ခြင်းနှင့် အမျိုးတော်သည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ရန်သူ ယုံကြည်ခြင်းအားဖြင့် ကယ်တင်ရန် သူယုံကြည်ခြင်းအားဖြင့် ဂရုစိုက်သည်သာ ကျွန်ုပ်တို့ကို “ဘုရား” ကျွန်တော် ဘုရားကို ယုံကြည်ပါသည်ဟု ပြောခွင့်ပေးသော အရာသည် ယုံကြည်ခြင်းဖြစ်သည်။ ကျွန်တော်ကို စောင့်ရှောက်ပါ ကျေးဇူးပြုပြီး ကျွန်တော်ကို ဂရုစိုက်ပါ။ ကျွန်ုပ်တို့သည် စာတန်၏ ငြိမ်းခြောက်မှုကြောင့် အား နည်းရန် ကြောက်လန့်သောအခါ ဘာကိုလုပ်မလဲ။ “ဘုရား ကျွန်တော် ယုံကြည် ပါသည်”ဟု ပြောပြီး ဘုရားသခင်ကို ယုံကြည်ရမည်။ ကျွန်ုပ်တို့သည် မှားယွင်းစွာ ကျေးဇူးတော်ချီးမွမ်းပြီး အဆုံးမှာ စာတန်၏ ထိန်းချုပ်မှုနှင့် နှိမ်နှင်းခြင်းကို ခံနိုင်ပါသည်။ ဒီဖြစ်ပျက်ဖြစ်ကြောင့် ကျွန်ုပ်တို့ဥည် “ဘုရားသခင် စောင့်ထိန်း တော်မူပါ”ဟု ဆုတောင်းပြီး ယုံကြည်ကြပါသည်။ ကျွန်တော်ကို သေချာစောင့် ထိန်းတော်မူပါ” ဘုရားကို ယုံကြည်ရသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင် သည် ကျွန်ုပ်တို့ကို စောင့်ထိန်းတော်မူသော ကျွန်ုပ်တို့၏အဖဖြစ်သော ကျွန်ုပ်တို့ ၏အဖဖြစ်သော ကြောင့်ဖြစ်ပါသည်။ ဘုရားသခင်သည် ဘယ်နည်းပဲဖြစ်ဖြစ် ကျွန်ုပ်တို့ မသင့်လျော်သော ဆုတောင်းခြင်းဖြင့် တောင်းသော်လည်း ဂရိုက်စိုက်

ပေးပါသည်။ အဘယ်ကြောင့်ဆိုသော ကျွန်ုပ်တို့ကို ကောင်းကောင်းသိသော ကြောင့် ဖြစ်ပါသည်။ အရေးကြီးသောအရာသည် ယုံကြည်ခြင်းဖြစ်သည်။ ထိုအ ရာသည် လွယ်ကူသောအရာဖြစ်ပါသည်။ ဘုရားသခင်ကို ယုံကြည်ခြင်းဖြင့် အသုံးပြုပါ။ ပြီးနောက် ယုံကြည်ခြင်းမှ ယုံကြည်ခြင်းသို့ လမ်းပြလိမ့်မည်။ ကျွန်ုပ် တို့သည် အသက်ရှင်သော ဘုရားသခင်တောင်မှ မယုံကြည်လျှင် အလဟာ သဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ယုံကြည်လျှင် ယုံကြည်ခြင်းဖြင့် အသက်ရှင်လာမည်။

## ယုံကြည်ခြင်းမှ ယုံကြည်ခြင်းသို့

ရောမ ၁း၁၇ အရ *"အဘယ်သို့ဟူမူကား ဖြောင့်မတ်သောသူသည် ယုံကြည်အားဖြင့် အသက်ရှင်လိမ့်မည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ ယုံကြည် ခြင်း၌တည်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်း အဘို့အလို့ငှါ ဧဝံဂေလိတရားအားဖြင့် ထင်ရှားလျက်ရှိ၏။"* ကျွန်တော်တို့သည် မိမိယုံကြည်ခြင်းကို ထပ်တလဲလဲ ပြုခြင်းအားဖြင့် ယုံကြည်ခြင်းဖြင့် အသက်ရှင် သော အသက်တာသို့ ရောက်နိုင်ပါသည်။ မိတ်ဆွေကို နားလည်စေချင်ပါသည်။ ဘုရားသခင်သည် အမှန်တကယ်ရှိသော်လည်း မိတ်ဆွေသည် ဘုရားသခင်ကို အသက်ရှင်သည်ဟု ယုံကြည်ခြင်းအားဖြင့် ယုံကြည်ခြင်းသို့ ရောက် နိုင်ပါသည်။ ယုံကြည်ခြင်းအသက်ရှင်၍ ဘုရားသခင်၌ အရာအားလုံးကို ရရှိနိုင် မည်။ ဖြောင့်မတ်သော သူသည်ယုံကြည်ခြင်းဖြင့် အသက်ရှင်ရလိမ့်မည်ဟု (ရောမ ၁း၁၇)ဟု ကျမ်းစာလာ သည်နှင့်အညီယုံကြည်ခြင်း၌တည်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားသည် ယုံကြည်ခြင်းအဘို့အလို့ငှါ ဧဝံဂေလိတရားအားဖြင့် ထင်ရှားလျက်ရှိသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်က ကယ်တင် ပြီးပြီဟု ယုံကြည်လျှင် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်သောအဖြစ်သို့ ရောက်ရှိ မည်ဖြစ်ပါသည်။ ထိုအရာကိုမယုံလျှင်

ယုံကြည်ခြင်း သားသမီးမဖြစ်နိုင်ပါ။ ဘုရားရှင်သည် ကျွန်တော်တို့ လိုအပ်သေည့်အရာကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စွာ တောင်းလျှင်အဖြေပေးမည်ဖြစ်ပါသည်။

တမန်တော် ရှင်ပေါလုက ရောမ ၁း၁၇သည်ကို တောင်းသောလည်း အပြည့်စုံဆုံးအရေးကြီးဆုံး ဖြစ်ပါသည်သည်ဟု ဆိုပါသည်။ မိတ်ဆွေသည် ဖြောင့်မတ်သော သူများမည်ကဲ့သို့ အသက်ရှင်သည်ကိုနားလည် သိရှိပြီးလား။ ဖြောင့်မတ်သောသူများ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ ယုံကြည်ခြင်း သည် အပြစ်သားများအတွက် မလိုအပ်သော်လည်း ဖြောင့်မတ်သောသူများ အတွက် လိုအပ်ပါသည်။

အပြစ်သားများအတွက် ယေရှုခရစ်တော်သည် ကယ်တင်ရှင် ယုံကြည်ခြင်း၏ ပထမအရေးကြီးဆုံး ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကျွန်တော်တို့ ဒုတိယမွေးဖွားခြင်းခံသောသူများသည် ကျွန်တော်တို့ အသက်တာ၌ ယုံကြည်ခြင်း ကို ရရှိနိုင်ပါသည်။ ကျွန်တော်တို့ အသက်တာ၌ ဖြောင့်မတ်ခြင်းတစ်မျိုး (ဝါ) နှစ်မျိုးလိုအပ်သလား။ မလိုအပ်တောပါ။ ကျွန်တော်တို့အတွက် ပြိုင်ဘက်များစွာ ကို အနိုင်ယူစရာများပြားလှပါသည်။ ဖြောင့်မတ်သောသူသည် အရာရာတိုင်းတွင် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ပါသည်။ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ပြီး ဒုက္ခကြုံသည့်အချိန်တွင် ထိုအခါက ကာကွယ်ပါသည်။ ကျွန်တော်တို့သည် ယုံကြည်ခြင်းအားဖြင့် ဆုတောင်းလျှင် ဘုရားသခင်အဖြေပေးပါလိမ့်မည်။ ကျွန် တော်တို့သည် အားနည်းသည့်အချိန်၌ ယုံကြည်ခြင်းအားဖြင့် ဆုတောင်းရ မည်။ လက်ထပ်ခြင်းမှစ၍ ဧဝံဂေလိတရားဟောသည်အထိ ယုံကြည်ခြင်း လိုအပ်ပါ သည်။ ကျွန်တော်တို့ လူတစ်ဦးစီသို့ ဧဝံဂေလိတရားဒေသနာ ဝေငှလျှင် ယုံကြည် ခြင်းက ဤသို့ ဆုတောင်းပေးပါသည်။ "ဘုရားသခင် ထိုသူ၏ ဝိညာဉ်ကို ကယ် တင်ကြောင့် ယုံကြည်ပါသည်။ ကျွန်တော်တို့သည် ယုံကြည်ခြင်းအားဖြင့် အရာ အားလုံးစုံကို လုပ်ခဲ့ပါသည်"ဟူ၍တောင်းပါသည်။

ဧဝံဂေလိတရားကို ယုံကြည်ခြင်းမရှိလျှင် ဝေငှလို့မရပါ။ ကျွန်တော်တို့ ယုံကြည်မှုသာလျှင် ဝေငှ၍ရပါသည်။ ယုံကြည်ခြင်းအားဖြင့် ဝေငှသူများသည်

ကယ်တင်ခြင်းသို့ရောက်နိုင်ပါသည်။ ယုံကြည်ခြင်းဖြင့် အသက်ရှင်ခဲ့ဖူးသလား။ ယုံကြည်ခြင်းအသက်မရှင်သောသူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်ရသည်ကို မသိသောကြောင့် ပြသနာနှင့် ကြုံတွေ့သည့်အခါ၌ ဒုက္ခရောက်တတ်ကြပါသည်။ မိမိကိုယ်ခန္ဓာအားနှင့် တန်ခိုးကုန်သည့်အခါ၌ ရှာဖွယ်တတ်သောကြောင့် မတွေ့ နိုင်ပေ။ ထိုသူတို့သည် ယုံကြည်ခြင်း၌ အသက်မရှင်သောကြောင့် "ကျွန်တော် သည် မသေသောကြောင့် အသက်မရှင်ဟုပြောကြပါလိမ့်မည်။"

သို့သော်ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်သောကြောင့် ရှာသမျှတောင်းသမျှတို့ကို ရလျက်ရှိကြသည်။ ကျွန်တော်တို့သည် ယုံကြည်ခြင်းမရှိလျှင် အသုံးမကျသောသူဖြစ်သည်။ ထို့ကြောင့်အသင်းတော်နှင့် မလိုက်လျှောက်နိုင်ပါ။ ကျွန်တော်တို့ ယုံကြည်ခြင်းမရှိဘဲ ဘုရားသခင်နှင့် မည်ကဲ့ သို့ လိုက်လျှောက်နိုင်မည်နည်း။ ဘုရားသခင်ကို မယုံကြည်လျှင် ယုံကြည်ခြင်းဆို သည်မှာ လုံး၀မဖြစ်နိုင်ပါသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၌ မျှော်လင့်ခြင်း ဖြင့် အသက်ရှင်ခြင်းကို ဆိုလိုပါသည်။ ယုံကြည်ခြင်းဖြင့် အသက်ရှင်လျှင် အသင်းတော်နှင့်အတူ လိုက်လျှောက်လို့ရပါသည်။ မြင်တွေ့လို့ရသလား၊ ဘုရားသခင်ကို ယုံကြည်သလား။ ထိုလိုအပ်ချက်ကို ရှာဖွေလော့။ ဘုရားသခင်ကို ယုံကြည်လျှင် အရာရာသည် အစဉ်ပြေသွားပါလိမ့်မည်။ ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လျှင် ပြသာနာကို ပြန်လည်ပြီး မစဉ်းစားသင့်ပါ။

ကျွန်တော်အား ယုံကြည်ခြင်းအားဖြင့် အသက်ရှင်စေသော ဘုရားသခင်အား ကျေးဇူးတင်ပါသည်။

# သမ္မာတရားကို ဆန့်ကျင်သောသူများ

(ရောမသြဝါဒစာစောင် ၁း၁၈-၂၅)

သမ္မာတရားကို အဓမ္မဖြင့် ဆီးတားနှိပ်စက်သောသူတို့ ပြုတတ်သော ဘုရားမဲ့နေခြင်းအမှု၊ တရားကို လွန်ကျူးခြင်းအမှု၏ တဘက်၌ ဘုရားသခင်၏ အမျက်တော်သည် ကောင်းကင်မှ ထင်ရှားလျက်ရှိ၏။ အဘယ်ကြောင့်နည်းဟူမူကား သိအပ်သော ဘုရားသခင်၏ အကြောင်းအရာတို့သည် သူတို့တွင် ထင်ရှားလျက်ရှိ၏။ ဘုရားသခင်သည် သူတို့အားပြတော်မူပြီး။ အဘယ်သို့နည်းဟူမူကား ဖန်ဆင်းတော်မူသော အရာများကို ထောက်ရှုသဖြင့် ထာဝရ တန်ခိုးတော်နှင့် ထာဝရအပြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်းသရွေ့ ကာလပတ်လုံး ထင်ရှားလျက်ရှိ၏။ ထိုဖြစ်၍သူတို့သည် ကိုယ့်အပြစ်ကို မဖုံးကွယ်နိုင်။ အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်ကို သိလျက်ပင်ဘုရားသခင်ကို ချီးမွမ်းသင့် သည်အ တိုင်း မချီးမွမ်းကျေးဇူးတော်ကို မသိမမှတ်၊ အချည်းနှီးတွေး ဆခြင်းသတိ မရှိသော စိတ်နှလုံးမိုက်မဲခြင်းသို့ ရောက်ကြ၏။ ပညာရှိယောင်ဆောင်လျက်နှင့်ပြစ် လူမိုက် အရာ၌ တည်ကြသည်ဖြစ်၍ မဖောက်ပြန်မဖျက်ဆီးနိုင်သော ဘုရားသခင်၏ ဂုဏ်တော်ကိုဖောက်ပြန်ပျက်စီးတတ်သော လူ၏ရုပ်တုသားငှက် အစရှိသော တွားတတ်သော တရစ္ဆာန်၏ ရုပ်တုတို့ကို ဘုရားသခင်အရာ၌ ချီးမြှောက်ကြ၏ ထို့ကြောင့်သူတို့သည် မိမိကိုယ်ကာယ၏ အသက်ကို အချင်းချင်း ရှုတ်ချမည် အကြောင်း ဘုရားသခင်သည် သူတို့ကို သူတို့၏ စိတ်ညစ်ညူးခြင်းလက်သို့ အပ်လိုက်တော်မူ၏။ သူတို့သည် မှန်သောဘုရားသခင်အရာ၌ အမှားကိုထား လျက် ဖန်ဆင်းသောသခင်ကို ပယ်၍ဖန်ဆင်းအပ်သောအရာကို ဝတ်ပြုကိုးကွယ် သောသူဖြစ်ကြောင်း ထိုသခင်သည် ထာဝရမင်္ဂလာရှိတော်မူ၏။ အာမင်။

## ဘုရားသခင်သည် အဘယ်သူ၌အမျက်တော်ထွက်သနည်း

တမန်တော်ရှင်ပေါလုသည် ကျွန်တော်တို့ဝေငှသည် ဒေသနာ ဟောပြောကြောင်းကို တွေ့ရှိရပါသည်။ မည်သူ၌ ဘုရားသခင်အမျက်တော် ထွက်သနည်း။ ဘုရားသခင်၏ တရားစီရင်ခြင်းသည် သမ္မာတရားကို မဖြောင့် မတ်သောနည်းဖြင့် ဖိနှိပ်သောအပြစ်သားများနှင့် သမ္မာတဂျားကို မိမိထင်မြင်ချက်အားဖြင့် ပိတ်ပြင်တားဆီး သောသူများထံသို့ ကြရောက်သည်။

ရှင်ပေါလုက ဘုရားသခင်သည် သမ္မာတရားကို မဖြောင့်မတ်သော နည်းဖြင့် ဖိနှိပ်သောသူများကို အမျက်တော်ထွက်ကြောင်းကို ရှင်းလင်းစွာပြော ပါသည်။ ထိုသူများကို ဘုရားသခင်တရားစီရင်လိမ့်မည်။ မည်ကဲ့သို့ အမျက်တော် ထွက်သနည်းဟူမူကား ထိုသူမျး၏ ဇာတိသွေးသားနှင့် ဝိညာဉ်များကို ငရဲထဲသို့ ချပစ်လိမ့်မည်။

ကျွန်တော်တို့သည် လူတိုင်းမှာ ဝိညာဉ်ရှိကြသောကြောင့် ဝိညာဉ်သာ လျှင် တရားစီရင်ခြင်းခံမည်ဟု မထင်သင့်ပါ။ထိုကြောင့် ဘုရားသခင်က ကိုယ်ခန္ဓာ၊ ဝိညာဉ်နှင့်အတူတရား စီရင်မည်။ သမ္မာတရားကို လောကထင်မြင် ချက်အားဖြင့် ပိတ်ပြင်တားဆီးသော သူတဦးရှိပါသည်။ ဘုရားသခင်၏ ဒေါသ နှင့်တရားစီရင်ခြင်းသည် ဘုရားသခင်ကို မကြောက်ဘဲ ခိုင်မာသော အပြစ်စိတ် အားဖြင့် အသက်ရှင်သော သူများထံသို့ ကျရောက်မည်။

ရှင်ပေါလုသည် ရောမဩဝါဒစာစောင် ၁း၁၇၌ *ဖြောင့်မတ်သော သူများသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်ဟု* ပြောထားပါသည်။ နောက်တဖန် ဘုရားသခင်ကို မိမိအပြစ်အားဖြင့် သမ္မာတရားကို ပိတ်ပြင်တားဆီး သောသူများထံ၌သာလျှင် ကျရောက်မည်ဟု ပြန်ပြောပါသည်။

## ဘုရားသခင်သည် မယုံသောသူများ၌အမျက်တော်ထွက်သည်

ဘုရားသခင်သည် လောကလူသားများအား သမ္မာတရားကို လုံလောက် စွာပေးခဲ့ပါသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသမ္မာတရားသည် လောကလူ သားအားလုံးအတွက် ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ ချစ်ချင်းပက္ကာ

ကိုလျစ်လျူရှုခြင်းကြောင့် ခွင့်လွှတ်ခြင်းမရှိပါ။ ဘုရားသခင်၏ ဒေသနာသမ္မာတရားကို မယုံကြည်ဆန့်ကျင်သောသူများကို တရားစီရင်မည်။

ဒေသနာသမ္မာတရားနှင့် ချစ်ခြင်းမေတ္တာ မရှိသောသူများကို စဉ်စားကြပါစို့။ ဘုရားသခင်သည်ရေ၊မြက်၊ သစ်ပင်၊ ကောင်ကင်ငှက်နှင့် အရာအားလုံး တို့ကို ဖန်ဆင်းကြောင်း တွေ့ရပါသည်။ ဘုရားသခင်၏ ဖန်ဆင်းခြင်းမရှိလျှင် ထိုအရာအားလုံးသည် တည်ရှိနိုင်မည်လော။ *သမ္မာကျမ်းစာက အိမ်မည် သည်ကား၊ တစုံတယောက်သောသူဆောက်သောကြောင့်ဖြစ်၏။ အလုံးစုံတို့ကို တည်ဆောက်သောသူကား၊ ဘုရားသခင်ပေတည်း(ဟေ ၃း၄)* ဟုပြောကြားပါ သည်။ ဘုရားသခင်နှင့် သမ္မာတရားမယုံကြည်ခြင်းသည် အပြစ်ဖြစ်သလော။

ထို့ကြောင့် ဘုရားသခင်က အပြစ်သားခွင့်လွှတ်ခြင်းနှင့် ကျေးဇူးတော်ကို မယုံကြည်သောသူများ တရားစီရင်ခြင်းသည် အတည်ဖြစ်ပါသည်။ ထိုသူတို့သည် တဖြည်းဖြည်းပြောင်းလဲသောအယူအဆကို အခိုင်အမာပြောဆိုသည်။ ထိုသူတို့သည် လောကအပြောင်းအလဲသာဖြစ်သည်ဟု ဇွက်လုပ်သည်။ ထိုသူတို့ သည် ပေါက်ကွဲမှုကြောင့်ဖြစ်ပေါ်လာသော ဗိမာန်ခေါ်အရာတစ်ခုသည် ၁၅ သန်းနှစ် မတိုင်ခင်ကဖြစ်ပြီး ထိုအရာလူသားများတည်ရှိလာသည်ဟု ယူဆကြ သည်။ သူတို့သည်လူသည်အစဉ်ခြေလေးချောင်းသတ္တဝါ (ဝါ) ငါးမှ ပြောင်းလဲပြီး လူဖြစ်လာသည်ဟု ပြောကြပါသည်။ ထိုထင်မြင်ချက်သည် မှန်ခဲ့လျှင် လူသားဖြစ် ပြီးအနှစ် နှစ်ထောင်ကျော်ကြာလာလျှင် တစ်ခြားဘဝတမျိုးသို့ပြောင်းလဲ လာမည်ဖြစ်ပါသည်။

*အဘယ်သို့နည်းဟူမူကား ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့် ထာဝရတန်ခိုးတော်နှင့် ထာဝရအမျက်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသင်၏ အရာတို့သည် ကမ္ဘာတည်သည့် ကာလမှစ၍ ထင်ရှားလျက် ရှိကြ၏။ ထို့ကြောင့်သူတို့သည် အပြစ်ကို မဖုံးနိုင်ပါ။* (ရောမသြဝါဒစာ ၁း၂၀)။ လူသားသည် ဘုရားရှင် ဖန်ဆင်းသောအရာကို မျက်မြင်သော်လည်း ဘုရားသ ခင်ကို ငြင်းပယ်ကြ၏။ မယုံကြည်သောသူများကို ဘုရားသခင်သည် အမျက်တော် ထွက်လျက်ရှိ၏။

လူပေါင်းများစွာသည် ဘုရားသခင်ကို ကျေးဇူးမတင်၊ မချီးမွမ်းသောကြောင့်သူတို့ထင်မြင်ချက်သည် အရာမထင်ဖြစ်လာခဲ့သည်။ ထိုအခါ၌ သူတို့မိုက်မဲသောစိတ်၌ မှောက်မိုက်ခြင်း ပြည့်စုံခြင်းအားဖြင့်သော်လည်းကောင်း၊ လူမိုက်ဖြစ်လာ ဘုရားသခင်၏ ချီးမွမ်းခြင်းကို ပျက်စီးနိုင်သော လူသား၊ ငှက်၊ ချီးမွမ်းခြင်းကို ပျက်စီးနိုင်သော သတ္တဝါနှင့် တွားသောသတ္တဝါများ ပုံရိပ်အပြစ် ပြောင်းလဲခြင်းအားဖြင့် သော်လည်းကောင်း၊ အသက်ရှင်လျက်ရှိ၏။ ဘုရားသခင်၏ တရားစီရင်ခြင်းသည် ထိုသူများကို စောင့်လျှောက်ရှိပါသည်။ ယေရှုခရစ်တော်ကို ယုံကြည်သော်လည်း ဒုတိယမွေးဖွားခြင်း မခံသောသူများသည်လည်း တရားစီရင်လိမ့်မည်။

## ဘုရားသခင်သည်မယုံကြည်သောသူများကို ကိလေသာလက်သို့ အပ်ခဲ့၏

*"ထို့ကြောင့်သူတို့သည် မိမိတို့ကိုယ်ကာယ၏ အသရေကို အချင်းချင်းရှု ချမည့် အကြောင်း၊ ဘုရားသခင်သည် သူတို့ကို သူတို့၏ ကိလေသာစိတ်ညစ် ညူးခြင်းလက်သို့ အပ်လိုက်တော်မူ၏ သူတို့သည်မှန်သော သခင်အရာ၌ အမှားကိုထား၍ ဖန်ဆင်းရှင်ကို ပယ်ကြ၏။ ထိုသခင်သည် ထာဝရမင်္ဂလာရှိ တော်မူ၏။ အာမင်၊ ထိုသို့ပြုသောကြောင့် ဘုရားသခင်သည် သူတို့ကို ရှက် ကြောက်ဘွယ်သော ကိလေသာ လက်သို့အပ်လိုက်တော်မူ၏။ အဘယ်သို့နည်း ဟူမူကား မိန်မတို့သည် ပကတိထုံးစံကို စွန့်၍ ဆန့်ကျင်ဘက် ထုံးစံကို လိုက်ကြ ၏။ ထိုအတူ ယောကျ်ားတို့သည်လည်း မိန်မနှင့် ဆက်ဆံခြင်း ပကတိထုံးစံကို စွန့်၍အချင်းချင်း ကိလေသာစိတ် ပူလောင်သဖြင့်၊ ရှက်ကြောက်ဘွယ်သော အမှုကို ယောကျ်ားချင်းပြုလျက်၊ မိမိတို့မှားယွင်းခြင်းနှင့် အလျှောက်မိမိတို့ အပြစ်ဒဏ်ကို ခံရကြ၏" (ရောမ ၁း၂၄-၁၇)။*

ထိုစာပိုဒ်သည် မည်သည့်အရာကို ဖော်ပြသနည်း။ ဘုရားသခင်သည်

မိမိလက်ဖြင့် ပြုလုပ်သော အရာကိုးကွယ်သောသူများကို အပြစ်သားအဖြစ် သတ်မှတ်သည်။ ထိုသူများကိုလည်းစာတန်လက်သို့ အပ်လိုက်သည်။ ဘုရားသခင်သည် ဘာမဆိုလုပ်ပိုင်ခွင့် ရှိသည်။ ထို့ကြောင့် ကျွန်တော်တို့ ကယ်တင်ခြင်းသို့ ရောက်ဘို့အလို့ငှါ ဘုရားသခင်ကို ယုံကြည်ကြရပါမည်။အဘယ်သို့နည်းဟူမူ ကား မိန်းမတို့သည်ပကတိထုံးစံကို စွန့်၍ပကတိနှင့်ဆန့်ကျင်သောထုံးစံကို လိုက်ကြ၏။ ထိုအရာသည် ဘုရားသခင်ကို ငြင်းပယ်ပြီးအေအိုင်ဒီအေစ် ရောဂါကို ကူးဆက်ချင်သည်နှင့်တူသည်။

ဘုရားသခင်သည် လူသားများကို သဘာဝအသုံးနှုန်းပေးတော်မူ၏။ ယောကျ်ားသည် မိန်းမတစ်ယောက်နှင့်သာနေရမည်။ မည်သို့ပင်ဖြစ်စေ ယောကျ်ားချင်းပြစ်မှားခြင်းနှင့် မိန်းမချင်းပြစ်မှားခြင်း သည် ဘုရားသခင်ပေးတော်မူသော သဘာဝကို ငြင်းပယ်ခြင်းဖြစ်ပါသည်။ ရောမဩဝါဒစာစောင်ကို ၁၉၀၀ မတိုင်မှီ ရေးခဲ့ပါသည်။ ရှင်ပေါလုသည် သဘာဝအဖြစ် အသုံးပြုခြင်းကို ငြင်းပယ် သောသူများသည် လိင်အားဖြင့်အပြစ်အဖို့အခပေးဆပ်ရမည်။ ဘုရားသခင်၏ စကားသည် ယနေ့တွင် ပြည့်စုံနေပါသည်။ ကျွန်တော်တို့ အေအိုင်ဒီအစ် ရောဂါ သည် လိင်ဖြစ်မှ ကူးစက်လွယ်၍ ကူးဆက်ရောဂါ ဖြစ်ပါသည်။

ထိုရောဂါသည် သူတို့၏ လိင်ဆက်ဆံခြင်းအပြစ်၏အခို ပေးဆပ်ခြင်းကို ပြည့်စုံလာပြီးဖြစ်ပါသည်။ ဘုရားသခင်၏ ဒေါသသည် လိင်ဆက်ဆံခြင်းသဘာဝ ကို ကျူးလွန်သောသူများထံသို့ ကျရောက်၏။ သူတို့သည် အေအိုင်ဒီအစ် ရောဂါ၏ အပြစ်အခကို မယုံကြည်ခြင်းမှ ကူးစက်ခြင်းဖြစ်လာသည်။ ဘုရားသခင် သည် မယုံကြည်သောသူများထံသို့ အပြစ်ကင်သည်။ ထိုသို့အားဖြင့် ဘုရားသခင် ၏ ကျိန်ဆဲခြင်းကို ခံရသည်။

## သူတို့သည်ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ဆန့်ကျင်ဘက်ပြုသော လူတို့ဖြစ်ကြသည်

*“သူတို့သည် အလုံးစုံသောမမှကျင့်ခြင်း၊ မတရားသော မေတုန်ကိုပြု*

*ခြင်း၊ ဆိုးညစ်ခြင်း၊ လောဘလွန်ကျူးခြင်း၊ ငြူစူခြင်း၊ မနာလိုခြင်း၊ လူအသတ်ကိုသက်ခြင်း၊ ရန်တွေ့ခြင်း၊ လှည့်ဖြားခြင်း၊ သူတစ်ပါးကို မြင်ပျင်းခြင်းတို့နှင့် ပြည့်စုံသောသူ၊ ကုန်းချောစားသောသူ၊ ဆဲရေးသောသူ၊ ဘုရားသခင်ကို မုန်းသောသူ၊ ကြမ်းတမ်းသောသူ၊ မာနထောင်လွှားသောသူ၊ ဝါကြွားသောသူ၊ မတတ်ကောင်း သောအတတ်ကို စီရင်သောသူ၊ မိဘစကားကို နားမထောင်သောသူ၊ သတိမရှိ သောသူ၊သစ္စာပျက်သောသူ။မိဘ သားမယားစသည်တို့ ကိုမချစ်သောသူ၊ ရန်ငြိုး ထားသောသူ၊ သနားခြင်း ကရုဏာစိတ်မရှိသောသူဖြစ်ကြ၏။ ထိုသို့ကျင့် သော သူတို့သည် သေပြစ်ကိုခံလိုက်သည် သိလျက် ပင်ကိုယ်တိုင် ကျင့်သည် သာမက၊ ထိုသိုကကျင့်သောသူတို့၌ အားရဝမ်းမြောက်ကြ၏။ (ရောမ ၁း၂၉-၃၂)*

ထိုသို့ကျင့်သောသူများက ထိုသို့ကျင့်သောသူများထံသို့ ဘယ်လိုလုပ်ကြသလဲ။ တဦးနှင့်တစ်ဦးသဘောတူကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်ပြီး ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို မယုံကြည်သောသူများ ဘယ်လိုဖြစ်သနည်း။ သူတို့သည် ဖြောင့်မတ်ခြင်းကို ငြင်းပယ်၍ သင်သည် လောက၌ နေဆဲဖြစ်သည် ဟုပြောကြ၏။

ထိုသူတို့သည် ယေရှုကို ယုံကြည်ပြီး နောက် ဖြောင့်မတ်သောသူသည် ဖြောင့်မတခြင်းအတွက် အနှိပ်အစက်ခံသည်။ ထိုသူတို့သည် ကောင်းကြီးရသည်။ သူသားသည်ဇာတိအားဖြင့် အံ့ဩသောသူများကို ကိုယ်ချင်းစာသည်။ မည်သို့ပင် ဖြစ်စေထိုသူတို့သည် အပြစ်ကို ရည်ရွယ်ပြီး ဘုရားသခင်ကို ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ အပြစ်မှ ကယ်တင်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းသို့ ရောက် သည်ကို ငြင်းပယ်ကြသည်။ ဒီအကျင့်ကျင့်သောသူသည် သမ္မာတရားနှင့် ဘုရားသခင်ကို မယုံကြည်နာမခံသောကြောင့် အပြစ်၏ အစေခံကျွန်နှင့် တူပါသည်။

ထို့ကြောင့်စာတန်နှင့် မယုံကြည်သောသူများက ပြည့်စသော အပြစ်မှ ခွင့်လွှတ်ခြင်းကို ရောက်နိုင်၍ သူကိုယုံကြည်ခွင့်ရှိသော်လည်း ဖြောင့်မတ်ခြင်းနှင့် အပြစ်ကင်းရှင်ခြင်းအ သက်တာဖြင့် မရှင်နိုင်ပါဟု ပြောကြသည်။ နာမထောင် ဘုရားသခင်၏စကားကိုသူများနှင့် မယုံကြည်သောသူများက ဘုရားသခင်ကို စိတ်နှလုံး၌ ရှိခြင်းသည်

အပြစ်ဖြစ်သည်ဟု ပြောထို ထင်မှတ်သောကြောင့် ထိုသူတို့သည် ငရဲသွားရမည်လူသားသည် ခရစ်ယာန်ဖြစ်ပြီးမှ ဘုရားသခင်ကို မသိ၍ မယုံကြည်သောသူများသည် ဘုရားသခင်ကို ဆန့်ကျင်ကြသည်။ ထိုသူတို့သည် စာတန်နှင့် အပြစ်ကိုကိုးကွယ်ကြသည်။ ဘုရားသခင်ကို ယုံကြည်ပြီး ဒုတိယကြိမ် မွေးဖွားခြင်းမခံသောသူများသည်ိ ထိုသူတို့နှင့်တူသည်။ ကမ္ဘာပေါ်မှာ သာမန်ခရစ်ယာန်ဖြစ်ပြီး ဒုတိယမွေးဖွားခြင်းမခံသော ခရစ်ယာန်များပြားလှ ပါသည်။ ယေရှုခရစ်တော်ကို စိတ်နှလုံးဖြင့် ယုံကြည်သောသူဘုရားသခင်၏ သမ္မာတရားကို ငင်းပယ်ပြီး ယေရှုဘုရားက မိမိအပြစ်မှ ရွေးနှုတ်၍သူကို ယုံကြည်ခြင်း အားဖြစ် သန့်ရှင်းခြင်းသို့ ရောက်ပြီဟုပြောကြသောသူများကိုဆန့်ကျင်ကြသည်။

## ဒုတိယကြိမ်မွေးဖွားခြင်းမခံသောသူများသည်ဒုတိယကြိမ်မွေးဖွားခြင်း ခံသောသူများကို ဆန့်ကျင်ကြသည်

တမန်တော်ရှင်ပေါလုကဲ့သို့ သမ္မာတရားကို နှိပ်စက်သောသူများကို ဘုရားသခင်သည် ဒေါသထွက်သည်။ နောက်တဖန် ဘုရားသခင်၏ တရားစီရင်ခြင်းသည် ကောင်းကင်မှဆန့်ကျင်သောသူ့ကိုမယုံကြည်သူများထံနှင့် မဖြောင့် မတ်သောသူများထံသို့ ကျရောက်ကြောင်းကို ဖော်ပြသည်။ အရာရာတိုင်းသည် သမ္မာတရားအတိုင်းပြုလုပ်ခဲ့သည်။သမ္မာတရားသည် ဘုရားသခင်က ကျွန်ုပ်တို့ အပြစ်အာလုံးဖုံး ကွယ်ခြင်းကိုခေါ် သည်။ ဘုရားသခင်၏ တရားစီရင်ခြင်းသည် သမ္မာတရားကို ဆန့်ကျင်ပြီး ပိတ်ပြင်တားဆီး သူတို့ထံသို့ ကျရောက်မည်။ ဘုရား သခင်သည် ယုံကြည်သော်လည်း ဒုတိယအကြိမ်မွေးဖွားခြင်းခံသောသူများ ကိုတရားစီရင်မည့်အကြောင်းကိုလည်း ကျမ်းစာလေ့လာခြင်းအားဖြင့် သိရှိနိုင် ပါသည်။ ဘုရားသခင်သည် သူ့ကို ယုံကြည်သော်လည်း ဒုတိယမွေးဖွားခြင်း မခံသောသူများကို တရားစီရင်လိမ့်မည်။

ယုံကြည်သူဒုတိယမွေးခြင်း မခံသောသူသည်မနာလို စိတ်ရှိဖို့တိုက်ကုန်းခြင်းနှင့်တူသည်။ ငရဲသို့သွားမည်ဖြစ်ပါသည်။ ဘုရားသခင်သည် သူတို့ကို သူပိုပေးလိုက်သည်။ သူတို့သည် အချင်းချင်းကောလဟာလနှင့် မနာလို စိတ်ဖြင့်ပြည့်ဝသည်။ အပြစ်သားများ အချင်းချင်းလျှိုဝက်လိုစိတ်ကတ်သောသူ များကိုလည် တရားစီရင်ခြင်းခံရမည်။ အပြစ်ခွင့်လွှတ်ခြင်းရရှိသော တရားစီရင် ခြင်းခံရမည်။ ကျွန်တော်ပြောဆိုလိုချင်ကိုနားလည်သလား။ သူများကိုကိုယ် ချင်းစာရမည်။ ထိုသူတို့သည် ဘုရားသခင်ကို မိမိသသော ကောလဟာလအားဖြင့် ဆန့်ကျင်သည်။ အပြစ်မရှိခြင်းသည် ထူးဆန်းပါသည် ထိုအရာသည် ထူးဆန်း လှပါသည်။

ဘုရားသခင်၏ တရာစီရင်ခြင်းသည် သူ့ကိုအဆိုးအားဖြင့် ဆန့်ကျင်သောသူများထံသို့ ကျေးဇူးတင် သည်။ သူတို့သည် ကောလဟာလပြောသော သူများနှင့် သူများမကောင်းကြောင်းကို ပြောသောသူများ ကောင်နိုင်ရန် ဝန်ခံ သည်။ ခရစ်ယာန်ဖြစ်သော်လည်း ဒုတိယမွေးဖွားခြင်းမခံသောသူများသည် ဖြောင့်မတ်သော အရာကို ဝေဖန်ပြောဆိုသည်။ သူတို့သည်အကျင့်ဆိုးမွေးထားခဲ့ သည်ကို သိခဲ့သလား။ သူတို့သည် တခြားထံသို့ အကျင်ဆိုးအာဖြင့် ဆက်ကပ် သည်။ ထိုသူတို့သည် ဖြောင့်မတ်ခြင်းကို ဝေဖန်၍မုန်ပြီး သူတို့ကို မာနထောင်လွှာ ၍ အကျင့်ဆိုးကို မွေးထုတ်သည်။သူတို့သည် ဤကဲ့သို့ အမှန်တရားကို ကြွေး ကြော်ခြင်းသဖြင့် ယေရှုဘုရားကို ယုန်ကြည်ပါစို့။ဖြောင့်မတ်သော ယုန်ကြည် ခြင်းကို ရှိကြပါစို့ လောကအလင်းဖြစ်ကြပါစို့။ အောင်ဟစ်ကြသည်။ တစ်ယောက် တည်းအပြစ် မလုပ်နိုင်သောကြောင့် အချင်းချင်းအားဖြင့် စည်းလုံးကြသည်။

ထိုကြောင့် ဘုရားသခင်က ဆာလံကျမ် ၈၁း၄ ၌ *ကောင်းကင်ဘုံ၌ ထိုင်တော်မူသောသူသည်ပြုံး၍ ထာဝရဘုရားသည် သူတို့ကို ကဲ့ရဲ့တော်မူသည်*။ လောကဘုရားတို့သည် ဘုရားသခင်ကို ဆန့်ကျင်ကြသော ကြောင့် မိန့်တော်မူ၏။ အို. . ရယ်မောစရာကြီးသင်တို့ ဘယ်လောက်ဘဲ ငါ့ကို ကန့်ကွက်ပါ ဘယ်အရာမှ ပြောင်းလဲမှာ မဟုတ်ပေ။ သင်တို့သည် ငါ့ကို လက်ပေးသည်။ ရယ်စရာကောင်း သောကြောင့် ဘုရားသခင်သည်

တရားစီရင်ခြင်းကို စောင့်မျှော်နေပါသည်။

## ဖြောင့်မတ်သောသူကို တရားစီရင်သောသူသည် ဘုရားသခင်၏ တရားစီရင်ခြင်းခံရမည်

ဘုရားသခင်၏ သမ္မာတရားနှင့် ဒုတိယမွေးဖွားခြင်းမခံသော သူများသည် အပြစ်ကျူးလွန်သည်။ ဒုတိယမွေးဖွားခြင်းခံပြီးသော သူများသည်လည်း မနာလိုခြင်းနှင့် မပြည့်စုံခြင်းကို ကတိတော် အသွေးအားဖြင့်ရှိကြပါသည်။ မည်သို့ ပင်ဖြစ်စေထိုအရာနှင့် အမှန်တကယ် မတူပါက ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် သမ္မာတရားကို ဘုရားသခင်အားဖြင့် ရရှိခဲ့သည်။ မည်သူပင်ဖြစ်စေထိုသူတို့သည် ဘုရားသခင်ကို လုံးဝမယုံကြည်ပေ။ ထိုသူများသည် အမှန်တရားနှင့် ဘုရားသ ခင်၏ သမ္မာတရားကို ပုန်ကန်ကြသည်။ *သူတပါးကို စစ်ကြော်စီရင် တတ်သောသူ၊ သင်သည်ကိုယ်အပြစ်ကို မဖုံးနိုင်၍ အကြောင်းမူကား သင်သည် ဆေးကြောစီရင်သော အမှုကိုပင် ကိုယ်တိုင်ပြုသည်ဖြစ်၍ သူတစ်ပါးကို ဆေးကြောစီရင်သည်တွင် ကိုယ်အပြစ်ရှိကြောင်းကို စီရင်ဆုံးဖြတ်ရာ ရောက်၏* (ရောမ ၂း၁)။

တမန်တော်ရှင်ပေါလုသည် ယုဒလူမျိုးများနှင့် ခရစ်ယာန် ဒုတိယမွေးဖွားခြင်းမခံသောသူ ပညတ်တရားကို ဆန့်ကျင်သောသူများထံသို့ ပြောကြပါသည်။ ထိုသူတို့သည် အချင်းချင်းစစ်ကြောစီရင်းလျက်၊ သူအသက်ကို မသတ်ရ၊ တခြားမိန်းမနှင့် အပြစ်မလုပ်ရ၊ မခိုးရ၊ ဘုရားသခင်လုပ်ငန်းကိုသာ ထမ်းဆောင် ပါဟု သူတို့ကိုယ်တိုင် ပညတ်တော်မလိုက်သော်လည်း အချင်းချင်းစစ် ကြောစီ ရင်ကြ၍ ဘုရားသခင်ကိုယ်တော်တိုင်နှင့် လူသားသမီး ဒုတိယမွေးဖွား ခြင်းခံပြီး သောသူများသာလျှင်ဘုရားသခင်၏နှုတ်ကပတ်တော် အားဖြင့်စီရင်လို့ ရပါသည်။

ထိုသူများသည် အမှန်တရားကို စိတ်တင်သည့်အတိုင်း စီရင်သောကြောင့် အပြစ်စီရင်ခြင်းခံရမည်။ ဘုရားသခင်သည် ဒုတိယမွေးဖွားခြင်းခံသေသောသူများ၊ ယုဒလူမျိုးနှင့် တပါးအမျိုးသားများကို

တရားစီရင်မည်ဖြစ်ပါသည်။ ဒုတိယမွေးဖွားခြင်းမခံဘဲ တခြားသူများထံသို့ မယုံကြည်လျှင် ငရဲရောက်မည့် အကြောင်း၊ ယုံကြည်လျှင် ကောင်းကင်ဘုံသို့ တတ်ရောက်မည်ဖြစ်ကြောင်း ပြောဆိုသူအား ဒေါသထွက်ခြင်းဖြင့် အသက်ရှင်သောသူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ခွဲခြားတတ်ရမည်မှာ ဘုရား သခင်ကို မယုံကြည်နိုင်သော သူများနှင့် ဒုတိယ မွေးဖွားခြင်းမခံသေသောသူများ သည် မိမိယူဆချက်အားဖြင့် ယုံကြည်ကြသည်။

သို့သော ဘုရားသခင်သည် ထိုသူများကို တရားစီရင်လိမ့်မည်။ ထိုသူတို့ သည် မိမိကိုယ်ကို မိမိယူဆချက်အားဖြင့် တရားစီရင်သည်ကို မသိကြပေ။ အို . . သင်တို့အပြစ်မှ ခွင့်လွှတ်ခြင်းမပါဘဲ အမှန်တရားကိုစီရင်သူ၊ မှားယွင်း သောယုံကြည်ခြင်းရှိသူ ဘုရားသခင်၏ ကျေးဇူးတော်အမှန်တရားကို လက်ခံမရရှိ သောသူများ တရားစီရင်ခြင်းမှ လွတ်မြောက်နိုင်မည်လို့ ယုံကြည်လော။ ထုသူများ ကို တရားစီရင်လိမ့်မည်။

## ဘုရားသခင်၏တရားစီရင်ခြင်းသည် မှန်ကန်သောတရားစီရင်ခြင်း ဖြစ်သည်

*"ဘုရားသခင်သည် ထိုသို့ပြုသောသူတို့ကို စီးရင်တော်မူခြင်းအရာ သည်သမ္မာတရား နှစ်ညီသည်ကို ငါတို့သိကြ၏" (ရောမ ၂း၂)*။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ တရားစီရင်ခြင်းသည် သမ္မာတရားအားဖြင့် ဖြစ်ကြောင်း ဒုတိယမွေးဖွားခြင်းမခံဘဲ သူများအပြစ်ကို စီရင်စစ်ကြောတတ်သောသူများကို တရားစီရင်မည့်အစား အမှန်တရာသိရှိရပါသည်။ ကျွန်ုပ်တို့ ဘုရားသခင်သည် ထိုသူများကို သမ္မာတရားအားဖြင့် တရားစီရင်ပြီး ငရဲကဲ့သို့ပို့လိုက်တော်မူ၏။ ဘုရားသခင် သမ္မာတရားသည် မှန်ကန်ပြီးသူ၏ တရားစီရင်ခြင်းသည်လည်း ထိကျသောကြောင့် အပြစ်သားများကို ငရဲသို့ ပို့တော်မူ။ ဘုရားသခင်သည် တချို့သော သူကိုချစ်၏။

တချို့သောသူကို အစဉ်အမြဲမှန်၏။ ဤကမ္ဘာမတည်မရှိမှီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ ကောင်းကင်ဘုံနှင့် ဆိုင်သောအရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အားပေးသနားတော်မူသော ငါတို့သခင် ယေရှုခရစ်၏ ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည် (ဧဖက် ၁း၄)။

ဘုရားသခင်က မိမိအပြစ်ကို ယူဆောင်သွားခြင်းယုံကြည်သောသူတိုင်း အပြစ်မှခွင့်လွတ်ခြင်းကို ရရှိစေမည်။ဘုရားသခင်သည် အမွေအားဖြင့် ထိုအရာတို့ကို ပေးတော်မူ၏။ ထို့ကြောင့် ယေရှုခရစ်တော်ကို ယုံကြည်၍ ဒုတိယမွေးဖွားခြင်း မခံသောသူများအားလုံးသည် ငရဲသို့သွားရလိမ့်မည်။ သူတို့သည် ဘုရားသခင်၏ သမ္မာတရား မှန်ကန်သောတရားစီရင်ခြင်းအားဖြင့် ငရဲသို့သွားလိမ့်မည်။

ဘုရားသခင်၏ တရားစီရင်ခြင်းအပြစ်သားများ ငရဲသို့ပို့ခြင်းသည် အမှန် တရားဖြစ်၏ ဘာကြောင့်လဲ။ ထိုသူတို့သည် ဘုရားသခင်၏ ကယ်တင်ခြင်း ကျေးဇူးကို မယုံကြည်ပြီး ဘုရားသခင်၏ ကြီးမြက်သော ချစ်ခြင်းမေတ္တာကို ငြင်း ပယ်သောကြောင့် ဖြစ်ပါသည်။ ဒုတိယမွေးဖွားခြင်းမခံသောသူများ ငရဲထဲသို့ ပို့ဆောင်ခြင်းသည် ဘုရားသခင်၏ သမ္မာတရားဖြစ်သည်။

တချို့လူတွေက ဘုရားသခင်သည်တိုင် အဘယ်ကြောင့် သတင်းကောင်း ကို မဝေငှခဲ့သနည်း။ မဝေငှခဲ့ဘူးလာ။ ဘုရားသခင်သည် သတင်းကောင်းကို အကြိမ်ပေါင်းများစွာ ဝေငှခဲ့ပါပြီ။ ကယ်တင်ခြင်းသို့ ရောက်ရှိလိမ့်မည်။ မိမိမျက်စိ ကို ကျယ်စွာ ဖွင့်ကြည့် ဒီမှာအသင်းတော်များများက သတင်းကောင်းကို ဝေငှပါ သည်။ မည်သို့ပင်ဖြစ်စေ မိမိကိုယ်တိုင် ရှာဖွယ်မှသာလျှင် ရရှိမည်ဖြစ် ပါသည်။ ကျွန်ုပ်သည်စိတ်နှလုံးအကြွင်းမဲ့ရှာမှသာလျှင် ရရှိမည်ဖြစ်ပါသည်။ ကျွန်တော်ဒုတိယမွေးဖွားခြင်းမခံခင် ဒေသနာရှင်တရားဟောပြီးနောက် ဤကဲ့သို့ ဆုတောင်းခဲ့ ပါသည်။ အို. . ဘုရားသခင် ဘုရားသခင်ရှေ့ မှောက်တော်၌ ကျွန်တော်သည် အပြစ်သားဖြစ်ပါ၏။ ကျွန်တော်သည် ဤကဲ့သို့လူများကို တရားဝေငှခဲ့ပါသည်။ ထိုသူများဝေငှခဲ့သော အရာသည် မိမိကိုယ်ကို

ဝေငှခဲ့ပါသည်။ ကျွန်တော်သည် အပြစ်သားဖြစ်ပါသည်။ ကျွန်ုပ်ကို အသုံးပြုပါ။ ကျွန်ုပ်ကို ကယ်တော်မူပါ။

ကျွန်တော် အမှန်တရားကို ရှာဖွယ်တာဘယ်လောက်ကြာပြီလဲဆိုတာ မသိဘူး။ ဘုရားသခင်သည် သူ့ကိုရှာသောသူအား နှစ်သက်တော်မူသည်။ သူကိုမရှာသောသူများကိုလည်း ရွေးနှုတ်ချင်သည် *"ဟောရှေ၏ ကျမ်းစာ၌ လာသည်ကား ငါ၏ လူမဟုတ်သောသူကိုငါ၏ လူဟူ၍ငါခေါ်မည်မချစ်သော် သတို့သမီးတို့သည်လည်း အချစ်ရန်ပါခေါ်မည် (ရောမ ၉း၂၅)။"* ကယ်တင်ရန် လာခဲ့ကြောင်းကို ပြောတော်မူ၏။ ဘုရားသခင်ကို ဖြောင့်မတ်ရိုးသားစွာ ရှာသူတိုင်း တွေ့ခဲ့ကြသည်။ တချို့သောသူသည် ဘုရားသခင်ကို မရှာခဲ့သော လည်း ဒေသနာဝေငှခြင်း၊ ဒေသနာရှင်သူတို့ထံသို့ ရောက်ရှိလာခြင်း ဘုရားသ ခင်ကို တွေ့ခဲ့ကြသည်။ တချို့သောသူသည် စိတ်ဝင်မစားပါ။ ကယ်တင်ခြင်းသ တင်းကောင်းကို ငြင်းပယ်သူတိုင်းသည် ငရဲမှာ အဆုံးသတ်မည်ဖြစ်ပါသည်။

ဘုရားသခင်၏ သမ္မာတရားအရ ငရဲမှာအဆုံးသတ်ခြင်းသည် ထိုက်တန်ပါသည်။ ထိုကဲ့သို့ ဘုရားသခင်ကို ယုံကြည်၍ အပြစ်မှ ကယ်တင်ခြင်း အမှန်တရားသည် လည်းထာဝရ ကောင်းကင်ဘုံသို့ ရောက်ရန်ထိုက်တန်ပါသည်။ အမှန်တကယ် ထိုအရာသည် မိမိပိုင်ဆိုင်ရယူနိုင်သည် မဟုတ်ပေ။ ထိုအရာသည် ဘုရားသခင်၏ တရားစီရင်ခြင်း အမှန်တရားအားဖြင့်ဖြစ်သည်။

ဘုရားသခင်သည် မျက်နှာလိုက်ပြီး တချို့ကို ငရဲသို့လည်းကောင်း၊ တချို့ကို ကောင်းကင်သို့ လည်းကောင်း၊ မပို့ဆောင်ပါ။ သို့သောထိုအစား ဘုရားသခင် သည် အမှန်တရားအားဖြင့် တရားစီရင် လျက်ရှိသည်။ ထိုကြောင့် သတင်းကောင်း ကို ဝေငှရမည်။ *ထိုသို့သော အမှုကို ကိုယ်တိုင်ပြုလျက်ပင်၊ သူတစ် ပါးပြုသည်ကို စစ်ကြော်စီရင်သောသူ၊ သင်သည် ဘုရားသခင် စီရင်တော်မူခြင်းနှင့် လွတ်မည်ဟု ထင်မှတ်သလော။ ဘုရားသခင်၏ ကျေးဇူးတော်သည် သင့်ကို နောင်တလမ်းသို့ သွေးဆောင်သည်ကို မသိမမှတ်ဘဲ ကြွယ်ဝကျေး ဇူးပြုတော်မူခြင်း၊ သည်းခံတော်မူခြင်း၊ စိတ်ရှည်တော်မူခြင်းတို့ကို မထိမဲ့မြင်ပြုသလော (ရောမ*

*၂း၃-၄)*။

## သခင်ယေရှုခရစ်တော်သည် သူ၏ချစ်ခြင်းမေတ္တာအားဖြင့် လောကအပြစ်အားလုံးကို ဆေးကြောခဲ့ သည်

ရှင်ပေါလုသည် ယုဒလူမျိုးနှင့် တပါးအမျိုးသားတို့၏ အပြစ်သားထံသို့ ယေရှုဘုရား၏ ချစ်ခြင်းမေတ္တာနှင့် ဒုတိယမွေးဖွားခြင်းမခံသော သူများသည် တရားစီရင်ခြင်းသို့ ရောက်ကြလိမ့်မည်ဟု ပြောပါသည်။ ထိုသူတို့အဖို့ ငရဲကို စီမံထားပါပြီ။ သတင်းကောင်းဆိုသည်မှာ (ရောမ ၂း၄)၌ *ဘုရားသခင်၏ ကျေးဇူးတော်သည် သင့်ကိုနောင်တလမ်းသို့ သွေးဆောင်သည်ကို မသိမမှတ်ဘဲ၊ ကြွယ်ဝစွာ ကျေးဇူးပြုတော်မူခြင်း၊ သည်းခံတော်ခြင်းစိတ်ရှည်တော်မူခြင်းတို့ကို မဆီမဲ့မြင်ပြုသလော*။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် လူသားတိုင်းအတွက် မှန်ကန်စွာနှင့် ဖြောင့်မတ်စွာ ပေါ်လာခဲ့သည်။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ဘယ်သူကိုမမှုမဖယ်ရှားပေ။ ယေရှုဘုရားသည် လောကအပြစ်အားလုံးကို ဆေးကြောပြီးခဲ့ပြီ။ ယေရှုဘုရားသည် ကျွန်တော်တိုက အပြစ်အားလုံးကို သန့်ရှင်းပြီးပြီ။ ဘုရားသခင်သည် ကျွန်တော် တို့ မူရင်းအပြစ်ကိုသာဆေးကြောပြီး နေ့စဉ်အပြစ်ကို တောင်ပန်ခြင်းအားဖြင့် ခါင့်လွှတ်သလား။ မခွင့်လွှတ်ပါ။ ဘုရားသခင်သည် လောကအပြစ်အားလုံးကို တကြိမ်တည်းထာဝရအတွက် ခွင့်လွှတ်ခဲ့ပြီးပါပြီ။ အမှန်တကယ်ဘုရားသ်ကို ဆန့်ကျင်သောသူများသည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့်ခ ချစ်ခြင်း မေတ္တာကိုလည်း ဆန့်ကျင်သည်။ ယေရှုသည် ကျွန်တော်တို့ကို မည်ကဲ့သို့ ကယ်တင်သနည်း။ မိတ်ဆွေမည်သို့ ဖြေမည်နည်း။ ကျွန်ုပ်မှာ အပြစ်မရှိပါဟူ၍ အပြစ်ဆက်လုပ်ခဲ့ဖြစ်ပါသည်။ ထိုအခါသည် ဘုရားသခင်သည် ကယ်တင်ရှင်ဖြစ် သော်လည်း ကျွန်တော်တို့သည် အပြစ်ပြုဆဲသော မည်ကဲ့သို့ ဆေးကြောပေးနိုင် မည်နည်း။

အချို့က ဘုရားသခင်သည် လောကအပြစ်အားလုံးကို သူ၏ချစ်ခြင်းမေတ္တာတော်အားဖြင့် ဆေးကြေပြီးပြီဟု ထင်ကြသည်။ ဘုရားသခင်သည် လောကသို့ကြွလာခဲ့ပြီး ကျွန်တော်တို့ အပြစ်အားလုံးကို ပြည့်စုံစွာ ဆေးကြောခဲ့ပြီး ပါပြီ။ ဘုရားသခင်သည် မပြည့်စုံသော အရာနှင့် မခိုင်မာသောအရာကို သိလျက်ရှိ ပါသည်။လူဇာတိသည် မကြာခဏအပြစ်ကျူးလွန်လျက်ရှိတတ်သည်။ ထို့ကြောင့် ဘုရားသခင် လောကအပြစ်အားလုံးကို ရေနှစ်ခြင်းအားဖြင့် သော်လည်းကောင်း၊ လက်ဝါးကားတိုင်၌ အသွေးတော်အားဖြင့် သော်လည်း ကြောင်း ထာဝရအတွက် ဆေးကြောပြီးသွားပါပြီ။ ဘုရားသခင်သည် ဇာတိ၏အားနည်းခြင်းနှင့် မခိုင်မာမှုကို သိလျက်ရှိသည်။ "ငါသည်သတင်တို့ အပြစ်မကြာခဏလုပ်မည်ကို သိသော ကြောင့် ကယ်တင်ခဲ့ပြီဖြစ်သည်ဟု ဆိုထားပါသည်။

ဘုရားသခင်သည် လောကအပြစ်အားကို ဆေးကြောခဲ့ပြီးဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့ ရွေးကောက်မည့် အရာကိုလက်ခံခဲ့ပြီးပါပြီ။ အပြစ်ဒုစရိုက်အားလုံးကို သူ၏ဖြောင့်မတ်ခြင်းအားဖြင့် ပေးဆပ်ခဲ့ပြီးပါပြီ။ယေရှုခ ရစ်တော်သည် ယော်ဒန်မြစ်၌ ရှင်ယောဟန်က ရေနှစ်ခြင်းမင်္ဂလာကို ပေးခဲ့သည်။ ဘုရားသခင်သည် လူသားအားလုံးကို အပြစ်ဒုစရိုက်ကို ပေးဆပ်ခဲ့ပြီး သူ့နိုင်ငံ တော်ထဲသို့ ဝင်ရောက်ကောင်းကြီးခံစားရန် ခွင့်ပြုခဲ့သည်။ ဘုရားသခင်သည် အပြစ်သားများကို ဖြောင့်မတ်သောသား သမီးအပြစ်သို့ ပြောင်းခဲ့သည်။

## မယုံကြည်သောသူများသည် နောင်တရ၍ သူတို့၏စိတ်နှလုံးသားသည် ဘုရားသခင်ထံသို့ ပြန်လှည့်ရမည်

*သင်သည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို မထီမဲ့မြင် ပြုခဲ့ပါသလား။ ရှောင်ကြည်ခြင်း၊ စိတ်ရှည်ခြင်းဘုရားသခင်၏ ကောင်းမြတ်ခြင်းသည်*

*သင့်ကို နောင်တရစေပါသည်။* ဘုရားသခင်၏ စကားကို ငြင်းပယ်သောသူ၊ မထင်မဲ့မင်ပြုသောသူ၊ စိတ်မရှည်သောသူ၊ ရှောင်ကြည်သောသူ တို့သည်ငရဲသွား ရမည် ဖြစ်ပါသည်။ ဘုရားသခင်၏ အပြစ်ဆေးကြောခြင်း သတင်းကောင်းသည် နေရာအနှံ့ပျံ့နှံ့လျက် ရှိပါသည်။ ယေရှုဘုရားက ကျွန်တော်တို့ အပြစ်ကြောင်းငရဲ သွားခြင်းမှ ကယ်တင်ခဲ့ပါသည်။ အမှန်တကယ်ကျွန်တော် တို့သည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းနှင့် သူကိုရှောင်ဲကည်ခြင်း။ မထင်မဲ့မြင်ပြုခဲ့ကြပါသည်။ ကျွန်တော် တို့သည် ငရဲသွားရန် ဖြစ်သော်လည်း သူကယ်တင်ခဲ့ပါပြီ။

ထို့ကြောင့် ကျွန်တော်တို့သည် ရေနှစ်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ရန် ယုံကြည်ရပါမည်။ ယုံကြည်၍ ကယ်တင်ခြင်းသို့ ရောက်ပါသည်။ ဘုရားသခင်၏ ကယ်တင်ခြင်းနှင့် ချစ်မေတ္တာသည် မထင်မဲ့မြင်ပြု သူများသည်ငရဲ သွားရမည်ဖြစ်ပါသည်။ ဘုရားသခင်သည် သူ့၏ ကျေးဇူးတော်နှင့် ကောင်းမြတ် ခြင်းကို မထင်မဲ့မြင်ပြုသောသူများအဘို့ ငရဲကို နေရာချပေးထားပါသည်။ မယုံကြည်သူများသည် ငရသွားရန် စံမံခဲ့သူများသည် ဘုရားသခင်ထံပြန်လှည့် ရပါမည်။မိတ်ဆွေသည်လည်းကယ်တင်ခြင်း သတင်းကောင်း၌မှန်ကန် သောယုံ
ကြည်ခြင်းမရှိလျှင်ထာဝရကောင်းကင်နိုင်ငံကိုနှုတ်ဆက်သွားရမည်ဖြစ်ပါသည်။

## လူသားမျိုးဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ငြင်းပယ်သောကြောင့် ငရဲသွားကြသည်

*ထိုသို့ပြုလျှင် စိတ်ခိုင်မာ၍ နောင်တမရသည်နှင့်အညီ ဒေါသနေ့တည်း ဟူသော ဘုရားသခင်၏ တရားတော်ထင်ရှားသောနေ့ရက်၌ ကိုယ်ခံစားရဘို့*

*အမျက်ဒေါသကို ဆည်းဖူးသလော (ရောမ ၂း၅)* နောင်တမရသောစိတ်နှင့် နောင်တမရသောသူများသည် ငရဲသွားမည်ဖြစ်ပါသည်။ တချို့သူသည် ဘုရားရှင်၏ ကြီးမားသော မေတ္တာကို ငြင်းပယ်သောကြောင့် ငရဲသွားကြသည်။ ခေါင်းမာသောသူ မိမိထင်မြင်ချက်အားဖြင့် သက်ရှင်သောသူများသည် မိမိဒုစရိုက်ကို ငရဲသို့ ပေးဆပ်ကြရမည်ဖြစ်ပါသည်။ ဘုရားချစ်ခြင်းမေတ္တာနှင့် သန့်ရှင်း ခြင်းသို့ ဆုတောင်းခြင်းအားဖြင့် ရောက်ရှိခြင်းကို ငြင်းပယ်သောသူများ သည်လည်း ငရဲသွားမည်ဖြစ်ပါသည်။ ဘုရားသခင်၏ ဒေါသနှင့် တရားစီရင်ခြင်း သည် သူ၏ ချစ်ခြင်းဂုဏ်ကို ငြင်းပယ်သူများထံသို့ ကျရောက်မည်ဖြစ်ပါသည်။

ဘုရားသခင်၏ ရွေးကောက်ခြင်း စီမံကိန်း၌ အပြစ်သားများသည် စာတန်မာန၏ ရှေ့မှောက်နေတွင် လဲနေသော်လည်းသူတို့ကို ဖြောင့်မတ်စေပြီး ကယ်တင်ပါသည်။ ဘုရားသခင်သည် သားတော်သခင်ယေရှုကို လောကကယ် တင်ဘို့ရန်နှင့် သန့်ရှင်စေခြင်းငှါ လောကသို့ဆောင်ခဲ့ပါသည်။ ထိုသူတို့ဘုရား သခင်၏ ဒေါသ၌ အသက်ရှင်ပြီး ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို ငြင်းပယ် သောကြောင့်ကို သူတို့သည် ဒေါသနေ့ရက်မှန်ကန်သောတရားစီရင်ခြင်း၌ တရားစီရင်မည်ဖြစ်ပါသည်။ ဘုရားသခင်၏ မှန်ကန်သော တရားစီရင်ခြင်းသည် စိတ်နှလုံးအားဖြင့်အပြစ်ရှိသော သူများကို ငရဲပို့ခြင်းဖြစ်ပါသည်။

မည်သည့်အတွက်ကြောင့်နည်း၊ ဘုရားသခင်သည် လောက အပြစ်အားလုံးကို ဆေးကြောပြီးလူသားအားလုးကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ ရောက်စေသောကြောင့်ဖြစ်ပါသည်။ မယုံကြည်သောသူများသည်သာ ငရဲသို့ သွားမည်ဖြစ်ပါသည်။ ထိုသူတို့သည် ခေါင်းမာ၍ငရဲသွားရန် အမခံပြီးသူတို့၏ မိုက်မဲခြင်းကို အားလုံးနောင်တရစေမည်ဖြစ်ပါသည်။ အပြစ်သားများသည် ဘုရားရှင်၏ ကြီးမားသော မေတ္တာကို လက်မခံလျှင် ငရဲသို့ သွားရမည်ဖြစ် ပါသည်။

အချို့ကဘုရားရှင်သည် တရားစွဲပြီးအချို့ကို ကောင်းကင်ဘုံ အချို့ကို ငရဲသို့ ပို့ပါသည်ဟု ပြောကြပါသည်။ မည်သို့ပင်ဖြစ် ထိုစကားသည်

လုံးဝမမှန်ပါ။ ခေါင်မာ၍ သူ့မေတ္တာတရားကို ငြင်းပယ်သောသူများအတွက်သာ ငရဲကို နေရာလုံလောက်စွာ ချပေးထားခြင်း ဖြစ်ပါသည်။

ငရဲသည် မီးလျှံနှင့် ကန်ဖြင့်ပြည့်စုံသောနေရာဖြစ်သည်ဟု ကျမ်းစာက ဖော်ပြထားပါသည်။ အပြစ်ရှိသူများအတွက် ညစ်ပတ်သောပိုးလောက လမ်းရှိပါသည်။ "မနေချင်ဘူး၊ မနေချင်းဘူး၊ ဒီနေရာကို မုန်သည်ဟု ငိုကြွေးလိမ့် မည်။ သို့သော်ဘုရားသခင်က ငါသည်သင့်အပြစ်ကို ဆေးကြောပေးသော်လည်း သင်သည်အပြစ်ရှိလျှင်လည်း ကစ္စမရှိပါဟု ပြောခဲ့သည်။ ထို့ကြောင့်ငါသည် သင့်အားပိုးလောက်လမ်းကို လက်ဆောင်ပေးသည်။ အချင်းချင်းတွင်လည်း သင်သည် ခွင့်လွတ်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်"မဟုတ်ပါ ယနေ့၊ ဒီနေရာ ကို ကျွန်တော်မုန်းပါသည်ဟူ၍ ညင်းညူရပါလိမ့်မည်။

သင်သည် မုန်းသော်လည်း ထိုနေရာကို ကောင်း၏ငါသည်မှန်ကန်သော ဘုရားသခင်ဖြစ်၏။ သင်လိုချင်တောင့်တသည့်အရာကို ငါပေး၏။ ငါသည်စိတ်နှ လုံးအားဖြင့် အပြစ်ရှိခြင်းသောသူတို့ကို ငရဲသို့ပို့၏ဟု ဆိုလိမ့်မည်။ ထိုအရာသည် ဘုရားသခင်၏ မှန်ကန်သောတရားစီရင်ခြင်းဖြစ်ပါသည်။ လူသားသည် လောက၌ အသက်ရှင်ချိန်တွင် အပြစ်ရှိနေသော်လည်း အပြစ်ကို ဆေးကြောခြင်း ကို ဥပေက္ခာမပြုသင့်ပါ။

လူသားသည် စိတ်မာသောကြောင့် ငရဲသွားရမည်။ ကျွန်တော်တို့သည် ဘုရားရှင် ရှေ့မှောက်၌ ခေါင်းမမာသင့်ပါ။ ဘုရားရှင်လောက အပြစ်အားလုံး ကယ်ချွတ်ပြီးကြောင်းကို ယုံကြရမည်ဖြစ်ပါသည်။ ဘုရားရှင်က သင်သည် ထိုအ ရာကို မမြင်သော်လည်း ယုံကြည်ရမည်ဟု မိန့်မှာထားပါသည်။

## ဘုရားရှင်က ကျွန်တော်တို့အား ချစ်ကြောင်းဟောတော်မူ၏

ဘုရားရှင်သည် ကျွန်တော်တို့အား ချစ်ကြောင်းကို ပြောတော်မူ၏

ငါသည်သင်တို့၏ အပြစ်အားလုံးကို ဆေးကြောခဲ့ပြီးပါပြီ သင်သည် မှန်ကန်သောအရာကို ယုံကြည်ရပါမည် ကျွန်တော်တို့သည် နှုတ်ကပတ်တော်ကို မှန်ကန် သောကြောင့် ယုံကြည်ရမည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ် တော် ယုံကြည်ခြင်းမှ စတင်လာသည်။ လူသားသည် တစ်စုံတခု၏ အကြောင်းကို နားလည်မှု သာယုံကြည်နိုင်မည်ဖြစ်သည်။ နာမလည်လျှင် မယုံကြည်နိုင်ပါ။ ဘုရားသခင်သည် အပြစ်သားများကို အပြစ်မှ ကယ်တင်ခဲ့ပါသည်ဟူသော နှုတ်ကပတ်တော်ကို မယုံကြည်သောသူများသည် ငရဲသွားလိမ့်မည်။ ထိုသူများ သည် မိမိကိုယ်ကို ငရဲသွားရန် ဆုံးဖြတ်သူများဖြစ်ကြသည်။

တနေ့သောအခါ သာမာန် ယုံကြည်သူတစ်ဦးသည် လူထုထံသို့ ကျွန်တော်သည် ဘုရားရှင်ထံတော်ပါး၌ သေသည် မဖြောင့်မတ်နိုင်ကြောင်း ပါသည်ဟု ကြေညာခဲ့သည်။ သူသည်သေပြီးနောက်တကယ်လည်း ငရဲသို့သွား၏။ ထိုသူက ကျွန်တော်သည် အရှင်ဘုရားထံတွင် အပြစ်ရှိကြောင်းဝန်ခံခဲ့ပါသည်။ သူသည်သေသည့်နေ့တိုင်အောင် မိမိအပြစ်သားဖြစ်ကြောင်းကို ငြင်းပယ်ဖမ် ကိုအခါ ဘုရားသခင်က သင်သည် မိမိယုံကြည်ခြင်း၌ သစ္စာရှိပါသည်။ သို့သော် သင်၏ ယုံကြည်ခြင်းသည် ငရဲသွားရန် သင့်လျော်သည်။ ငါသည်သင့်ကိုင ရဲပို့ခြင်းသည် ထာဝရကောင်းကင်နိုင်ငံဝင်ရောက်ရန် မသင့်လျော်သောကြောင့် ဖြစ်ပါသည်ဟု ဆိုပါသည်။

## ကျွန်တော်ယုံကြည်ခဲ့လျှင်

ပုဂ္ဂိုလ်တစ်ဦးက ကျွန်တော်သည်သေသည်အထိ အပြစ်သားဖြစ်သည်ဟု ဆိုသော သူသည်ငရဲသွားခဲ့သည်။ ထိုသူတို့ကို ဘုရားသခင်သည်လည်း မကူညီ နိုင်ပါ။ ထိုသူတို့သည် အပြစ်သားဖြစ်သည်ဟု ကြေညာ၍ မနက်ဖြန်မှာ ငရဲရောက်မည်ကို သိသည်သာမက ထိုသူများကို

ယုံကြည်သောသူများထံသို့ သွား၍ ကျွန်တော်တို့သည် သေသည်အထိ အပြစ်သားဖြစ်သောကြောင့် ဘုရား သခင်၌ မတည်လျှင်လည်း အပြစ်သားဖြစ်ရမည်ဟု သင်ပေးခဲ့သည်။ ထိုကြောင့် များစွာသော ယုံကြည်သူများသည် ထိုကဲ့သို့မှားယွင်းသော ဘာသာတရားကို ယုံကြည်လိုက်လျှောက်ကြ၏။ ဘုရားသခင်သည် ထိုသူများကို ထားရနောင် တရပြီးသာမက၊ မီးလျှံထဲထည့်အခါသွားကိုက်ပြီး ဤကဲ့သို့ ပြောရမည်ဟု ဆိုပါသည်။ ကျွန်တော်ယုံကြည်ခဲ့လျှင်၊ ယုံသာယုံခဲ့လျှင်ဟူ၍ ဆိုမည်ဖြစ်ပါသည်။

ကျွန်တော်သည် ဘုရားသခင်က ကျွန်တော်အပြစ်မှ ခွင့်လွှတ်၍ အပြစ်အားလုံးကို ဆေးကြောပေးခဲ့သည်ဆိုသော သမ္မာတရားကို ယုံကြည်ခဲ့လျှင် ထာဝရကောင်းကင်ဘုံသို့ ရောက်ခဲ့ရမည်ဟု ကျွန်တော်ယုံကြည်ခဲ့လျှင် ယုံကြည်ခဲ့လျှင်သာ။ ထိုကဲ့သို့ ငရဲပြည်၌ မြောက်များစွာသောသူတို့ ပြောဆိုရ မည်။ သူတို့သည် လျှင်လျှင်ယုံကြည်ခဲ့လျှင် သမ္မာတရားကို ယုံကြည်ခဲ့လျှင် သူ့သားဖြစ်ခဲ့ရမည်။ ကျွန်တော်ဘာကြောင့် ခေါင်းမာခဲ့သလဲ။

ထိုအချိန်တွင် ကျွန်တော်တို့ ဖြောင့်မတ်သောသူများသည် ဘုရား သခင်ကို ဤကဲ့သို့ မေးမြန်းရမည်။ ဘုရားသခင် ကျေးဇူးပြု၍ အပြစ်သားများ ဘာလုပ်နေသည်ကို ပြပေးသနားတော်မူပါ။ ထိုသူတို့က ကျွန်တော်တို့ ဖြောင့်မတ် သောသူများကို ညင်းပန်းနှိပ်ဆက်ခဲ့သည်။ မဟုတ်ပါဘူး သူတို့၏ ခံစားချက်ဝေဒ နာကို တွေ့သည်အခါ၌ စိတ်ကောင်းမှ မဟုတ်ပါ။ သား၊ သမီးတို့ သင်ကို ဝေဒနာ ခံစားနေသောသူများကို တကယ်တွေ့မြင်ချင်သလား၊ ဘုရားသခင်သည် စိတ်ထား လေးနက်သောကြောင့် ပြပေးချင်ပါလိမ့်မည်။ ထို့ကြောင့် ဤသို့ လုပ်ဆောင်ကြပါ စို့။ ထိုအချိန်၌ ဤကဲ့သို့သော ငိုကြွေးအော်ဟစ်သံများကို ကြားရလိမ့်မည်။ ယုံကြည်ခဲ့လျှင်၊ ယုံကြည်ခဲ့လျှင်ထိုအခါ ကျွန်တော်တို့သည် အံ့ဩလိမ့်မည် ထိုအ ရာသည် မည်သည့်ဆူညံသံဖြစ်သနည်း။

ထိုသူတို့သည် သီချင်းဆိုနေသလား။ ထိုသူတို့နောင်တရနေသလား သီချင်ဆိုနေသလား သေချာနားထောင်ပါ။ မိန်းမနှင့် ယောကျ်ားတို့သည်

မီးလျှံ ထဲ၌ နောင်တရပြီး ကျွန်တော်ယုံကြည်ခဲ့လျှင်ဟု သီချင်းဆိုနေကြပါသည်။ ခေါင်း မာသော သူများသည် သမ္မာတရားအားဖြင့် ခေါင်းမမာပါက ငရဲသွားရမည်ဖြစ် ပါသည်။ ကျွန်တော်တို့သည် အမှန်တရားကို ခိုင်မာစွာ စွဲကိုင်ထားရမည်။ ဆုံးဖြတ်တက်ရမည်။ ကျွန်တော်တို့သည် အမှန်တရားကို လိုအပ်လျှင်ကြံ့ခိုင်စွာ စွဲကိုင်တက်ရမည်။

## စိုက်သည်အတိုင်း ရိတ်ရလိမ့်မည် (ဝါ) ဘုရားသခင်သည် လူအသီးသီးတို့အား မိမိအကျင့်နှင့် အလျောက်အကျိုးအပြစ်ကို ဆပ်ပေးတော်မူ လတ္တံ့

*ဘုရားသခင်သည် လူအသီးသီးတို့အားကိုအားမိမိအကျင့်နှင့် အလျောက်အမကျိုးအပြစ်တို့ ဆပ်ပေးတော်မူလတ္တံ့။ ကောင်းသော အကျင့်ကို အမြဲကျင့်၍ ဘုန်းအသရေကိုလည်းကောင်၊ မဖောက်ပြန်သောဇာတိကို လည်းကောင်း ရှာသောသူတို့အား ထာဝရအသက်ကိုပေးတော်မူလတ္တံ့ (ရောမ ၂း၆-၇)*ဟု ဆိုထားပါသည်။ ဘုရားသခင်သည် လူအသီးသီးတို့အား မိမိ၏ အကျိုးပြစ်ကိုပေးဆပ်သကဲ့သို့ တရားသဖြင့်လည်း စီရင်တော်မူပါသည်။ အကျိုး အပြစ်ပေးဆပ်ခြင်းဆိုသည်မှာ လုပ်ဆောင်သည်အလျှောက် အကျိုးခံစားခြင်း ဖြစ်သည်။ မည်ကဲ့သို့ သောသူသည် မပျက်စီးနိုင်ခြင်း၊ ဂုဏ်ပြုခြင်းနှင့် ဘုန်းတန်ခိုး ကို ရှာဖွယ်ရာ၌ စိတ်ရှည်ခြင်းကို အသုံးပြုကြသနည်း ထိုသူသည် ခရစ်တော်၏ ပြည့်စုံသော ကယ်တင်ခြင်းကို ယုံကြည်သူဖြစ်သည်။

ဤလောတွင် ပူပေါင်းများစွာ ရှိကြပါသည် သို့သော်ဖြောင့်မတ်ခြင်းနှင့် သမ္မာတရားကို စွဲမြဲယုံကြည်ထားသူများကို ဘုရားသခင်သည် ထာဝရအသက် ပေးတော်မူမည်။ ဖြောင့်မတ်သောသူနှင့် ထာဝရအသက်ကို စာငတ်သောသူများ ကိုသာ ဘုရားသခင်သည် ထာဝရနိုင်ငံတော်၏ ဘုန်းတန်ခိုးကို ပေးတော်မူသည်။ ထိုသူတို့သည် ကောင်းမှုဆက်လက်ပြုကြ၍ ဘုန်းတန်ခိုး၊ ဂုဏ်ပြုခြင်းနှင့် မပျက်စီခြင်းကို ရှာကြသည်။ ဘုရားသခင်သည် သားဖြစ်ချင်ကြသည်။ ဘုရားသ ခင်၏သားဖြစ်ချင်ကြသည်။ဘုရားသခင်၏

ဖြောင့်မတ်ခြင်းသို့ လိုက်လျောက် နိုင်ရန် ထိုသူတို့သည် ကောင်းမှုကို ဆက်လက်ပြုကြသည်။ ဘုရားသခင်သည် ထိုသူတို့အားထာဝရအသက်ကိုပေးတော်မူ၏။ဘုရားသခင်သည် ထာဝရ အသက်ကို ပေး၍သူ၏သားဖြစ်စေ သည်။ ဘုရားသားသမီးများသည် သူ၏နိုင်ငံတော်ဝင်စားကြရမည်။

*ငြင်းဆန်သောသဘောရှိ၍ သမ္မာတရားကိုနားမထောင်ဘဲ မတရားသဖြင့် ကျင့်သောသူတို့ ကိုကားပြင်းစွာသောဒေါသ အမြတ်ထွက်တော်မူလတ္တံ့ (ရောမ ၂း၈)* "ထိုသူကို"ဟုဆိုလိုသည်မှာ ကောင်းကြီးကိုဆန့် ကျင်သောသူကို ဆိုလိုခြင်းဖြစ်သည်။ ဘုရားသခင်၏ ပြင်းစွာသောအမြတ်တော်သည် သမ္မာတရားကို ဆန့်ကျင်ကာ ကျေနပ်ရောင့်ရဲသောသူတို့ထံကျရောက်သည်။ ဘုရားသ ခင်သည် ထိုသူတို့အား ငရဲသို့ပို့လျက်ရှိ၏ ဒုတိယအကြိမ်မွေးဖွားခြင်းမခံသော သူများသည် ထိုသူကဲ့သို့ဖြစ်၏။

ဒုတိယမွေးဖွားခြင်းမခံသောသူများသည် ဂိုဏ်ဂဏဖွဲ့ချင်ကြသည်။ ကိုးရီးယားသမိုင်းတလျှောက်တွင် ကျွန်တော်တို့၏ ဘိုးဘေးများသည် ဂိုဏ်ဂဏ များဖွဲ့ကြကာ နိုင်ငံရေးကိစ္စများတွင် စိတ်ကျေနပ်နေခဲ့ကြသည်။ အုပ်စိုးခြင်းကို ဘုရင်၏ အမိန့်အရဖြစ်ရမည်။ လီမိသားစုတို့ ဘုရင်ဖြစ်သည့်အခါ၌ သူတို့မိသား စုကို အဆင့်အတန်းမြင့်ဆုံးထားပြီး ကျန်တဲ့လူတွေကို နှိဆက်ခဲ့ကြသည်။ သို့သော်ဘုရားတပါးရာထူးတပါး တက်လာလျှင်အလုံစုံပြောင်းလဲခဲ့ကြသည်။ လူတွေသည် ဖြောင့်မက်သောအရာကို မရှိချင်ပဲ မိမိအကျိုးအမြတ်အထွက်သာ လျှင် လုပ်ဆောင်ပြ၏ ဘွဲ့နှင်းဂိုဏ်ဂဏကို ပြုလုပ်ရရှိကြသည်။

မည်သည့်အတွက်ကြောင့်နည်း အဖွဲ့စည်းအားဖြင့် သမ္မာတရားကို နာမခံခြင်းသို့ သူတို့သည် ဘုရားသခင်ကလောကအပြစ်ကို ဆေကြောပြီးခဲ့သော် လည်း အပြစ်ရှိသည်ဟု ပြောကြ၏။ ဖြောင့်မတ်သောသူနှင့် ကယ်တင်ခြင်းရသော သူအဖြစ်သို့ဧကန်ဆောင်ပြီး သမ္မာတရားကို နာမခံကြပါ။ အမှန်တရားကို အပြစ် တင်ပြီး မိမိအပြစ်ရှိခြင်သည် မှန်ကံသောအရာကို မှားယွင်းသော အရာအဖြစ် ကျေနပ်ရောင့်ရဲ သောသူများသည် ငရဲသွားကြမည်ဟု မိန့်တော်မူ၏။

ဘုရားသခင်၏ သမ္မာတရားကို ယုံကြည်သောသူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်ကြ၏။ ကျွန်တော်တို့ ဖြောင့်မတ်သောသူများသည် ဘုရားသခင်၏ တရားစီရင်ခြင်းကို သမ္မာတရားအားဖြင့် ဖြစ်ကြောင်းကို ယုံကြည် ကြ၏။

## ကိလေသာစိတ်ညစ်ညူးရင်း ယုံကြည်ခြင်းသည် ထာဝရဘုရားကို ညစ်ညူးစေသည်

ယနေ့ခရစ်ယာန် ယုံကြည်သူအများသည် ယုဒလူမျိုးများကဲ့သို့ အပြစ်ရှိကြ၏။ ယုဒလူမျိုးများသည် ယေရှုခရစ်တော်၏ အပြစ်ဆေးကြောခြင်းကို မယုံကြည်သောသူနှင့်တူသည်။ *"မဖောက်ပြန်မဖျက်စီးနိုင်သော ဘုရားသခင်၏ ဂုဏ်တော်ကို ပယ်လျက် ဖောက်ပြန်ပျက်စီးတတ်သော တိရစ္ဆာန်၏ ရုပ်တုတို့ကို ဘုရားသခင်၏ အရာ၌ ချီးမြှောက်ကြ၏ ထို့ကြောင့် မိမိတို့ကိုယ်တိုင်ကာယ၏ အသရေကို အချင်းချင်းဂုတ်ချ မည့်အကြောင်း ဘုရားသခင်သည် သူတို့ကို သူတို့၏ ကိလေသာ စိတ်ညစ်ညူးခြင်း လက်သို့ အပ်လိုက်တော်မူ၏" (ရောမ ၂း၂၃-၂၄)* ဟုကျမ်းစာ၌ ဆိုထားပါသည်။ ဘုရားသခင်ကို မှားယွင်းစွာ ယုံကြည်ခြင်းသည် ဘုရားသခင်၏ နာမတော်မြတ်ကို ညစ်ညူးစေခြင်းဖြစ်ပါသည်။

ယေရှုဘုရားကို အမှန်တကယ်ယုံကြည်ပြီး ဒုတိယမွေးဖွားခြင်းမခံလျှင် ဘုရားသခင်၏ နာမတော်မြတ်ကို ညစ်ညူးစေပါသည်။ ယေရှုဘုရားကို ဒုတိယမွေးဖွားခြင်းမခံဘဲ ယုံကြည်ခြင်းသည် ဘုရားသခင်၏ နာမတော်ကိုညစ်ညူးစေခြင်းဖြစ်သည်။ *သင်သည် ပညတ်တရားကိုကျင့်လျှင်၊ အရေဖျားလှီးခြင်းအားဖြင့် အကျိုးရှိ၏ ပညတ်တရားကို လွန်ကျူးလျှင် သင်၏ အရေဖျားလှီးခြင်းသည်။ အရေဖျားလှီးခြင်း မမည်ပါ။ ထိုမှတပါး အရေဖျားလှီးခြင်းကို မခံသောသူ သည်တရား၌ပါသော ပညတ်တို့ကို စောင့်ရှောက်ခြင်းဖြစ်ပါသည်။ ထိုသူ၏ အရေးဖျားလှီးခြင်းအဖြစ်ကဲ့သို့ မှတ်ရသည်မဟုတ်လော။ အရေဖျားလှီးခြင်းကို မခံသောသူသည်လည်း*

*ကိုယ်အလိုအလျှောက်ပညတ်တရားကို ကျင့်လျှင်၊ ကျမ်း စာ၌ အရေဖျားလှီးခြင်းသည် အရေဖျားလှီးခြင်း မမည်ပါ။ အတွင်းအားဖြင့် ယုဒ လူဖြစ်သောလည်း ကျမ်းဟောင်းတရားအားဖြင့် စိတ်နှလုံးနှင့် ဆက်စပ်ဆို၏ ထိုသို့အရေဖျားလှီးခြင်းကို ခံသောသူ၏ အချီးအမွမ်းသည် သူအလိုနှင့်မဆိုင်၊ ဘုရားသခင်၏ အလိုတော်နှင့် ဆိုင်သတည်းဟု (ရောမ ၂း၂၅-၂၉)တွင် ဆိုထား ပါသည်။* ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ် တော်ကို နှလုံးသားအကြွင်း မဲ့ဖြင့် ယုံကြည်လက်ခံရပါမည်။

## အရေဖျားလှီးခြင်းနှင့် ပညတ်တော်တွင် မည်သည့်အရာသည် ပထမဖြစ်သနည်း

အရေဖျားလှီးခြင်းနှင့် ပညတ်တော်တွင် မည်သည့်အရာသည် ပထမဖြစ် သနည်း။ ဘုရားရှင်က မည်သည်အရာကို ဣသရေလလူမျိုးများအား ပထမ ပေးခဲ့သနည်း။ ဘုရားရှင်သည် အာဗြဟံကို အရေဖျားလှီးရန် ပြောခဲ့ပါသည်။ အဗြဟံသည် အသက် ၉၉ နှစ်ရှိချိန်တွင် တရားဝင်သားမရှိခဲ့ပါ။ မည်သို့ပင် ဖြစ်စေဘုရားသခင်သည် အာဗြဟံကို အပြင်ထွက်လာပါ ငါသည်သင့်ကို ကောင်းကင်မှ ကြယ်များနှင့် မြေကြီး၌ သဲများလောက်များပြားသောသားသမီး ပေးမည်ဟု ပြောပါသည်။ အဗြဟံသည် ဘုရားသခင် စကားကို ယုံကြည်ပြီး ၂၅နှစ်တိုင်အောင်စောင့် ခဲ့ပါသည်။ ဘုရားရှင်၏ ကတိတော်သည် ၂၅ နှစ်ကြာမှ ပြည့်စုံလာပါသည်။ ထိုကြောင့် အာဗြဟံသည် အသက် ၁၀၀ ပြည့်မှ သားတစ် ရောက်ရခဲ့၏ သူသည်ဘုရားသခင်၏ကတိကို စိတ်ပျက်အားငယ်ပြီး အမှားလုပ် မိခဲ့သော်လည်း ၂၅တိုင်စောင့်ခဲ့သည်။ ဘုရားရှင်သည်လည်း သူကိုသား ပေးရန်နှင့် ကတိတော်ထားသည့် ခါနန်ပြည်ကို ကောင်းကင်ကဲ့သို့ဝိညာဉ်တော်ပြည့်ဝရန် ကောင်းကြီးပေးမည်ဟု ကတိပြုခဲ့ပါသည်။

ဘုရားသခင်သည် သူ့ကိုကောင်းကင်နိုင်ငံကတိတော်ကို ပြုခဲ့ပြီးနောက် သူ့အိမ်၌ရှိသော ယောကျ်ားအားလုံးကို အရေဖျားလှီးစေခဲ့သည်။

ဘုရားသခင်က အရေဖျားလှီးခြင်းသည် သူတို့နှင့် ဘုရားသခင်အကြား၌ ပဋိညာဉ်ဖြစ်မည်ဟု မှာကြားမိန့်တော်မူခဲ့၏။ သူ့အိမ်၌ရှိသော ယောက်ျားအားလုံးကလည်း အရေ ဖျားကို လှီးခြင်းအားဖြင့် လက်ခံကြ၏။ ထိုသို့အရေဖျားလှီးခြင်းသည် ယနေ့ ကျွန်တော်တို့ သမ္မာတရားကို ယုံကြည်ခြင်းဖြင့်နှင့် တူပါသည်။

## ဣသရေလလူမျိုးများသည် စိတ်နှလုံးအားဖြင့် အရေဖျားလှီးခြင်းကို ငြင်းပယ်ခဲ့ကြ၏

မည်သို့ပင်ဖြစ်စေ ဣသရေလလူမျိုးများသည် အာဗြဟံ၏ အမျိုးအနွယ်၌ အရေဖျားလှီးခြင်းကို ဝါကြွားခြင်းအားဖြင့် ဤကဲ့သို့ဂျူးလူမျိုးများကို အရေဖျားလှီးခဲ့ပြီလားဟု မေးခဲ့၏ ကျွန်တော်တို့သည် စိတ်နှလုံးအားဖြင့် အရေဖျားလှီး ရမည်။ ကျွန်တော်တို့သည် ဘုရားသခင်က လောကအပြစ်ကို ဆေးကြောခဲ့ပြီဆို သည့် နှုတ်ကပတ်တော်ကို စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ခြင်းအားဖြင့် ကယ်တင် ခြင်းသို့ရောက်သည်။

တချို့နိုင်ငံများသည် ဣသရေလလူမျိုးများထက် ကျုံးကျော်ကြသည်။ ထိုသူတို့သည်အိမ်ခြေ ၂၀၀၀ နီးပါးအိုးမဲ့အိမ်မဲ့ရှိသကဲ့သို့ ပူဆွေးသောက ရောက် သည်။ မည်သည့်အတွက်ကြောင့်နည်း မယုံကြည်သော ကြောင့်ဖြစ်ပါသည်။

ဣသရေလလူမျိုးများကို ဘုရားရှင်ကို ချစ်သော်ငြားလည်း သူတို့သည် ဘုရားရှင်တို့မယုံသောကြောင့် ဘုရားသခင်၏ နာမတော်မြတ်ကို ညစ်ညူးစေကြ သည်။ အမှန်တကယ် ဘုရားရှင်သည် ထိုသူတို့ကိုရန်သူလက်မှ လွတ်မြောက် စေပြီး ဣသရေလလူမျိုးများ၏ သိုးထိန်းရှင်ကဲ့သို့ ဖြစ်တော်မူ၏။ ကောင်းကြီးပေး တော်မူ၏၊ သူတို့ကို ဘုန်းတန်ခိုးထင်ရှားစေတော်မူ၏

ဘုရားသခင်သည် လူသားတိုင်းကိုသူတို့နှလုံးသား အကြွင်းမဲ့ဖြင့် အပြစ်ခွင့်လွှတ်ခြင်းကို ရရှိလျှင် သူ့သားသမီးအဖြစ်သို့ ဘုန်းတန်ခိုးတော်ထင် ရှားခဲ့သည်။ လူသားများသည် ဘုရားသခင်၏ ကတိတော်ကို ဣသရေလလူမျိုး

များ ကဲ့သို့ငရဲသို့သွားကြရ လိမ့်မည်ဖြစ်ပါသည်။

ဘုရားသခင်က လူသားသည် အကျင့်အားဖြင့် မပြည့်စုံသော်လည်း သတင်းကောင်း သမ္မာတရားကို လက်ခံလျှင် ကောင်းကြီးပေးမည်ဟု ကတိတော် ပေးခဲ့သည်။ ဘုရားသခင်၏ တရားစီရင်ခြင်းကို ရှောင်လွဲခြင်းသည် ကယ်တင်ခြင်း သတင်းကောင်းကို ယုံကြည်ခြင်းသာဖြစ်ပါသည်။

ငြိမ်းခြောက်မှုကြောင့် အားနည်းရန် ကြောက်လန့်သောအခါ ဘာကိုလုပ်မလဲ။ "ဘုရား ကျွန်တော် ယုံကြည်ပါသည်"ဟု ပြောပြီး ဘုရားသခင်ကို ယုံကြည်ရမည်။ ကျွန်ုပ်တို့သည် မှားယွင်းစွာ ကျေးဇူးတော်ချီးမွမ်းပြီး အဆုံးမှာ စာတန်၏ ထိန်းချုပ်မှုနှင့် နှိမ်နင်းခြင်းကို ခံနိုင်ပါသည်။ ဒီဖြစ်ပျက်ဖြစ်ကြောင့် ကျွန်ုပ်တို့ဥည် "ဘုရားသခင် စောင့်ထိန်းတော်မူပါ"ဟု ဆုတောင်းပြီး ယုံကြည်ကြပါသည်။ ကျွန်တော်ကို သေချာစောင့်ထိန်းတော်မူပါ" ဘုရားကို ယုံကြည်ရသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည်။ ကျွန်ုပ်တို့ကို

စောင့်ထိန်းတော်မူသော ကျွန်ုပ်တို့၏အဖဖြစ်သော ကျွန်ုပ်တို့၏အဖဖြစ်သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်သည် ဘယ်နည်းပဲဖြစ်ဖြစ် ကျွန်ုပ်တို့ မသင့်လျော်သော ဆုတောင်းခြင်းဖြင့် တောင်းသော်လည်း ဂရိုက်စိုက်ပေးပါသည်။ အဘယ်ကြောင့် ဆိုသော ကျွန်ုပ်တို့ကို ကောင်းကောင်းသိသောကြောင့် ဖြစ်ပါသည်။ အရေးကြီးသောအရာသည် ယုံကြည်ခြင်းဖြစ်သည်။ ထိုအရာသည် လွယ်ကူသောအရာဖြစ်ပါသည်။ ဘုရားသခင်ကို ယုံကြည်ခြင်းဖြင့် အသုံးပြုပါ။ ပြီးနောက် ယုံကြည်ခြင်းမှ ယုံကြည်ခြင်းသို့ လမ်းပြလိမ့်မည်။ ကျွန်ုပ်တို့သည် အသက်ရှင်သော ဘုရားသခင်တောင်မှ မယုံကြည်လျှင် အလဟာသဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ယုံကြည်လျှင် ယုံကြည်ခြင်းဖြင့် အသက်ရှင်လာမယ်။

## ဖြောင့်မတ်သောသူတရားစီရင်သောသူသည် ဘုရားသခင်အားဖြင့်တရားစီရင်ခြင်းရခံမည်

ဘုရားသခင်၏ သမ္မာတရားနှင့် ဒုတိယမွေးဖွားခြင်း မခံသောသူတို့သည် အပြစ်များကို ကျူးလွန်ကြသည်။ ဒုတိယ မွေးဖွားခြင်း မခံသောသူတို့သည်လည်း အသွေးအသား၏ မပြည့်စုံခြင်းနှင့် မလိုတမာ စိတ်ဓာတ်ကို ရရှိကြသည်။ သို့သော်လည်း ထိုအရာသည် အခြေခံအားဖြင့် တကယ်ခြားနားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် သမ္မာတရားကို ကြည့်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် ခွင့်လွှတ်ချမ်းသာပေးခြင်းကို ရပြီးပြီ။ သို့သော်လည်း သူတို့သည် ဘုရားသခင်ကို မယုံကြည်ကြပါ။ ဒီလူတွေသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် သမ္မာတရားကို ဆန့်ကျင်သောသူဖြစ်ကြသည်။ "သူတပါးကို စစ်ကြောစီရင် တတ်သောသူ၊ သင်သည် ကိုယ့်အပြစ်ကို မဖုံးနိုင်ရာအကြောင်းမူကား၊ သင်သည်စစ်ကြောစီရင်သော အမှုကိုပင် ကိုယ်တိုင်ပြုသည်ဖြစ်ရန်၊ သူတပါးကို စစ်ကြောစီရင်သည်တွင် ကိုယ်အပြစ်ရှိကြောင်းကို စီရင်ဆုံးဖြတ်ရာရောက်၏" (ရောမ ၂း၁)။

တမန်တော်ရှင်ပေါလုက ယုဒလူမျိုးနှင့် ဒုတိယမွေးဖွားခြင်းမရသောသူများနှင့် ပညတ်တော်ကိုသာ လိုက်ပြုလျှောက်နေသော ခရစ်ယာန်များကို ပြောပါသည်။ သူတို့သည် သူတို့ကိုယ်တိုင် မလိုက်လျှောက်စဉ်တွင် တခြားသူများကို "လူမသတ်ရ၊ သူတပါးမယားကိုမပြစ်မှားရ၊ မခိုးရ၊ ဘုရားသခင်အတွက်ကိုယ်သာ အမှုဆောင်ပါ"ဟု ပြောပြီး တရားစီရင်ကြသည်။ ဘုရားသခင်နှင့် ဒုတိယမွေးဖွားခြင်းကို ခံသောသူ့သားသမီးများကိုယ်သာ ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း တရားသဖြင့် စီရင်နိုင်သည်။ ဒီလူမျိုးသည် ဖြောင့်မတ်သူကို ကျူးကြောင်းဆင်ခြင်စွာ တရားစီရင်သောကြောင့် တရားစီရင်ခြင်းခံဖို့ရန် ဖြစ်သည်။ ဘုရားသခင်သည် ဒုတိယမွေးဖွားခြင်းကို မခံသော ယုဒနှင့် တရားဝင်ခရစ်ယာန်များတေရသော အရာအားလုံးကို တရားစီရင်မည်။ ဘုရားသခင်၏ အမျက်ဒေါသသည် ဒုတိယ မွေးဖွားခြင်းမခံစဉ်တွင် ပညတ်တော်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် ဘာသာရေးနှင့်ဆိုင်သော အသက်တာ လမ်းပြသောသူ၊ ဘုရားသခင်၏ စကားကို နားမထောင်လျှင် ငရဲပြည်သို့ သွားမည်ဆိုတာကို ယုံကြည်သောသူနှင့် ဘုရားသခင်ပြောခဲ့တဲ့အတိုင်း ကျွန်ုပ်တို့လုပ်လျှင် ကောင်းကင်ဘုံသို့ရောက်မည့်ဟု ယုံကြည်သောသူများအပေါ်တွင် ထင်ရှားစေသည်။ လူတစ်ယောက် ယောကျ်ားသို့မဟုတ် မိန်းကလေး ယေရှုခရစ်တော်ကို ယုံကြည်ပြီးနောက် သူ၏ယုံကြည်ခြင်းသည် ဖြောင့်မတ်သောသူ ဖြစ်လာသည်။ ကျွန်ုပ်တို့သည် ခွဲခြားသိမြင်ခြင်းရှိရမည်။ ဘုရာသခင်ကို ယုံကြည်နိုင်သော သူနှင့်ဒုတိယမွေးဖွားခြင်းမရဘဲ ဘာသာရေးကိုင်းရှိုင်းသောအသက်တာ များလမ်းဖြစ်သောသူတို့သည် သူတို့၏ ထင်မြင်ချက်အရ ဖြောင့်မတ်သူကို တရားစီရင်ကြသည်။

သို့သော်လည်း ဘုရားသခင်က သူတို့ကို သေသေချာချာ တရားစီရင်မည်။ သူတို့ရဲ့ထင်မြင် ယူဆချက်အရ တရားစီရင်နေတာကို သူတို့သည် သိကြဘူး။ အို . . . လူသား အပြစ်ခွင့်လွှတ်ခြင်းမရဘဲ၊ မှားယွင်းသော ယုံကြည်ခြင်းနှင့် ဘုရားသခင် သမ္မာတရား၏ ကျေးဇူးတော်ကိုမရဘဲ ဖြောင့်မတ်သူကို တရားစီရင် သောသူတို့

ဘုရားသခင်၏ တရားစီရင်ခြင်းမှ လွတ်နိုင်တယ်လို့ ထင်သလား။ ဒီလူတွေဟာ ဘုရားသခင်အားဖြင့် တရားစီရင်ခြင်းကို ခံရမည်။